The **Commerce** Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .18, NO . 50 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 17, 2018

# မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာရလဒ်ကောင်းများ ဖော်ဆောင်နိုင်ခဲ့သည့် (၁၃)ကြိမ်မြောက် နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ (Joint Border Trade Cooperating and Coordinating Committee) အစည်းအဝေး

စာမျက်နှာ - ၈ ➢




## ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီ(အသစ်)များ လှိုင်လှိုင်ဝင်ရောက်နေ

စာမျက်နှာ - ၇ ➢

## ကုန်သွယ်ဖို့ ဖြိုးတိုးတက်စေရေး နည်းစနစ်သစ် မြစ်ငါးတန်ဖွေးမြှုရေး

စာမျက်နှာ - ၁၂ ➢

SAG
Sanpya Apex Group Co., Ltd
Your partner for pumps and separation system

We serve the industrials of_
Oil & Gas, Mining, Water & Waste Water, Distillery
Food processing, brewery & Beverages, Sugar Mill,

Contact us
Building 'O', room-2, shwe myit zu st, shwe pone nyat avenue
Kamayut township, 11041, yangon, myanmar
Mobile: +959 402 684 876, +959 203 3457
Email: kn.sanpyapex@gmail.com. www.sagmm.com

NETZSCH
140 years in Pump and systems
sera
Pro Dos-Dosing Technology
ANDRITZ
Separation
GRUNDFOS
Optimum solution for water application





သင့်မိသားစုကိုချစ်ရင် COOK ဆီသန့်ကိုသာရွေးချယ်ပါ
COOK
ကွတ်
ပဲပိစပ်ဆီ
နေကြာဆီ
ကနိုလာဆီ
OMEGA 3
Alpha Linolenic Acid
ဗီတာမင်E 20%
COOK
COOK
Sunflower Oil 100%
Omega 3,6,9
Canola Oil
Distributed By;
IMPACT
09-264331011,22,33
No(26),Mya Taung Wun Gyi U Hmo street,
Industrial Zone(1),Hlaing Tharyar.




ဗုဒ္ဓံ
ဓမ္မံ
သံဃံ
SHWE LA NGWE LA CO., LTD.
W W M
ဝင်းဝင်းမြန်မာ
STEEL TRADING
အရည်အသွေးမြင့် ဗီယက်နမ်ပေါက်လိုပိုက်
အလေးချိန် (KG) မှန်သည်။
Japan & USA Standards.
GI HOLLOW / MS HOLLOW
U-CHANNEL
H-BEAM
I-BEAM
C-Purlin
01 565591, 01 8550381, Fax: 01 579081
01 9640119, 01 9640120, 01 655020,
09 73277799, 09 5163784, 09 785163784, 09 965041003
01 618679, 01 618680
067 26230 09 965163784, 09 975036955, 09 975036966
Email: wwmhollows@gmail.com, Website: www.shwelangwela.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Vietnam Expo in Myanmar 2018 သို့ တက်ရောက် ဗီယက်နမ်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်ကျင်းပခဲ့သော Vietnam Expo in Myanmar 2018 သို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တပ်မတော်ခန်းမရှိ အထူးဧည့်သည့်တော်ခန်းမ၌ ဗီယက်နမ်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Do Thang Hai နှင့် တွေ့ဆုံကာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။




အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Kuan Thuy Duong၊ ဗီယက်နမ်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာရှ-ပစိဖိတ်ဈေးကွက်ဌာနမှ ညွှန်ကြားရေးမှူးချုပ် Ms. Le Hoang Oanh၊ ဗီယက်နမ်စီးပွားရေးသံမှူး Ms. Vo Thi Ngoc Diep၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်တို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး (၁၇)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ၂၀၁၈ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား




(၁၇)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ၂၀၁၈ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီက မူဆယ်ဗဟိုစီးပွားရေးဇုန်တွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်အရ နယ်စပ်ကုန်စည်ပြပွဲများကို တစ်လှည့်စီကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်စေသည့်အပြင် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးအတွက် အရေးပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်ရေးအတွက် နိုင်ငံအကြီးအကဲများ၏ One Belt One Road ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်ရေးတို့အတွက် များစွာ အထောက်အပံ့ဖြစ်စေမှာဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်တို့သည် နယ်နိမိတ်ချင်း ကပ်လျက်တည်ရှိသဖြင့် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုသည် နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့်အညီ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုစေ့စပ် ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာ ပညာပေးရေး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေးအတွက် အရည်အသွေး သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများ၊ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အပြန်အလှန် အသိပေးခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကုန်သွယ်ရေးဌာန ကြီးကြပ်စစ်ဆေးရေးမှူး (ညွှန်ကြားရေးမှူးချုပ် အဆင့်ဖြစ်သူ) မစ္စဟွမ်ရှမ်းမှ အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်မှ အမှာစကားပြောကြား ခဲ့သည်။ အဆိုပါကုန်စည်ပြပွဲသို့ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ၊ နှစ်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြပွဲတွင် ပါဝင်ပြသသူများ၊ ဒေသခံပြည်သူလူထု ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် New Star Light Information Centre ၌ ဒုတိယဝန်ကြီး ဦးအောင်ထူးအား တယ်ဟုန်းပြည်သူ့အစိုးရ၊ တက်ဟုန်းခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ ဝေကမ်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆင်ဖြူ မန်းဝိန်း၊ နန်းတော်ဂိတ်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွှန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 18, No.50 Monday December 17 2018

# ရေကြောင်းကုန်သွယ်မှုမှ ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာပထမပတ်ဖြစ်တဲ့ ၁ ရက်မှ ၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၀၄ သန်း တန်ဖိုးရှိ ညှော့မထဆန်တန်ချိန် ၃၂၀၂၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ၁၉၄၅၅ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂၂၈၆တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၀၂၇၆ တန်တင်ပို့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ၃ တန်ကျော်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၆၆၈၂ တန် လျော့ကျခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာလွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၅သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၉၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ၁၂၅တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၅ တန် လျော့ကျခဲ့တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂ ရက်မှ ၈ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၃ သန်းတန်ဖိုးရှိ ညှော့မထဆန်နဲ့ ပေါင်းဆန် ၈၇၉၃ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၇၅၀၊ စင်ကာပူနိုင်ငံသို့ ၁၄၈တန်ကျော်၊မလေးရှားနိုင်ငံသို့ ၃၇၇၂ တန်ကျော်၊ မက်ဒါဂါးစကားနိုင်ငံသို့ တန်ချိန် ၂၄၀ နဲ့တိုဂိုနိုင်ငံသို့ ၁၂၅တန်တင်ပို့ပြီးအီးယူနိုင်ငံများသို့၃၇၅၈တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။



ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၃၈၃ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆၂ သန်း တန်ဖိုးရှိ ဆန်ကွဲ ၄၄၇၅ တန်ကိုတင်ပို့ခဲ့ပြီး နိုင်ငံအလိုက်တင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ၈၇၅ တန်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၂၅၀၊အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ ၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၂၇၇၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၁၉၁ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန် ၄၀၈၁၃ တန်နဲ့ ဆန်ကွဲ ၄၅၆၅ တန်ဖြစ်ကြောင်းသိရပါတယ်။ ရေကြောင်းမှ တစ်ပတ်အတွင်း ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၁၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၀၅ | ၃၀၈ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၈ | △ | ၃၉၅ | ၃၉၀ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၅၈ | ၃၅၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၇၆ | △ | ၃၉၀ | ၃၈၅ | ▽ | - | - | - | ၃၅၃ | ၃၄၅ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၁ | ၃၇၄ | △ | ၃၈၅ | ၃၈၀ | ▽ | - | - | - | ၃၄၈ | ၃၄၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၆၈ | □ | ၃၈၂ | ၃၇၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၀ | ၃၁၄ | ▽ |
| ပေါင်းဆန် | ၄၀၆ | ၄၀၇ | △ | - | - | - | ၃၆၈ | ၃၆၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၄-၁၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော့မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၅၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၄၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၁၀၀၀ | □ | ၉၀၆၀၀ | △ | ၃၇၀၀၀ | △ |
| ပဲခူး | ၅၂၄၀ | □ | ၂၂၀၀၀ | □ | ၁၂၅၀၀ | □ | ၆၆၅၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၀၀၀ | □ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၇၀၀ | □ | ၂၃၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၀၀၀ | △ | ၂၉၅၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၈၀ | □ | ၁၇၀၀၀ | □ | ၁၀၁၂၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၈၃၃၀ | ▽ | ၃၆၀၀၀ | □ | - | - | ၆၆၀၀၀ | △ |
| မြိတ် | ၆၈၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၇၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | | ၂၁၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော့မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ဒီဇင်ဘာဒုတိယပတ်အတွင်း စပါးသစ်များ အရောင်းအဝယ်ပုံမှန်ဖြစ်

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်တွင် လက်ရှိစပါးဟောင်း လက်ကျန်များကုန်သလောက်ဖြစ်နေပြီး စပါးသစ်ဈေးကွက်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

ယခုဒီဇင်ဘာလ ဒုတိယပတ်မိုးညှော့မထစပါးသစ် (၅၀)ပေါင်တင်း(၁၀၀)ကို ကျပ် ၆၀၀၀၀၀-၆၂၀၀၀၀ ဝန်းကျင်၊ဆန်(၁)အိတ်ကို ကျပ် ၂၁၀၀၀-၂၁၅၀၀၊ ရွှေသွယ်စပါး ပေါင်(၅၀) တင်း(၁၀၀)ကို ကျပ် ၇၂၀၀၀၀၊ ဆန်(၁)အိတ်ကို ကျပ် ၂၇၀၀၀-၂၈၀၀၀ နှင့် ပေါ်ဆန်းအဟောင်း ဈေးကိုမီ၍ရောင်းချသည့်ပေါ်ဆန်းစပါး အသစ်ဈေးမှာ ပေါ်စက (၅၂)ပေါင်ခွဲတင်း(၁၀၀)ကို ကျပ် ၁၂ သိန်း၊ ကျပ် ၁၂ သိန်းခွဲဝန်းကျင်ဈေးရှိပြီး ယခုအချိန်တွင် စပါးဈေးအနည်းငယ်ကျဆင်းလျက်ရှိရာ ပေါ်ဆန်းစပါးဈေး (၅၂)ပေါင်ခွဲတင်း(၁၀၀)ကို ကျပ် ၁၀ သိန်းဝန်းကျင်၊ ဆန်တစ် အိတ်ကို ကျပ် ၃၅၀၀၀-၃၇၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## အရောင်းအဝယ်အေးနေတဲ့ ဆန်ဈေးကွက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်အဝင်မများသလို အရောင်း အဝယ်လည်းအေးနေကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်မှာဖြစ်ပေါ်နေတဲ့ဆန်လက်ကားဈေးနှုန်းများမှာ ဆန်ချောအသစ်များဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၈၀၀၀ နဲ့လတ်စတစ်အိတ် ကျပ် ၃၇၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၆၂၀၀၀- ကျပ် ၆၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။

ပေါ်ဆန်းအသစ် (ရှယ်) တစ်အိတ်ကျပ် ၃၄၀၀၀- ကျပ် ၃၆၀၀၀၊ ကျားပျံအသစ်တစ်အိတ် ကျပ် ၃၆၀၀၀-ကျပ် ၃၈၀၀၀ ရှိပြီး ပစ္စည်းအဝင်နည်းတဲ့အတွက် ဈေးအနည်းငယ်တက်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်ဈေးကွက်မှာ ဆန်ချောရောဆန်ကြမ်းပါ ပစ္စည်းအဝင်ပါးပြီး အရောင်းအဝယ်အေးကြောင်း၊ညှော့မထ ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၁၀၀၀- ကျပ် ၂၁၅၀၀၊သီးထပ်(ရှယ်)တစ်အိတ်လျှင် ကျပ် ၂၃၀၀၀- ကျပ် ၂၄၀၀၀ရှိပြီးဈေးငြိမ်နေကြောင်း သိရပါတယ်။

ရက်(၉၀)ဆန်ကတော့ တစ်အိတ်ကို ကျပ် ၂၉၀၀၀- ကျပ် ၃၁၀၀၀ ရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့် ဈေးတက်ကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ကို ပစ္စည်းအဝင်နည်းတဲ့အတွက် ဈေးတက်တာဖြစ်ပြီး ဝယ်လိုအားကတော့ နည်းပါးနေတယ်လို့ ကုန်စည်ဒိုင်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ၁၀-၁၂-၂၀၁၈ မှ ၁၄-၁၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 483 | 18,635,285.984 |
| 2 | Form D | 97 | 3,582,190.665 |
| 3 | Form E | 113 | 4,247,378.390 |
| 4 | Korea GSP | 7 | 237,329.130 |
| 5 | Form AK | 108 | 7,424,117.860 |
| 6 | Form AJ | 10 | 500,967.510 |
| 7 | Form AI | 79 | 3,359,843.570 |
| 8 | Form AANZ | 17 | 167,012.340 |
| 9 | Form DFTP | 2 | 443,419,200 |
| 10 | Form CHINA | | |
| Grand Total | | 916 | 38,597,544.649 |

## ဈေးအနည်းငယ်တက်နေတဲ့ မိုးစပါး

တောင်ငူခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးမှာတရုတ်ကုန်သည်များ ဝယ်ယူခြင်းပိတ်ပင်ပြီးနောက်ပိုင်း စပါးဈေးများမှာ ၄၆ ပေါင်ကိုက်တင်း ၁၀၀ လျှင် ကျပ် ၅၁၀၀၀၀ ခန့်သာ ဈေးနှုန်းရှိနေခဲ့ပြီး ယခုတစ်ပတ်တွင်လည်း ကုန်သည်/စက်ပိုင်များမှ ပိုမို၍ အလုအယက်ဝယ်ယူသိုလှောင်လာခြင်းကြောင့် ၂၀၁၈-၂၀၁၉ မိုးစပါးဈေးနှုန်းများမှာ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀လျှင် ကျပ် ၅၂၀၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း တောင်သူတစ်ဦးထံမှ သိရှိရပါသည်။ နောက်ပိုင်းတွင်လည်း ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်ကြီးများ ပိုမိုဝယ်ယူသိုလှောင်လာနိုင်သဖြင့် ဆက်လက်ပြီး ဈေးနှုန်းတက်လာနိုင်ကြောင်း မေးမြန်းသိရှိရပါသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၄-၁၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၇/၁၂ | ၁၄/၁၂ | ပြောင်းလဲမှု | ၇/၁၂ | ၁၄/၁၂ | ပြောင်းလဲမှု | ၇/၁၂ | ၁၄/၁၂ | ပြောင်းလဲမှု | ၇/၁၂ | ၁၄/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၈၆ | ၁၂၈၀ | ▼ | ၁၂၈၃ | ၁၂၁၇ | ▼ | ၁၂၅၀ | ၁၁၇၅ | ▼ | ၁၃၂၅ | ၁၃၀၀ | ▼ |
| ပဲစင်းငုံ | ၁၃၂၆ | ၁၂၂၅ | ▼ | ၁၂၃၃ | ၁၁၈၃ | ▼ | ၁၁၇၅ | ၁၁၂၅ | ▼ | ၁၂၃၀ | ၁၁၅၀ | ▼ |
| ပဲတီစိမ်း | ၁၆၆၅ | ၁၇၆၅ | ▲ | ၁၈၆၇ | ၁၉၃၀ | ▲ | ၁၆၈၄ | ၁၇၈၉ | ▲ | ၁၆၀၅ | ၁၇၆၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၀၀ | ▼ | ၁၄၂၂ | ၁၃၃၀ | ▼ | ၁၂၈၉ | ၁၃၀၅ | ▲ | ၁၃၇၀ | ၁၃၈၅ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၂၀၀ | ▲ | ၁၄၁၇ | ၁၄၅၀ | ▲ | ၁၃၆၈ | ၁၅၂၆ | ▲ | ၁၁၃၅ | ၁၁၆၀ | ▲ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၄၃၀ | ■ | ၂၉၃၃ | ၂၅၇၈ | ▼ | ၂၁၀၅ | ၂၁၀၅ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁.၁၂.၁၈)ထိ | (၈.၁၂.၁၈)ထိ | (၈.၁၂.၁၈) ထိ |
| မတ်ပဲ | ၅၅၂၄၀၅ | ၁၀၄၉၀ | ၅၆၂၈၉၅ |
| ပဲတီစိမ်း | ၁၁၃၆၈၅ | ၂၈၈၅ | ၁၁၆၅၇၀ |
| ပဲစင်းငုံ | ၁၇၄၉၉၅ | ၅၈၆၅ | ၁၈၀၈၆၀ |
| ကုလားပဲ | ၅၃၈၃၇ | ၅၄၁၄ | ၅၉၂၅၁ |
| ပဲလွန်းဖြူ | ၂၃၂၈၈ | ၁၃၉ | ၂၃၄၂၇ |
| မြေထောက်ပဲ | ၁၀၀၈၇ | ၅ | ၁၀၀၉၂ |

## ပဲလွန်းဖြူပဲများ စတင်ပေါ်ပေါက်နေပြီ

သာယာဝတီခရိုင်အတွင်း ပဲမျိုးစုံဈေးကွက်မှာ လက်လီသမားများနဲ့ အဓိကထားရောင်းဝယ်မှုဖြစ်တဲ့ ပဲလွန်းဖြူသီးနှံများမှာ ဒီဇင်ဘာလပထမပတ်အစမှစတင်၍ ပေါ်ပေါက်လာပြီးဖြစ်ပါသည်။ ပဲလွန်းဖြူသီးနှံရဲ့ဈေးနှုန်းများမှာ ယခင်နှစ်တွင် ပိဿာ(၂၀) တစ်တင်းလျှင် ၂၄၅၀၀ ကျပ်ခန့်ရရှိပြီး ယခုနှစ် ဒီဇင်ဘာလဆန်းတွင် ဈေးကွက်၌ ရရှိခဲ့သောဈေးမှာ ကျပ် ၂၂၀၀၀ ခန့်သာရရှိလို့ ယခင်နှစ်ထက် ကျပ် ၂၅၀၀ခန့်ထိ ဈေးလျော့သွားကြောင်း လေ့လာသိရှိရပါသည်။

**ဝေဝေဖြိုး (သာယာဝတီ)**

## ပြည်ဈေးကွက်တွင် ဆီဈေးမြင့်ပြီး မြေပဲဆန်ဈေး အနည်းငယ်ကျ

ပြည်ဈေးကွက်တွင် ယခင်တစ်ပတ်ကထက် မြေပဲဆန်ဈေး အနည်းငယ်ပြန်ကျလာပေမယ့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်မှုရှိနေပြီး ဝယ်လက်များကလည်း ဝယ်ယူမှုနည်းသွားတဲ့အတွက် ယခုတစ်ပတ်တွင် ဈေးအနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးကျပေမယ့် ဆီဈေးမှာ မြင့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ကျလာသလို မြေပဲလုံးဆန်ဈေးမှာ (ဖြူ)တစ်ပိဿာလျှင် ၂၇၂၅ ကျပ်နှင့် (နီ) တစ်ပိဿာ လျှင် ၂၈၂၅ ကျပ်ဖြင့် ဈေးကျလာသော်လည်း မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ဖြင့် ဈေးမြင့်လာတာ တွေ့ရပါတယ်။


**ဝေဝေမင်း (ပြည်)**

## ပြည်ဈေးကွက်တွင် နှမ်းဈေးအနည်းငယ် ကျပေမယ့် ဆီဈေးမြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဝင်ရောက်မှုမှာ မြို့ပတ်ဝန်းကျင်ကျေးရွာများမှ တစ်အိတ်စ နှစ်အိတ်စ ပွဲရုံများသို့ လာရောက်ရောင်းချတာ တွေ့ရပါတယ်။ ပွဲရုံများ၊ ဆီစက်များမှလည်း ယခင်လှောင်ထားတဲ့ နှမ်းများကို ရောင်းချနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မပြတ်ဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ဝယ်လက်များကလည်း လိုချင်သလောက် ဝယ်ယူလို့ မရသဖြင့် ဈေးကွက်အတွင်း နှမ်းလက်ကျန်ရှားလာလို့ဈေးမှာလည်း ပြန်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၁၆၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၅၃၀၀၀ နှင့် စမုံနှမ်း တစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့်ယခင်တစ်ပတ်ကထက် ဈေးပြန်ကျပေမယ့် နှမ်းဆီဈေးကတော့ တစ်ပိဿာလျှင် ကျပ် ၈၁၀၀ အထိ ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း (ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံနှင့်နှမ်းအရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ (အသစ်) ဒိုင်ဖြတ်ဈေးမှာ တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ၂၀၁၆ ခုနှစ်ထွက် ပဲစင်းငုံနီ (အဟောင်း)မှာ တစ်တင်းလျှင် ကျပ် ၁၂၀၀ ဝန်းကျင်ခန့် ဈေးကျနေပြီး ယခုတစ်ပတ် ပဲစင်းငုံနီ (အဟောင်း) ဈေးမှာ တစ်တင်းလျှင် ကျပ် ၂၃၅၀၀-၂၄၂၀၀-၂၄၅၀၀-၂၅၅၀၀ ဖြင့်အိတ် ၅၀ ခန့်မှ ၁၀၀ ခန့်အထိအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် ကုလားပဲဝါ HL (ပြင်) တစ်တင်းလျှင်ကျပ် ၂၅၀၀၀-၂၅၅၀၀ ဖြင့် အိတ်၅၀ခန့်၊ ကုလားပဲဖြူ V2တစ်တင်းလျှင်ကျပ် ၂၄၀၀၀-၂၄၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၅၀၀၀-၂၅၅၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြား၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၈၀၀၀ ဖြင့် အိတ် ၃၅ မှ ၅၀ ကြား အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ နှမ်း(ဂွ)နက် တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၂၅၀၀ ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

နှမ်းနက် စမုံမှာအရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၆၅၀၀၀ မှ ၇၅၀၀၀ ဖြင့် အိတ် ၁၀၀ မှ၁၀၀၀ကြားထိ ဥပုသ်နေ့မှလွဲ၍နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဉမ္မာဦး**

## ပြည်မတ်ပဲသီးနှံဈေးလည်းအေး အရောင်းအဝယ်လည်းအေးနေခဲ့

ပြည်ပဲဈေးကွက်အတွင်း မတ်ပဲသီးနှံဈေးလျော့သွားခဲ့သလို အရောင်းအဝယ်လည်း အေးသွားခဲ့ပြီး နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ ရန်ကုန်ဝယ်လက်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀/၃၀၀ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ကထက် ဈေးလျော့နေခဲ့လို့ တစ်တင်း ကျပ် ၂၆၀၀၀ ဖြင့် ဈေးအေးသွားကြောင်း သိရပါတယ်။ ယခင်လအတွင်းကတော့ မျိုးပဲများ အဝယ်ရှိခဲ့တာကြောင့် လက်လီ၊လက်ကား အဝယ်သွက်သလို ဈေးလည်းကောင်းခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း (ပြည်)**

## ပြည်ပဲတီစိမ်းသီးနှံ ဝယ်လိုအားများလို့ ရောင်းအားသွက်

ပြည်ပဲဈေးကွက်မှာ ဒီဇင်ဘာလလယ် အရောင်းအဝယ်သွက်နေတဲ့ပဲကတော့ ဆောင်းပဲတီစိမ်းသီးနှံဖြစ်ခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်ဒေသများနှင့် ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းဒေသများမှ နေ့စဉ်ဝင်ရောက်လျက်ရှိတာကြောင့် တစ်ရက်အိတ် ၅၀၀/၆၀၀ ကျော်အထိ ပဲအဝင်များခဲ့သလို ဝယ်လက်အနေဖြင့် မန္တလေးဝယ်လက်အဓိကထားဝယ်ယူတဲ့ ပဲဖြစ်ပေမယ့် ယခုတစ်ပတ်မှာတော့ ရန်ကုန်ဝယ်လက်များပါ ဝယ်ယူလာခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ပဲဈေးကွက်အတွင်း အရောင်းအဝယ်သွက်လျက်ရှိကာ ပဲဈေးမှာ တစ်တင်းကျပ် ၃၄၀၀၀ မှ ကျပ် ၃၅၀၀၀ အထိရရှိပြီး ယခင်တစ်ပတ်လဆန်းရက်က ဈေးထက်ဈေးပိုရနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း (ပြည်)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၇ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၀၅၃၅ တန်ဖိုးရှိငရုတ်သီးခြောက် ၂၅၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၄၂၅ တန်ဖိုးရှိကြက်သွန်နီ ၁၀၀၀ ကီလိုဂရမ် တင်ပို့ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ဒီဇင်ဘာလ ၁၂ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ဒေသထွက်ညှော့မထဆန်အိတ် စုစုပေါင်း ၇၅၄၁ အိတ်၊ တန်ချိန်အားဖြင့် ၁၉၈၅ ဒသမ ၁၄ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၁၇၈၀ အိတ်၊ မန္တလေးမြို့မှ ၁၅၉၅ အိတ် ရွှေဘိုမြို့မှ ၁၈၀၀ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ် စုစုပေါင်း ၅၁၇၅ အိတ် တန်ချိန်အားဖြင့်၃၇တန်တင်သွင်းခဲ့ကြောင်း သိရပါတယ်။

ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်းတင်ပို့မှုမှာ ၄၀၅၂၄ အိတ် တန်ချိန်အားဖြင့် ၁၉၈၅ ဒသမ၁၄ တန်နှင့် နှမ်းတင်ပို့မှုမှာ စုစုပေါင်း အိတ် ၃၀၀၊ တန်ချိန်အားဖြင့် ၁၄ ဒသမ ၇၀ တန် တင်ပို့ထားကြောင်း ပြည်နယ်အထွက် ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ပြည်ကုလားပဲ သီးနှံခွဲစက်သမား ပုံမှန်အဝယ်ရှိ

ဒီဇင်ဘာလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲသီးနှံလက်ကျန်ရှိမှုအပေါ် ပုံမှန်ရောင်းဝယ်မှုဖြစ်ခဲ့ပြီး တစ်ခါတစ်ရံ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်းခွဲစက်သမားအဝယ်ရှိပြီး ပဲတစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်လျော့နည်းသွားခဲ့ပါတယ်။ ယခုနှစ်ကုလားပဲသီးနှံဈေးမှာ သကြ်န်ပြီး ကာလမှစ၍ ဈေးအေးလာပြီး မျိုးပဲဝယ်ယူချိန်မှာ ကျပ်သုံးသောင်းနီးပါးဈေးမြင့်လာခဲ့တာကို တွေ့ရပါတယ်။ ယခုအချိန်မှာတော့ ပဲဈေးပြန်လျော့သွားခဲ့ပေမယ့် မတ်ပဲသီးနှံနှင့် ဈေးနှုန်းအတူတူနီးပါးရရှိနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း (ပြည်)**

## ပြည်ဈေးကွက်သို့ ဆောင်းပဲသစ်များ ဝင်ရောက်လျက်ရှိ

ပြည်ဈေးကွက်သို့ ဆောင်းပဲသစ်များ ဝင်ရောက်လျက်ရှိရာ ဘိုကိတ်ပဲသစ်များလည်း နေ့စဉ်ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ တစ်ရက်အိတ် ၁၀၀/၁၅၀ ကျော်အဝင်ရှိပြီး လက်လီ/လက်ကားနှစ်မျိုးစလုံး အရောင်းအဝယ်ဖြစ်နေခဲ့သလို ဝင်ရောက်လာသမျှအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၁၉၅၀၀ ဖြင့် ပဲဈေးမြင့်တက်လာခဲ့ပြီး ပဲသစ်ပေါ်စအချိန်က ဈေးထက်ဈေးပိုရလာခဲ့ပါတယ်။ ယခုနှစ်အတွင်း ဘိုကိတ်ပဲ သီးနှံမှာ ဈေးအေးနေခဲ့တဲ့ သီးနှံလို့ ဆိုရမှာဖြစ်ပေမယ့် ယခုပဲအထွက်လှိုင်ချိန်မှာ ဈေးနှုန်းပိုရလာလို့ နောက်ပိုင်းတွင်လည်း ဈေးမြင့်လာမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

Vol: 18, No.50 Monday December 17 2018

# မြန်မာ့ရော်ဘာစီးပွားရေးနီးနှောဖလှယ်ပွဲနှင့် ကုန်စည်ပြပွဲကျင်းပ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကြီးမှူး၍ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူအသင်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် 'မြန်မာ့ရော်ဘာစီးပွားရေးနီးနှောဖလှယ်ပွဲနှင့်ကုန်စည်ပြပွဲ'ကို ပြည်တွင်း၊ ပြည်ပရှိ ရော်ဘာကဏ္ဍတွင်ပါဝင်ပတ်သက်နေသူများ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပြီး မြန်မာ့ရော်ဘာကုန်သွယ်ရေးမြှင့်တင်နိုင်မည့် အခွင့်အလမ်းများအား အတူတကွ ဆွေးနွေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မွန်ပြည်နယ် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မီတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ဆွစ်ဇာလန်နိုင်ငံအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (SDC) မှ Mr.Markus Burli၊ Care Myanmar မှCountry Director Ms.Stav Zotalisတို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၏ ရော်ဘာဆောင်ပုဒ်မှာ 'ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့' ဖြစ်ပြီး ထိုမှတစ်ဆင့် မြန်မာ့ရော်ဘာကဏ္ဍအား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောခြင်းတို့ကို ဆောင်ကြဉ်းပေးနိုင်မည့် အနာဂတ်အတွက် မျှော်မှန်းဆောင်ရွက်ချက်များအား သိရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြန်မာ့ရော်ဘာ အခွင့်အလမ်းမြှင့်တင်ရေးစီမံကိန်းသည် မြန်မာနိုင်ငံတောင်ပိုင်းရှိ ရော်ဘာဈေးကွက်စီးပွားအတွက် ပိုမိုပြန်လည်ကောင်းမွန်လာသော အများနှင့်ယှဉ်ပြိုင်ရသော သဘာဝပတ်ဝန်းကျင်ကို အလေးထားသော နိုင်ငံတကာ အသိအမှတ်ပြုသော ရော်ဘာဈေးကွက်တစ်ခုရရှိစေရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကာ မြန်မာနိုင်ငံတောင်ပိုင်းရှိ အသေးစား ရော်ဘာစိုက်တောင်သူများနှင့် အစေးခြစ်လုပ်သား အမျိုးသား၊ အမျိုးသမီးများတို့၏ ဝင်ငွေနှင့်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရော်ဘာဈေးကွက်စီးပွားစနစ်ကို အားကောင်းလာစေရန်၊ အသေးစားရော်ဘာစိုက်တောင်သူများနှင့်အစေးခြစ်လုပ်သား အမျိုးသမီး၊ အမျိုးသားများတို့သည် ပိုမိုကောင်းမွန်သော ရော်ဘာဆိုင်ရာသတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကိုရရှိပြီး ၎င်းတို့၏ ရော်ဘာစီးပွားများတိုးတက်လာစေရန်၊ ရော်ဘာထွက်နှုန်းများနှင့် ရော်ဘာအရည်အသွေးများ သို့မဟုတ် ရော်ဘာပစ္စည်းများအား မြှင့်တင်ထုတ်လုပ်နိုင်စေရန်နှင့် အသေးစားရော်ဘာစိုက်သူများနှင့် အစေးခြစ်လုပ်သားအမျိုးသမီး၊အမျိုးသားများတို့သည် ၎င်းတို့၏ မြေယာကိုစီးပွားဖြစ် အသုံးပြုလာနိုင်ရန်အတွက် မြေယာလုံခြုံမှုနှင့် ဆုံးဖြတ်ချက်ချနိုင်မှု မြှင့်တင်အား ကောင်းမွန်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

စီမံကိန်း၏မိတ်ဖက်အဖွဲ့အစည်းများမှာ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန၊ မြေအသုံးချရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊မွန်ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ Green Way၊ ရန်ကုန်တရားမျှတမှုစင်တာ၊ မော်လမြိုင်ရှေ့နေများအသင်း၊ One Map Myanmar ၊ မြေယာမဏ္ဍိုင်အဖွဲ့၊ AWBA၊ Fuxing Brother၊ IMKG၊ CIRAD၊ ARMO တို့ဖြစ်ပြီး ဆွေးနွေးပွဲသို့ ၃၁၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မြနွယ် MYANTRADE (TIR)**

## ပြည်ဈေးကွက်တွင် လျှောင်နှမ်းများဖြင့် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးများပြန်ကျလာတာတွေ့ရပါတယ်။ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိတော့လို့ နှမ်းရှားလာသော်လည်း ဈေးပြန်ကျလာတာတွေ့ရပါတယ်။ နှမ်းနီမှာ ဈေးကွက်တွင်မရှိတဲ့အတွက် ဆီစက်သမားများက လှောင်နှမ်းကိုဆီကြိတ်ရတဲ့အတွက် နှမ်းဆီဈေးမှာလည်း မြင့်တက်လာတာ တွေ့ရပါတယ်။ လှောင်ထားတဲ့ နှမ်းနက်နှင့်စမုံနက်နမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိလို့ တစ်နေ့လျှင် အိတ် ၁၀၀-၂၀၀ လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၄၀၀၀၊ နှမ်းနက် တစ်တင်းလျှင်ကျပ် ၇၀၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၇၈၀၀-၈၀၀၀ ဖြင့် ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

# ရှမ်းပြည်နယ်ဈေးကွက်များအတွင်းမှ ညွှန်ကြားချက်မလိုက်နာသော သွင်းအားစုပစ္စည်းများအား အရေးယူသွားမည်

ရှမ်းပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းကတော့ လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး သွင်းအားစုအနေနဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့တွေကို တင်သွင်းဖြန့်ဖြူးရောင်းချသူတွေအနေနဲ့ သက်ဆိုင်ရာတည်ဆဲဥပဒေ၊ ညွှန်ကြားချက်တွေကို လိုက်နာခြင်းမရှိဘဲတင်သွင်းဖြန့်ဖြူးခြင်း၊အရည်အသွေးအာမခံချက်မရှိတဲ့ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်း ပြုလုပ်နေတာတွေကို ဈေးကွက်မှာ တွေ့မြင်နေရပါတယ်။

စိုက်ပျိုးရေးတောင်သူတွေအနေနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေကို ဈေးကြီးကြီးပေးပြီး ဝယ်ယူသုံးစွဲနေရသော်လည်း သုံးစွဲပုံအညွှန်းနဲ့လိုက်နာရမယ့်အချက်တွေကိုလည်း သိရှိမှုအားနည်းနေကြသေးတာကိုတွေ့ရပါတယ်။ ဒီလိုအကြောင်းအရာတွေကြောင့် မြေဆီလွှာတွေ တဖြည်းဖြည်းပျက်စီးလာနိုင်ပြီး သီးနှံတွေမှာလည်း ပိုးသတ်ဆေး၊ ဓာတုဓာတ်ကြွင်းအပါဝင်မှုတွေဖြစ်ပေါ်လျက်ရှိပါတယ်။

ဒါကြောင့် တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရန်နဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့စိုက်ပျိုးရေး သွင်းအားစုတွေကို သက်ဆိုင်ရာ ဥပဒေညွှန်ကြားချက်အတိုင်း တင်သွင်းဖြန့်ဖြူးရောင်းချကြဖို့ လိုအပ်ပါတယ်။ ကုမ္ပဏီ/လက်လီ၊လက်ကား အရောင်းဆိုင်တွေကိုတော့ အသိပညာပေးခြင်းနဲ့ပညာပေးကာလလို့ သတ်မှတ်ထားခဲ့ကြတဲ့အချိန်ကာလတစ်ခုကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပြီးခဲ့တာကိုသိရပြီး ယခုအချိန်မှာတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သတ်မှတ်ကာလကျော်လွန်နေပြီဖြစ်လို့ စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

သက်ဆိုင်ရာနယ်စပ်စခန်းတွေက တင်သွင်းနေကြတဲ့ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့တွေကိုသက်ဆိုင်တဲ့ ဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ စိစစ်ကြပ်မတ်သွားဖို့နဲ့ တရားမဝင်တင်သွင်းနေတဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့တွေကို သက်ဆိုင်ရာဌာနပူးပေါင်းအဖွဲ့တွေနဲ့ ထိထိရောက်ရောက်ဖော်ထုတ်အရေးယူသွားဖို့ သက်ဆိုင်ရာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က အသိပေးအကြောင်းကြားထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၃ .၁၂ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - UNI AMPLE | ကုန်သေတ္တာ ၄၃၅တင် ၄၉၅ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | ကုန်သေတ္တာ ၄၈၀တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - IAL-001 | ကုန်သေတ္တာ ၃၉၆တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BANDA | ကုန်သေတ္တာ ၃၉၅တင်၃၈၉ချဆဲ |
| အလုံဆိပ်ကမ်း(၂) | - TAN BINH-79 | ဆန် ၈၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၂) | - THAI BINH_688 | ကုန်သေတ္တာ ၆၃၂ တင် ၃၆၃ ချဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - CHERRY VESTA | ကုန်သေတ္တာ ၅၂၀ တင် ၅၉၄ ချဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - RAINBOW FAIRY | ဆန် ၁၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၆) | - HAI DUONG-36 | Urea(In Bulk) ၈၀၀၀ ကုန်ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း (၃) | - SOUL OF LUCK | ကုန်သေတ္တာ ၅၆၅ တင် ၃၂၉ချဆဲ |
| သီလဝါဆိပ်ကမ်း (၄) | - KOTA HASIL | ကုန်သေတ္တာ ၂၈တင် ၁၀၄ ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - ANARITA | Steel Product ၃၀၅၈၅ ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | MOGAS (92Ron) ၁၀၅၆၇ချဆဲ |
| ELITE JETTY | - MT OCEAN AUTUMN | MOGAS (92Ron) ၁၉၀၇၀ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TUG;MARITIME | REPAIR AND MAIWTENANCE | INDIA | ၁၃.၁၂.၂၀၁၈ |
| PUTRI SMIT BORNEO | FOR SMIT BORNEO | | |
| HILDE | Steel Plate ၁၆၂၅ ကုန်ချရန် | JAPAN | ၁၃.၁၂.၂၀၁၈ |
| ELPIDA GR | Rice 24500 ကုန်တင်ရန် | W/AFRICA | ၁၆.၁၂.၂၀၁၈ |
| LEADER SW | IRON SLAB ၁၀၅၀၀ကုန်ချရန် | JAPAN | ၂၁.၁၂.၂၀၁၈ |
| CHANG SHUN II | Fertilizer &Steel Product ၂၇၂၆ကုန်ချရန် | CHINA | ၂၆.၁၂.၂၀၁၈ |
| ANNEMIEKE | G/C ၁၃၇၂ ကုန်ချရန် | FINLAND | ၂၆.၁၂.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၁၂.၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၅.၁၂.၂၀၁၈ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁၂.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၂.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၆.၁၂.၂၀၁၈ |
| MAERSK WESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၆.၁၂.၂၀၁၈ |
| MCC SHANGHAI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၉.၁၂.၂၀၁၈ |
| SINAR BALI | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၁၂.၂၀၁၈ |
| ISEA CO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၁၂.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၂.၂၀၁၈ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၁၂.၂၀၁၈ |
| AS FIONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၂.၁၂.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၁၂.၂၀၁၈ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၃.၁၂.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၁၂.၂၀၁၈ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.TASCO-1 | BITUMEN | MALAYSIA | ၁၄.၁၂.၂၀၁၈ |
| MT.YU HAI | Diesel Oil | INGAPORE | ၁၄.၁၂.၂၀၁၈ |
| MT.TAK SAORN | P'Oil(In Bulk) | INDONESIA | ၁၄.၁၂.၂၀၁၈ |
| MT.CP 38 | P'Oil(In Bulk) | INDONESIA | ၁၄.၁၂.၂၀၁၈ |
| MT.JESTELLA | ASPHALT | MALAYSIA | ၁၅.၁၂.၂၀၁၈ |
| MT.BABYLON | Diesel | SINGAPORE | ၁၅.၁၂.၂၀၁၈ |
| MT.FLY GURNARD | Diesel | SINGAPORE | ၁၅.၁၂.၂၀၁၈ |
| MT.BLUE LINE -1 | P'Oil(In Bulk) | INDONESIA | ၁၅.၁၂.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၆.၁၂.၂၀၁၈ |
| MT.ARMONIA | P'Oil(In Bulk) | INDONESIA | ၁၆.၁၂.၂၀၁၈ |
| MT.GLORY STAR | Diesel | SINGAPORE | ၂၁.၁၂.၂၀၁၈ |
| MT.BLUE LINE -1 | Diesel | SINGAPORE | ၂၇.၁၂.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၇.၁၂.၂၀၁၈ |

## ရွှေဘိုခရိုင်တွင် နှမ်းနက်သီးနှံ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ပဲပွဲစားများ ကထိန်တော်အသင်း(ကုန်စည်ဒိုင်)တွင် နှမ်းနက်နှင့်နှမ်းဖြူသည် နိုဝင်ဘာတတိယပတ်မှ စတင်ပေါ်ခဲ့ပြီး နှမ်းနက်(၁)တင်းဈေးနှုန်းမှာ ကျပ် ၈၆၆၀၀ မှ ကျပ် ၉၀၀၀၀ ဝန်းကျင်၊ နှမ်းဖြူတစ်တင်းဈေးနှုန်းမှာ ကျပ်၆၀၀၀၀ မှ ကျပ် ၆၁၀၀၀ ဝန်းကျင်ရှိပြီး ယခုဒီဇင်ဘာ ဒုတိယပတ်တွင်နှမ်းနက်(၁)တင်းဈေးနှုန်းမှာ ကျပ် ၇၂၃၀၀ မှ ကျပ် ၇၅၃၀၀ ဖြင့် နေ့စဉ်ပျမ်းမျှအိတ် ၃၀၀၀ ဝန်းကျင်ခန့်အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ပထမပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနေဖြင့် အနည်းငယ်လျော့သွားပြီး အရောင်းအဝယ်ဖြစ်မှုမှာ မြင့်တက်လာကြောင်း သိရပါတယ်။ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၅၂၇၀၀ မှ ကျပ် ၅၄၀၀၀ ဖြင့် နေ့စဉ် ပျမ်းမျှအိတ် ၅၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပဲပွဲစားများ ကထိန်တော်အသင်း(ကုန်စည်ဒိုင်)ကုန်သည်များထံမှ သိရပါတယ်။

**နီနီမြင့်(ရွှေဘို)**

## ကြက်သွန်

# အညာကြက်သွန်နီဈေးအနည်းငယ်ပြန်တက်

ရေနံချောင်းမြို့နယ် ကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီဈေး ပြန်တက်နေကြောင်း၊ အသစ်ပေါ်ချိန် နီးလာသော်လည်း နယ်ဝယ်လိုအားရှိသဖြင့် ဈေးမြင့်နေကြောင်းသိရသည်။ " ယခုတစ်ပတ်မှာ ကြက်သွန်နီလက်လီအဝယ်ရှိတယ်၊ရန်ကုန်ဈေးကွက်အဝယ်ရှိပြီး နယ်ကလည်း အဝယ်ရှိတယ်။ ယခုတစ်ပတ် လက်လီဈေးမှာ ကြက်သွန်အကြီး တစ်ပိဿာကျပ် ၁၅၀၀၊ ကြက်သွန်အလတ် တစ်ပိဿာ ကျပ် ၁၃၅၀၊ အသေးအခွံချွတ် ကြက်သွန်ကတော့ ကျပ် ၇၀၀ ဈေးရောင်းရတယ်။ ယခင်တစ်ပတ်က ကြက်သွန်ဥကြီး တစ်ပိဿာကျပ် ၁၂၅၀၊ ဥလတ်တစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ အခွံချွတ်ကြက်သွန် ၅၀၀ ဖြစ်ခဲ့တာပါ"ဟုလက်လီရောင်းသူတစ်ဦးက ပြောသည်။ "ကျွန်တော်တို့ ကြက်သွန်အဟောင်းပဲ ရောင်းနေရပါတယ်။ ကုန်ချိန်က တစ်ပတ်ကိုပိဿာ ၁၀၀ နီးပါးဝင်တာ။ ကျေးရွာထိ လိုက်စုရတယ်။ အသစ်ကလည်း လုံးဝ မဝင်ဘူး" ဟုပွဲစားကိုစိုးလွင်က ပြောသည်။ ကြက်သွန်နီဈေးကျဆင်းရာက ပြန်တက်လာခြင်းဖြစ်ပြီး လက်ကျန်ကြက်သွန်နီတွေ ဈေးကောင်းရနေကြောင်း၊ အခွံချွတ်များပင် တစ်ပိဿာကျပ် ၇၀၀ကနေ ဥကြီးပါ ကျပ် ၉၀၀ ပေးနေရကြောင်းသိရပါသည်။

**ရွှေစင်(ရေနံချောင်း)**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ(အသစ်)များ စတင်ဝင်ရောက်လျက်ရှိ

ယခုတစ်ပတ်မှစ၍ ပြည်ကြက်သွန်နီ ဈေးကွက်အတွင်းသို့ ပခုက္ကူ ရေနံချောင်း၊ ကျောက်ပန်းတောင်းဘက်မှ ကြက်သွန်နီ(အသစ်)များ ပိဿာ (၃၀) ဝင်အိတ် ၂၀၀ တစ်ပတ်လည်ခန့် နေ့စဉ်ဝင်ရောက်မှုရှိသလို ကြက်သွန်နီ (အဟောင်း) များလည်း အိတ် ၄၀၀ တစ်ပတ်လည်ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။

အရောင်းအဝယ်အားဖြင့် ပွဲရုံဈေးကွက်အတွင်း ကြက်သွန်နီ(အသစ်)များကို အချို့သော တစ်ဆင့်ပြန်လည်ရောင်းဝယ်သူများမှသာ ဝယ်ယူကြပြီး အမှန်တကယ်စားသုံးသူများ၊အစားအသောက်ချက်ပြုတ်ရောင်းချသူများအနေဖြင့် ကြက်သွန်နီ (အသစ်) များမှာ အစိုဓာတ်များနေသည့်အတွက် အကြိုက် မတွေ့ဘဲ ကြက်သွန်နီ(အဟောင်း)များကိုသာ ပိုမိုဝယ်ယူမှုရှိနေကြောင်း သိရပါတယ်။ ဈေးနှုန်းများအနေနဲ့ ကြက်သွန်နီ(အသစ်)ဈေးမှာ မူရင်းထွက်ရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှာပင် ဈေးကောင်းရနေသည့်အတွက် ပြည်ပွဲရုံဈေးကွက် အတွင်း၌လည်း ကြက်သွန်နီ (အဟောင်း) ဈေးထက် ကျပ် ၁၀၀ မှ ၁၅၀ ထိ ဈေးပိုရနေပြီး အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းများ သတ်မှတ်ရောင်းချလျက်ရှိကာ (အဟောင်း) တစ်ပိဿာလျှင် ကျပ် ၆၀၀-၇၀၀-၇၅၀-၈၀၀ ရှိပြီး (အသစ်) တစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀-၉၀၀-၉၅၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

လက်လီဈေး အသေးများတွင် ကြက်သွန်နီ (အသစ်) များကို အချို့သော ရောင်းချသူများမှ ရောင်းချနေပေမယ့် အရောင်းအဝယ်မဖြစ်ဘဲ ကြက်သွန်နီ(အဟောင်း)များကိုသာ တစ်ပိဿာလျှင် (ကြီး) ကျပ် ၁၄၀၀၊ (လတ်) ကျပ် ၁၂၀၀-၁၃၀၀၊ (သေး) ကျပ် ၁၀၀၀-၁၁၀၀၊ (အခွံချွတ်) ကျပ် ၁၁၀၀-၁၂၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် လက်လီဈေးတစ်ပိဿာကို ကြီး/လတ် ဈေးနှုန်းများ ကျပ် ၁၅၀-၂၀၀ ခန့် ကျဆင်းသွားကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပခုက္ကူခရိုင်အတွင်းသို့မိုးစိုက်(ဥစိုက်) ကြက်သွန်နီ(အသစ်)များ လှိုင်လှိုင်ဝင်ရောက်နေ



ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ ကုန်ဝယ်ဒိုင်သို့ လှိုင်လှိုင် ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်သည့် ပေါက်၊ ကမ္မရေပြာနှင့် ပခုက္ကူကျွန်းများမှ ကြက်သွန်နီကုန်ဝယ်ဒိုင်သို့ နေ့စဉ်ကုန်ချိန် တစ်သိန်းကျော်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကြက်သွန်နီ(အဟောင်း)မှာ လက်ကျန်လည်းနည်းနေပြီးဈေးလည်း အနည်းငယ်ကျနေကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီ (အဟောင်း) လက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၆၅၀-၇၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၅၅၀- ကျပ် ၆၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၄၀၀ဖြင့် နေ့စဉ်ကုန်ချိန် ၁၀၀၀၀မှ ၂၅၀၀၀ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မိုးစိုက်(ဥစိုက်)၏ ကြက်သွန်နီ(အသစ်)လက်ကားဈေးမှာ ထိပ်စတစ်တင်းလျှင် ၆၉၀-၇၃၀-၈၀၀ ကျပ်၊လတ်စ တစ်ပိဿာလျှင် ၄၅၀-၅၀၀-၆၀၀ ကျပ်၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၂၅၀-၃၀၀- ၄၀၀ဖြင့် ကုန်ချိန် ၁၃၀၀၀ မှ၁၆၀၀၀ကြားအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီ(အဟောင်း)ဈေးမှာ ထိပ်စတစ်ပိဿာလျှင် ၇၀၀-၇၅၀- ၇၇၅- ၈၀၀ကျပ် အလတ်စ တစ်ပိဿာလျှင် ၅၀၀-၆၅၀-၆၈၅၊ အနိမ့်စ တစ်ပိဿာလျှင် ၄၇၅-၅၂၅-၅၈၅ ကျပ်ဖြင့် ကုန်ချိန် ၉၀၀၀ မှ ၃၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ငှက်ပျော

# ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

ဒီဇင်ဘာ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၇၅၉၇၈ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန်ချိန် ၇၈၀၀ ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၃၂၃၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၉၂ တန်ကိုလည်းကောင်း၊ တရုတ်နိုင်ငံသို့ အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ပိုက်တီမှ တန်ချိန် ၃၀၀၀ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ကန်ပိုက်တီမှ တစ်သျှူးငှက်ပျောတန် ၄၈၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပြီး လွယ်ဂျယ်မှ ယခင်တစ်ပတ်က ၆၉၆တန် တင်ပို့ခဲ့သဖြင့် ယခုတစ်ပတ် ၅၀၄ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

တရုတ်နိုင်ငံမှ တစ်သျှူးငှက်ပျောမျိုး၊ သွင်းအားစုတွေယူလာပြီး ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်နဲ့ ဗန်းမော်ခရိုင်တို့မှာ စိုက်ပျိုးကြပြီး လာရောက်စိုက်ပျိုးတဲ့တစ်သျှူးငှက်ပျောများကို ပြည်တွင်းဈေးကွက်မှာ ရောင်းချခြင်းမရှိဘဲ တရုတ်နိုင်ငံသို့သာ ပြန်လည်သယ်ယူရောင်းချခြင်းဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ပြည်တွင်း၊ပြည်ပအဝယ်လိုက်နေတဲ့ ရှမ်းချင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ အဓိကသီးနှံဖြစ်တဲ့ချင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ မြို့နယ်အနှံ့မှာစိုက်ပျိုးကြပါတယ်။ အများစုံးစိုက်ပျိုးကျတဲ့မြို့နယ်တွေကတော့ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တောင်ကြီးမြို့နယ်မှာ အများဆုံးစိုက်ပျိုးကြပါတယ်။ ချင်းသီးနှံရဲ့ဈေးကွက်ကတော့ ၂၀၁၅ခုနှစ်ကစပြီး ပျက်ခဲ့တယ်လို့သိရပါတယ်။ ၂၀၁၆ခုနှစ်မှာအဆိုးဆုံးဖြစ်ပြီး ၂၀၁၇မှာတော့ ကောင်းလိုက်၊ ပျက်လိုက်နဲ့သာဖြစ်ခဲ့တယ်လို့သိရပါတယ်။ ၂၀၁၈ခုနှစ်တွေက ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ် ပြန်သွက်လာပါတယ်။ ဈေးကလည်း ယခင်နှစ်ထက်ပိုပြီး ကောင်းလာပါတယ်။ (၃)နှစ်အတွင်းမှာ ဈေးအမြင့်ဆုံးရခဲ့တယ်လို့လည်း သိရပါတယ်။ ဒီနှစ်မှာချင်း(ဥမ)က ချင်းတက်ထက်ပိုပြီးဈေးကောင်းပါတယ်။ ဝယ်လက်တွေက ချင်း(တက်)ထက် ချင်း(ဥမ)ကို ပိုပြီးကြိုက်ပေမယ့် လှော်လက်တွေကတော့ အထားမခံတဲ့ချင်း(ဥမ)ထက်နှစ်ပေါက်အောင်အထားခံတဲ့ချင်းတက်တွေကိုပိုပြီး သဘောကျတယ်လို့ဈေးကွက်က သိရပါတယ်။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းအဝင်နည်းနေပါတယ်။ပြည်ပဝယ်လက်ရော ပြည်တွင်းဝယ်လက်တွေပါ အဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းချင်း(စို) ပိဿာချိန်ပေါင်း (၅ဒသမ၅)သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ချင်း(စို)ကတော့ တစ်ပိဿာကို ကျပ် ၇၀၀ မှ ကျပ် ၈၀၀ ဈေးရှိပါ တယ်၊ ချင်းခြောက်ကလည်း ပုံမှန်အရောင်းအဝယ်ရှိနေပြီး တစ်ပတ်အတွင်း ပိဿာချိန်ပေါင်း(၁ဒသမ၈)သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းကတော့ကျပ် ၉၀၀ မှ ၁၀၀၀ ဈေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## ပျားရည်

# တရုတ်နိုင်ငံသို့ ပျားရည်တင်ပို့

ဒီဇင်ဘာ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၁၅၀၀ တန်ဖိုးရှိ ပျားရည် ၄၅တန် တင်ပို့ခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ မြန်မာ့ပျားရည်တန်ချိန်သုံးထောင်ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများဆုံး မွေးမြူကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မှ ပျားရည်ထွက်ရှိမှု အများဆုံးဖြစ်ကြောင်း၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ကနေဒါ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများသို့ ပုံမှန်လမ်းကြောင်းမှ တင်ပို့နေသလို ထိုင်းနဲ့တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ကြကြောင်း ပျားမွေးမြူရေးဦးစီးဌာနမှ သိရပါတယ်။

**မော်မော်အောင်**

## နှမ်း

# ရေလမ်းမှ နှမ်းတန်ချိန် ၂၆၀ကျော်တင်ပို့

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း နှမ်း ၂၆၇ ဒသမ ၉ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၁၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၂၃ ဒသမ ၆၅ တန်၊ ကိုရီးယားနိုင်ငံသို့ ၃ တန်၊ သီရိလင်္ကာနိုင်ငံသို့ ၁၀ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၆ ဒသမ ၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နှမ်း(ရှမ်းစ)က တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၈၀-၆၀၀ ဝန်းကျင်ရရှိခဲ့ပြီး နှမ်းခြောက်က တစ်တန်ကိုအမေရိကန်ဒေါ်လာ ၅၀၀ -၅၂၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၄၉၈၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းပြန်လည်တင်ပို့

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိသီတင်းပတ်အတွင်း မန်ကျည်း၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူ နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကအပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဒီတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**




# မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာရလဒ်ကောင်းများ ဖော်ဆောင်နိုင်ခဲ့သည့် (၁၃)ကြိမ်မြောက် နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ (Joint Border Trade Cooperating and Coordinating Committee) အစည်းအဝေး

သန်းသန်းနိုင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုပိုမိုရရှိစေရန် ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာအိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ထုတ်လုပ်နိုင်စွမ်းရှိသည့် ကုန်စည်များကို နိုင်ငံတကာ ဈေးကွက်သို့ထိုးဖောက်၍ ဈေးကွက်ဝေစုပိုမိုရရှိနိုင်ရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍအားပေးမြှင့်တင်နိုင်ရေး၊ မိမိနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ နိုင်ငံတော်၏ အခွန်အခများ ပိုမိုတိုးတက်ရရှိစေရေး စသည့် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေးပူးတွဲကော်မရှင်/ကော်မတီ (Joint Trade Commission/Committee) အစည်းအဝေးများ၊ နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ (Joint Border Trade Committee) အစည်းအဝေးများနှင့် နယ်စပ်ကုန်သွယ်မှုပူးပေါင်း ညှိနှိုင်းမှုကော်မတီ (Joint Border Trade Cooperating and Coordinating Committee) အစည်းအဝေးများ ကျင်းပပြုလုပ်လျက်ရှိပါတယ်။

ထိုသို့ဖွဲ့စည်းဆောင်ရွက်ရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ၁၉၉၇ ခုနှစ် မတ်လ ၂၅ ရက်တွင် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်အရ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်း ၍ နှစ်စဉ်နှစ်နိုင်ငံ အလှည့်ကျ အစည်းအဝေးများအား ကျင်းပပြုလုပ်ခဲ့ရာ (၁၂)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် တရုတ်နိုင်ငံ၊ ရွှေလီမြို့၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ယခုအခါ ဒီဇင်ဘာ ၁၂ ရက်တွင် (၁၃)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကို မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် မူဆယ်မြို့ရှိမူဆယ်ဗဟိုစီးပွားရေးဇုန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်း ဦးဆောင်သည့် သက်ဆိုင်သည့်ဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ဝင် ၃၉ ဦးနှင့် တရုတ်နိုင်ငံဘက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကုန်သွယ်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် မစ္စဟွမ်ရှမ်း ဦးဆောင်သည့် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ် ၄၃ ဦးတို့ တက်ရောက်ခဲ့ကြပါတယ်။




အဆိုပါ အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင် ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို စုစုပေါင်းကဏ္ဍကြီး ၁၇ ခုအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်နိုင်ငံ သက်ဆိုင်ရာ ဌာနများအကြား ကဏ္ဍအလိုက် အသေးစိတ်ချိတ်ဆက်ဆောင်ရွက်နိုင်ရေး Contact Person များကိုလည်း နှစ်ဖက်ရွေးချယ်သတ်မှတ်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ယခုလို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုများ စည်းစနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်တာကို တွေ့ရှိရပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံအကြား တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေး၊ ကုန်သွယ်မှုတိုးတက်စေရေးနှင့် ကျွဲ၊ နွားတင်ပို့မှုနှင့် တိရစ္ဆာန်ရောဂါကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို MOU ရေးထိုးသွားနိုင်ရေးအတွက် နှစ်နိုင်ငံသက်ဆိုင်ရာဌာနများအကြား တွေ့ဆုံဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကုန်စည်ပို့ဆောင်မှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ဥပဒေနှင့်အညီဝင်ထွက်သွားလာနိုင်ရေးတို့အတွက် CBTA ကိစ္စရပ်များအား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်နယ်စပ်များတွင် နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များကို နှစ်နိုင်ငံအချိတ်အဆက်မိမိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ လူဝင်/လူထွက်ဆိုင်ရာ ကိစ္စရပ်များကို ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံအကောက်ခွန်ဌာနများမှ တာဝန်ရှိသူများအချင်းချင်း လစဉ်တွေ့ဆုံဆွေးနွေးရန်ကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

(၁၃)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးတို့ကို ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ဦးနှစ်ဖက် နွေးထွေးနက်ရှိုင်းစွာ၊ နားလည်မှုရှိစွာ စိတ်ကောင်းစေတနာများဖြင့်ဆွေးနွေးညှိနှိုင်းပေးခဲ့ခြင်းကြောင့် ကောင်းမွန်တဲ့ရလဒ်ကောင်းများကို အောင်မြင်စွာဖော်ထုတ်ရရှိခဲ့ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ဖက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ ယခုကဲ့သို့ အစည်းအဝေးများဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများအား အောင်မြင်စွာ ဆွေးနွေးနိုင်ခြင်းဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသများမှာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒေသနေပြည်သူများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာခြင်း၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူမှုရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာခြင်း စတဲ့ အသီးအပွင့်များကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကျင်းပပြုလုပ်ခဲ့တဲ့(၁၃)ကြိမ်မြောက်မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေးဟာ မိမိတို့နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည့်အပြင် မိမိတို့နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော အစည်းအဝေးတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## ဒီတစ်ပတ် ခာတ်ဆီ၊ ဒီဇယ်တန်ချိန် ၆၀၀၀၀နီးပါးဝင်

ဒီဇင်ဘာ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၁၉၄၅၆၀ တန်ဖိုးရှိ ဒီဇယ် ၂၁၉၃၃ ဒသမ ၅၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၈၄၃၇၄၀၀ တန်ဖိုးရှိ ခာတ်ဆီ ၃၇၆၅၃ ဒသမ ၄၇ တန်၊ စုစုပေါင်း ၅၉၅၈၇ ဒသမ၀၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၉၈၇၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၆၇၈၀ကျော် တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ခာတ်ဆီတန်ချိန် ၇၀၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၂၆၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ခာတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၄၉၆ တန်ဖိုးရှိ ဒီဇယ် ၆၉၅ ဒသမ ၀၈ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၇၈၂၅၀ တန်ဖိုးရှိ ဒီဇယ် ၂၀၄၆ ဒသမ ၃၈ တန် ကိုတင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၀၁၇၂၈ တန်ဖိုးရှိ ဒီဇယ် ၁၀၉၂ ဒသမ ၃၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၅၇၀၃ တန်ဖိုးရှိ ခာတ်ဆီ ၁၂၂ ဒသမ ၃၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၁၁၂၀၂၂ တန်ဖိုးရှိ ဒီဇယ် ၁၂၈၈၇ ဒသမ ၀၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၇၅၇၈၆၀ တန်ဖိုးရှိ ခာတ်ဆီ ၃၈၃၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## မူဆယ်သို့ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ၉၀၆ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် ၁၃မျိုးကို တန်ချိန်အားဖြင့် တန် ၈၉၀တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၉၅ တန်နဲ့ နှိုင်းယှဉ်ပါက ၉၅ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ နေလဲစေ့၊ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ဆီးဆန်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊နနွင်းတက်၊ ကွမ်းသီးခွံ၊ ပျားရည်၊ တောင်ထန်းနဲ့ ချဉ်ပေါင် ဖာလာ အခွံပါ/မပါ တို့ဖြစ်ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၇သန်း တန်ဖိုးရှိ ၀ဥ အစို တန် ၄၀၀ နဲ့ ၀ဥခြောက် ၃၃ တန်နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၉၅၄၆ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၀၁ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ လက်ဖက်ခြောက် တင်ပို့မှုမရှိခဲ့ပါဘူး။ အလားတူ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၆၁၄ တန်ဖိုးရှိ လက်ဖက်ခြောက် ၂၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၂၄ တန် တင်ပို့ခဲ့လို့ မူဆယ်မှ လက်ဖက်ခြောက်ပုံမှန်ရှိနေတာ တွေ့ရပါတယ်။

မြန်မာလက်ဖက်ခြောက် Green Ten ကို ထိုင်း၊ တရုတ်၊ ဂျပန်ပွဲတော်များသို့ သွားရောက်ပြသခဲ့ရာ အားပေးမှုများရရှိခဲ့ကြောင်း၊ မြန်မာလက်ဖက်စိုက်ခင်းများ အနေဖြင့် ဓာတုဆေးသုံးစွဲခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းမရှိခြင်းကြောင့် သဘာဝအရသာ လက်ဖက်ရည်စစ်စစ်ရှိခြင်းကြောင့် ကြိုဆိုမှုများ ရရှိခဲ့တယ်လို့ မြန်မာလက်ဖက်အသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 14-12-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.39 | -0.19 | -0.36 |
| Brent Crude Futr (USD/bbl) | 61.05 | -0.40 | -0.65 |
| Gasoline Rbob Fut (Cent/gal) | 146.60 | -1.22 | -0.83 |
| Natural Gas Futr (USD/MMBtu) | 4.08 | -0.05 | -1.14 |
| Heating Oil Futr (Cent/gal) | 186.77 | -0.88 | -0.47 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 10-December | 14.56 | 2663.31 | 1945.47 | 6121.83 | 791.00 |
| 11-December | 14.56 | 2675.44 | 1945.03 | 6136.16 | 781.00 |
| 12-December | 14.58 | 2666.62 | 1940.62 | 6172.52 | 784.00 |
| 13-December | 14.72 | 2674.33 | 1943.71 | 6351.71 | 804.00 |
| 14-December | 14.65 | 2637.53 | 1928.28 | 6146.52 | 795.00 |

## ပြည်တွင်းရွှေဈေးပြန်တက်ခဲ့သော ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ဈေးပြန်တက်ခဲ့ကြောင်း သတင်းရရှိသည်။ ဒီဇင်ဘာပထမပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ်၁၀၂၄၀၀၀ရှိခဲ့ရာမှဒီဇင်ဘာဒုတိယပတ်တွင်ကျပ်၁၀၃၆၀၀၀သို့ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။

"ပြည်တွင်းရွှေဈေးပြန်တက်တယ်။ ပြီးခဲ့တဲ့တစ်ပတ်က ဈေးအတက်အကျကြမ်းခဲ့ပေမယ့် ဒီတစ်ပတ်တော့ ဈေးပြန်တက်သွားတာ။ ခုဟာက ကျပ်ငွေ တန်ဖိုးကျနေတော့ ရွှေတို့ဒေါ်လာတို့ ဘက်လိုက်လာကြတာ ပုံမှန်ဒေါ်လာနဲ့ ရွှေတစ်လှည့်စီအတက်အကျရှိတာကနေ ဒေါ်လာရောရွှေရော ပြိုင်တူတက်နေသလိုကို ဖြစ်သွားတယ်။ လာမယ့် New Yearနဲ့ခရစ္စမတ်ကာလမတိုင်မီ အတက်အဆင်းတစ်ကြိမ်ပြန်ဖြစ်မယ်လို့ထင်တယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ ၁၀ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၃၃၀၀၀ရှိခဲ့ရာမှ ဒီဇင်ဘာ ၁၂ရက်တွင် ကျပ် ၁၀၃၈၀၀၀သို့ ပြန်လည်မြင့်တက်ခဲ့သလို ဒီဇင်ဘာ ၁၄ ရက်တွင် ကျပ် ၁၀၃၆၀၀၀သို့ ရောက်ရှိခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဒီဇင်ဘာ ၁၀ရက်က ရွှေတစ်အောင်စလျှင် ၁၂၄၇အမေရိကန်ဒေါ် လာရှိခဲ့ရာမှ ဒီဇင်ဘာ ၁၂ရက်တွင် တစ်အောင်စလျှင် ၁၂၄၅အမေရိကန်ဒေါ်လာသို့ကျဆင်းခဲ့ပြီး ဒီဇင်ဘာ၁၄ရက်တွင် ၁၂၃၉အမေရိကန်ဒေါ်လာထပ်မံကျဆင်းခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်းလည်း ဈေးပြန်တက်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းပြန်လည်မြင့်မားခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၅၉ ကျပ်မှ ၁၅၈၁ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာဈေးမှာ ယခုရက်သတ္တပတ်အတွင်း ဈေးပြန်တက်ခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဒေါ်လာညွှန်းကိန်းကျဆင်းခဲ့သော်လည်း ပြည်တွင်းဈေးကွက်မှာတော့ ကျဆင်းခြင်းမရှိကြောင်း၊ အကြောင်းမှာမြန်မာငွေတန်ဖိုးကျဆင်းနေခြင်းကြောင့်ဖြစ်ကြောင်း၊ ဟွာဝေးကုမ္ပဏီအကြီးအကဲတစ်ဦးကနေဒါနိုင်ငံတွင် ဖမ်းဆီးခံရမှုနှင့် စပ်လျဉ်းပြီး ကုန်သွယ်ရေးစစ်ပွဲ တင်းမာမှုပြန်ဖြစ်ပေါ်လာမည်ကို စိုးရိမ်ခြင်းနှင့်အတူ လာမယ့်နှစ်သစ်တွင် ကမ္ဘာ့စီးပွားရေးလောကအတွင်း ကြီးမားသောအကျပ်အတည်းတွေ့နိုင်သည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားရာ နိုင်ငံအများအပြားမှ ငွေအပျော့ပေါ်လစီကို ဦးစားပေးလာခဲ့ရာ ဒေါ်လာဈေးမြင့်တက်ခဲ့ခြင်းအကြောင်းတရားများဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဒီဇင်ဘာ ၁၀ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၅၆ကျပ်၊ ဝယ်ဈေး ၁၅၄၈ကျပ်မှဒီဇင်ဘာ၁၂ရက်တွင် ရောင်းဈေး ၁၅၇၇ကျပ်၊ဝယ်ဈေး ၁၅၇၀ကျပ်သို့မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ ၁၄ရက်တွင်အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၆၇ကျပ်၊ ဝယ်ဈေး ၁၅၅၇ကျပ်သို့ကျဆင်းခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## YSX Lucky Draw အစီအစဉ်မှ ကံထူးရှင်များအား ဆုချီးမြှင့်

ရန်ကုန်စတော့အိတ်ချိန်း၏ YSX Lucky Drawအစီအစဉ်ကံထူးရှင်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ၁၄ရက်ကရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ပထမဆုအဖြစ် Acer Core i5ကို AYA Trust Securitiesမှ ရင်းနှီးမြှုပ်နှံသူ ဦးမိုးအောင်ကလည်းကောင်း၊ဒုတိယဆုအဖြစ် Samsung A6 Plus Mobile Phoneကို CB Securities မှ ရင်းနှီးမြှုပ်နှံသူ Asia Mega Link Co Ltd၊ တတိယဆုအဖြစ် Samsung 40" LED TVကို Myanmar Securities Exchange Centreမှ ရင်းနှီးမြှုပ်နှံသူဦးအေးထွန်း၊ စတုတ္ထဆုအဖြစ် Sony DigitalCamera ကို KBZ Securitiesမှ ရင်းနှီးမြှုပ်နှံသူဦးဆွေ၊ ပဥ္စမဆုအဖြစ် Casio G-Shock နာရီ ကို CB Securitiesမှ ရင်းနှီးမြှုပ်နှံသူ ဦးအောင်မင်းတို့မှ ကံထူးခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော FMI၊ MTSH၊ MCB၊ FPB နှင့်TMH အစုရှယ်ယာများကို စက်တင်ဘာ ၁၀ရက်မှ အောက်တိုဘာ ၁၀ရက်အတွင်း ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း (Buy Order)ဖြင့်အဝယ်ပြီးမြောက်ခြင်း (Execution For Buy Order) ဖြစ်ပေါ်ခဲ့သူများကို ကံစမ်းမဲပုံစံဖြင့် ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့်Japan Exchange Groupတို့မှ ပူးပေါင်း တည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ် မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

December 14, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.39 |
| BDT Bangladesh Taka | 83.98 |
| CAD Canada Dollars | 1.34 |
| CNY China Yuan Renminbi | 6.89 |
| EUR Euro | 0.88 |
| H KD Hong Kong Dollars | 7.81 |
| I NR India Rupees | 71.75 |
| I DR Indonesia Rupiahs | 14563.72 |
| JPY Japan Yen | 113.53 |
| MYR Malaysia | 4.18 |
| PKR Pakistan Rupees | 138.99 |
| PHP Philippines Pesos | 52.76 |
| RUB Russia Rubles | 66.39 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1130.55 |
| LKR Sri Lanka Rupe | 179.81 |
| THB Thailand Baht | 32.77 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 23277.78 |

*Source:xe.com*

## World Gold Price

December-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 10 | 1254 | 1248 | 1251 |
| 11 | 1250 | 1248 | 1249 |
| 12 | 1248 | 1246 | 1245 |
| 13 | 1249 | 1248 | 1247 |
| 14 | 1244 | 1243 | 1244 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 10-12- 2018 | 1029.50 | 1029.00 |
| 11-12- 2018 | 1035.50 | 1035.00 |
| 12-12- 2018 | 1036.50 | 1036.00 |
| 13-12- 2018 | 1039.50 | 1038.50 |
| 14-12- 2018 | 1034.00 | 1034.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 10 | 6.90 | 32.84 | 83.56 | 71.34 |
| 11 | 6.90 | 32.84 | 84.16 | 71.91 |
| 12 | 6.89 | 32.77 | 84.12 | 72.07 |
| 13 | 6.87 | 32.68 | 83.67 | 71.53 |
| 14 | 6.89 | 32.77 | 83.98 | 71.75 |

# ဘိလပ်မြေ

## ယခင်သီတင်းပတ်ထက် ဘိလပ်မြေအဝင်ပို

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၉၂၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၆၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှသာတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၄၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၂၄၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၁ ရက်မှ ၇ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာတန်ချိန် ၆၃၅၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ် ကဘိလပ်မြေအဝင်မှာ တန်ချိန် ၇၃၃၀တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၉၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



## ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၇၅၀၊ကြံ့နှစ်ကောင် (အနီ) ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၄၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အပါချီ၊ ဘလူးဒိုင်းမွန်းနဲ့ ကြံ့ဘိလပ်မြေများကဈေး သိသိသာသာကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ဘလူး ဒိုင်းမွန်းကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းသွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၁၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

# ဓာတ်မြေသြဇာ

## မြေသြဇာတန်ချိန် ၁၄၀၀၀ ကျော်ဝင်

ဒီဇင်ဘာ ၂ရက်မှ ၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၄၁၅၄၆၅၀ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၁၄၆၁၀ ဒသမ ၈၀၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါ နိုင်ငံမှ တန်ချိန် ၁၅၀၀၊ တရုတ်နိုင်ငံမှ ၅၆၂ ဒသမ ၁၆၄ တန်၊ ဂျာမနီနိုင်ငံမှ ၂၀၄၈ တန်၊ အီရန်နိုင်ငံမှ ၄၂၆၀ ဒသမ ၅၆ တန်၊ ဂျပန်နိုင်ငံမှ ၁၂၇ ဒသမ ၇၃၂ တန်၊ ကိုရီးယားနိုင်ငံမှ ၃၃၀၆ ဒသမ ၀၈တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၁၀၊ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၁၉ ဒသမ ၄၈ တန်၊ ထိုင်းနိုင်ငံမှ ၃၄၀ ဒသမ ၀၃၀ တန်နဲ့ တာမေနစ္စတန်နိုင်ငံမှ ၈၃၆ ဒသမ ၇၅၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၀း၁၅)၊ ကွန်ပေါင်း(၂၀း၂၀း၂၀)၊ ကွန်ပေါင်း(၁၄း၇း၁၉)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ယူရီးယားနဲ့ အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့မြေသြဇာတန်ချိန် ၂၀၇၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၁၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

## မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၂၂၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၁၉၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၉၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့တောင်ကြီးမှာ အရောင်း ပုံမှန်ရှိပြီး မကွေးမှာ အရောင်းသွက်ကာ မန္တလေးမှာ အရောင်းပါးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပုလဲအသေး(ရွှေတောင်)က ကျပ် ၁၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း) ကျပ် ၁၅၀၀နဲ့ ကွန်ပေါင်း (၁၆း၁၆း၈)က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၄၀၀၀၊ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)ကျပ် ၃၂၀၀၀၊ ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး) ကျပ် ၂၈၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း) ကျပ် ၄၃၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၃၁၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၃၁၅၀၀၊တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၁၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၉၀၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ယူရီးယား-ပုလဲ (ပန်းဖူး၊ရွှေတောင်)က ကျပ် ၁၅၀၀ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ဇာမနီကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၂၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

# နှံ့ဆီ/နှံ့မှုန့်

## နှံ့ဆီတန်ချိန် ၇၀၀ ကျော်နဲ့ နှံ့မှုန့်တန်ချိန် ၄၀ ကျော်ဝင်

ဒီဇင်ဘာ ၂ရက်မှ ၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၀၅၈၅၀ တန်ဖိုးရှိ နှံ့ဆီ ၇၀၄ ဒသမ ၇၇၂တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၂၃ဒသမ ၂၃၆ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၈၁ဒသမ ၅၀၆ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ မာရီဂိုး၊ အိုကေနဲ့ ဒွန်းတို့ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၂၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ယူအက်စ်အေမှ အမေရိကန်ဒေါ်လာ ၁၀၇၅၀၆ တန်ဖိုးရှိ နှံ့မှုန့် ၄၃ ဒသမ ၄၀ တန်ကိုလည်း ဒီတစ်ပတ်မှာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နှံ့မှုန့်တန်ချိန် ၄၇၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့် အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၂ မှ ၇/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၁ မှ ၃၀/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂.၉၆ | ၇.၅၀ | (-) | ၄.၅၄ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၃၀၅၀.၀၀ | ၄၅၀၀.၀၀ | (-) | ၁၄၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၃၃၀၀.၀၀ | ၂၇၈၀.၀၀ | (+) | ၅၂၀.၀၀ |
| | စုစုပေါင်း | ၆၃၅၂.၉၆ | ၇၃၃၇.၅၀ | (+) | ၉၈၄.၅၄ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၂ မှ ၇/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၁ မှ ၃၀/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၈၄၈.၇၅ | ၃၃၇၅.၂၅ | (+) | ၄၇၃.၅၀ |
| ၂။ | လွယ်ဂျယ် | ၁၆၆.၅၀ | ၁၈၈.၀၀ | (-) | ၂၁.၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၃၁၆.၈၅ | ၅၇၅၁.၀၀ | (-) | ၄၃၄.၁၅ |
| ၄။ | ကန်ပိုက်တီ | ၆၅၆.၀၀ | ၇၄၀.၀၀ | (-) | ၈၄.၀၀ |
| ၅။ | မြဝတီ | ၂၂၂၂.၉၅ | - | (+) | ၂၂၂၂.၉၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၁၈၉၀.၀၀ | (-) | ၁၈၉၀.၀၀ |
| ၉။ | တမူး | ၃၀.၀၀ | - | (+) | ၃၀.၀၀ |
| | စုစုပေါင်း | ၁၂၂၄၁.၀၅ | ၁၁၉၄၄.၂၅ | (+) | ၂၉၆.၈၀ |

ခင်မိုးသူ

# ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ဝန်ကြီးချုပ်များ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့

ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် စီးပွားရေးဆိုင်ရာ အခက်အခဲများကို ဖယ်ရှားပေးမည့် ကြိုးပမ်းမှုများနှင့် ယခင်ကတည်းက ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၀ ခုနှစ်တွင် ၎င်းတို့၏ two-way ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ၇-၈ ဘီလီယံသို့ ရောက်ရှိလာမည်ဟု ဗီယက်နမ်ဝန်ကြီးချုပ်က ဟန္နိုင်းမြို့တွင် ပြုလုပ်သော ဗီယက်နမ်- ကမ္ဘောဒီးယား စီးပွားရေးဖိုရမ်၌ ပြောကြားခဲ့ပြီး အဆိုပါဖိုရမ်သို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်လည်း တက်ရောက်ခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသော ထိပ်ဆုံး(၃)နိုင်ငံတွင် အမြဲတမ်း ကမ္ဘောဒီးယားနိုင်ငံ ပါဝင်ကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏အစီရင်ခံစာတွင်ဖော်ပြထားပြီး လောလောဆယ် ကမ္ဘောဒီးယားနိုင်ငံရှိ စိုက်ပျိုးရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများက ပရောဂျက်ပေါင်း(၂၁၀)ခုတို့ဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကို ရင်းနှီးထားကြောင်း၊ လုပ်ငန်းအများစုမှာ ပရောဂျက်များကိုလက်ခံဆောင်ရွက်သောဒေသများကို အများဆုံးဖွံ့ဖြိုးတိုးတက်အောင် ကူညီခဲ့ကြောင်း သိရှိရပါတယ်။

၎င်းအပြင် ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၆၅ သန်းနီးပါးရှိသော ကမ္ဘောဒီးယား၏လုပ်ငန်းဆောင်ရွက်နေသော ပရောဂျက်(၂၀) ခုရှိပါကြောင်း၊ နှစ်နိုင်ငံစလုံးက ၎င်းတို့၏ two-way ကုန်သွယ်မှုပမာဏကို ပိုမိုတိုးတက်ဖို့ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ယခုနှစ်ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၅ ဘီလီယံသို့ရောက်ရှိမည်ဟု မျှော်မှန်းထားပါကြောင်း သိရှိရပါတယ်။

ယခုနှစ်၏ပထမ(၁၀)လအတွင်း ခရီးသွားပြည်သူ ၅သိန်းခန့်ရှိရာ၊ ကမ္ဘောဒီးယားနိုင်ငံသို့ လည်ပတ်ခဲ့သည့် ခရီးသွားပြည်သူအများစုတွင် ဗီယက်နမ်နိုင်ငံသည် ဒုတိယနေရာတွင်ရှိကြောင်းနှင့် ပြီးခဲ့သောနှစ်က ကမ္ဘောဒီးယားလူမျိုး ၂၂၀၀၀၀ ဦးတို့သည် ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်ကြပါကြောင်း သိရှိရပါတယ်။

ဖိုရမ်တွင် ဗီယက်နမ်ဝန်ကြီးချုပ်က ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများကြောင့် နှစ်နိုင်ငံစလုံးက ပိုမိုနီးကပ်စွာဖြင့် ပိုမိုအားထုတ်ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်၊ အလုပ်သမားနှင့် ဝန်ဆောင်မှုတို့နှင့်ပတ်သက်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ စည်းမျဉ်းစည်းကမ်းများကို အကောင်းဆုံးအသုံးပြုကြရန် နှစ်နိုင်ငံစလုံး၏ စီးပွားရေးလုပ်ငန်းရှင်များအား တိုက်တွန်းပြောကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံအစိုးရနှင့် ဝန်ကြီးချုပ်တို့က ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြမည့် ဗီယက်နမ်စီးပွားရေး

**ချိုချိုမာ (ပို့ကုန်)**

လုပ်ငန်းများကို အကူအညီပေးရန် ဖြစ်နိုင်သည့်အခြေအနေများအားလုံးကို ထောက်ပံ့ပေးပြီး၊ အမြဲတမ်းအကူအညီပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကမ္ဘောဒီးယား နိုင်ငံအတွင်း ပတ်ဝန်းကျင်ကိုကာကွယ်ထိမ်းသိမ်းရန်နှင့်၎င်းတို့၏လူမှုတာဝန်ဝတ္တရားများကို နားလည်သဘောပေါက်စေရန် သင်တန်းနှင့် နည်းပညာလွှဲပြောင်းမှုများကို ထောက်ပံ့ပေးရန်အတွက် ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများကို နှိုးဆော်ထားပါကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ အိမ်နီးချင်းနိုင်ငံတွင် အကျိုးအမြတ်ရှိသောစီးပွားရေးကို ဦးဆောင်လုပ်ကိုင်နေသော Viettel, Petro Vietnamနှင့်Vietnam Electricity ကဲ့သို့သော စီးပွားရေးအုပ်စုကြီးများကို ဖိတ်ကြားခဲ့ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု လွယ်ကူစွာစီးဆင်းနိုင်ရန် ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲများကို ပြေလည်စေဖို့ ကမ္ဘောဒီးယားအစိုးရနှင့် ဝန်ကြီးချုပ်တို့က ဆက်လက်ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်က အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သည့် စီးပွားရေးကို ဗီယက်နမ်အစိုးရနှင့်ဝန်ကြီးချုပ်တို့က စီမံဆောင်ရွက်နေမှုများကို သိရှိရသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုကို စိတ်အားထက်သန်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဆိပ်ကမ်းများနှင့် ဆက်နွယ်နေသော ရေနက်ပင်လယ်ကူးဆိပ်ကမ်းများ၊ အဝေးပြေးလမ်းများနှင့် အမျိုးသားလမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အကောက်ခွန်နှင့် သက်ဆိုင်သည့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြန်လည် ပြုပြင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကမ္ဘောဒီးယားနိုင်ငံက မူဝါဒအတိုင်း လုပ်ကိုင်ဆောင်ရွက်နေပါကြောင်းတို့အား ပြောကြားခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်ကို မျှော်မှန်းထားပြီး ပျမ်းမျှ GDP တိုးတက်မှုနှုန်းမှာ ၇ ရာခိုင်နှုန်းထက်ကျော်မည်ဖြစ်ကြောင်းနှင့် ၂၀၃၀ ခုနှစ်တွင် high middle-income country ဖြစ်လာဖို့ ကြိုးစားနေပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအစိုးရက အထူးစီးပွားရေးဇုန်များနှင့်သက်ဆိုင်သည့် ဥပဒေကိုရေးဆွဲရန် ကြိုးစားနေပြီးရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့်ဥပဒေများကို အစိုးရက ပြင်ဆင်နေပါကြောင်းနှင့် အရည်အသွေးမြင့်သောလူ့စွမ်းအားအရင်းအမြစ်များနှင့် smart cities ဖွံ့ဖြိုးတိုးတက်မှုကိုအားပေး၍ အကောက်ခွန်နှင့် အခွန်စနစ်များကို ခေတ်နှင့်လျော်ညီစွာကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတို့အား ကမ္ဘောဒီးယား ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ပြောကြားခဲ့ပါတယ်။

## တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့ပြီး ထိုင်းနိုင်ငံသို့ လျော့နည်းတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာပထမပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၂ သန်း တန်ဖိုးရှိ ပြောင်း ၁၉၄၉၅ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၀၈၁၂ တန်၊ ချင်းရွှေဟော်မှ ၈၆၈၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် စခန်းသုံးခုမှ ၁၈၅၃၁ တန်သာ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပြောင်း ၉၆၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၃၃၃၇၀၉ ကျပ်ရှိရာမှ ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း ကျပ်၃၀၇၃၅၀ဈေးသို့ပြောင်းဈေးများ ဆက်လက် ကျဆင်းခဲ့ကြောင်း မူဆယ်သို့ ပြောင်းကားစီးရေ ၂၅၁ စီးဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၁၉၆၄၃ တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၄-၁၂-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၀၀ | ၁၇၀၀ | ▽ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၆၀၀၀ | △ | ၅၈၀၀ | ၆၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၃၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၂၀၀ | ၅၂၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |





## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၄-၁၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဒီဇင်ဘာပထမပတ် | ဒီဇင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၆၀.၀၀ | ၄၆၅.၀၀ | △ |
| RBD P.Olein | ၄၇၅.၀၀ | ၄၇၂.၅၀ | ▽ |
| RBD P.Stearin | ၄၃၁.၀၀ | ၄၃၄.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၄-၁၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၅၆.၂၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၅၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၀၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၇၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၉၄.၉၇၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၄-၁၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 520 ဒေါ်လာနှင့် USD ဈေး ၁၅၈၁ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၄-၁၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၈၁ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေး နည်းစနစ်သစ် မြစ်ငါးတန်မွေးမြူရေး

**ထွန်းထွန်း(ပုသိမ်)**



မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ခုနှစ်တွင်ဝင်ငွေအမေရိကန် ဒေါ်လာသန်းပေါင်း ၈၉၀ ထုတ်ကုန်ပမာဏအားဖြင့် မက်ထရစ်တန်ချိန် ၁ ဒသမ ၃၁၇ သန်း ထုတ်လုပ် တင်ပို့နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ဆန်စပါးကိုပထမဦးစားပေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေပြီး၊ ဒုတိယအဖြစ် ငါးလုပ်ငန်းကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလ၅ရက်နေ့တွင် ကျင်းပခဲ့သည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးပွဲတွင်လည်း စိုက်ပျိုးရေးကဏ္ဍသာမကမွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသလို မွေးမြူရေးကဏ္ဍနှင့် ငါးလုပ်ငန်းကဏ္ဍကိုလည်းတိုးတက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါ သည်။ ဧရာဝတီတိုင်းဒေသကြီး အတွင်းငါးမွေးမြူရေးကန် ၄၇၅၁ ကန်၊ ဧက ၁၂၃၅၀ ဒသမ ၈၂၆၊ ပုစွန်မွေးမြူရေး ကန် ၂၁၀၃ ကန်၊ ဧက ၆၃၇၃၇ နှင့် ကဏန်းမွေးမြူရေးကန် ၈ ကန်၊ ဧက ၄၀၅ ဒသမ ၉၃၊ စုစုပေါင်းမွေးမြူရေးကန် ၆၈၆၂ ကန်နှင့် ဧက ၁၈၇၆၉၃ ဒသမ ၇၅၆ မွေးမြူလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းမှ ငါးပိသာထောင်ပေါင်း ၃၁၃၂၃၁ ဒသမ ၂၈ ထုတ်လုပ်ရန် လျာထားခဲ့ပြီး အမှန်ထုတ်လုပ်မှု မှာ ၃၂၃၈၉၀ ဒသမ၈၅ ထုတ်လုပ်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး အတွင်းဈေးကွက်ဝင်ငါးများအား အရည်အသွေးနှင့် စံချိန်စံညွှန်းများ ကိုက်ညီမှုသာ နိုင်ငံခြားဝင်ငွေနှင့် ကုန်သွယ်မှုပမာဏ မြှင့်တင်ခြင်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့သည် ၂၀၁၈ခုနှစ် နိုဝင်ဘာလ ၂၉ရက်နေ့၌ ပုသိမ်မြို့ရှိ ဧရာဝတီရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီသို့ရောက်ရှိစဉ် ဥက္ကဋ္ဌမှ ရေထွက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ရာ နည်းပညာသစ်ဖြင့် မွေးမြူထားရှိသည့် ဈေးကွက်ဝင် ငါးတန်မွေးမြူရေးလုပ်ငန်းကိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြောင်း၊ လာမည့် ၂ နှစ်အတွင်း ငါး၊ပုစွန်တင်ပို့မှုမှ ဒေါ်လာသုံးဘီလီယံ ရရှိရေးအတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

ယခင်က ရေချိုငါးတန်ငါးသည် ကမ္ဘာမှာ အရောင်းအဝယ်နည်းပါးသည်ဟုပြောလေ့ရှိကြသော်လည်းယခုအခါ ဗီယက်နမ် နိုင်ငံသည် အဆိုပါလုပ်ငန်းတွင်အောင်မြင်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံသည် မဲခေါင်မြစ်ကိုပိုင်ဆိုင်ပြီး ပင်လယ်ဝနားမှ ကုန်းတွင်းပိုင်းအပေါ်အထိ ကမ္ဘာတွင် ထူးထူးခြားခြား မွေးမြူလုပ်ကိုင်လျက်ရှိရာ တစ်နှစ်လျှင်တန်ချိန် ၂ သန်းကျော် ထုတ်လုပ်လျက်ရှိပြီး ရောင်းအားအထူးသွက်ကာဈေးကွက်လိုအပ်ချက် ကြီးမားလျက်ရှိသည်ကို တွေ့ရှိရပါသည်။လက်ရှိအချိန်တွင် နိုင်ငံပေါင်း၁၀၀ကျော်သို့ဖြန့်ချိလျက်ရှိပြီး စပါး၊ဆန်၊ ဂျုံကဲ့သို့ Multi Purpose ဖြစ်သောကြောင့် လူအများစားသုံးသည့် စားသောက်ကုန်ပစ္စည်း ဖြစ်နေ၍ ငါးတန်ထုတ်လုပ်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းသည် ဈေးကွက်လိုအပ်ချက်ကြီးမားဖြစ်ပေါ်လျက်ရှိနေခြင်းဖြစ်ပါသည်။ ဗီယက်နမ် အနေဖြင့် ယနေ့လက်ရှိအချိန်တွင် အကြီးစားမွေးမြူ လုပ်ကိုင် ဆောင်ရွက်လျက်ရှိရာ မွေးမြူဧရိယာ ဟက်တာ ၈၀၀၀ ကျော် မွေးမြူထားပြီး ဟက်တာ ၁၀၀၀၀ ကျော်ထိ တိုးချဲ့ရန်ကြိုးစားနေသော်လည်း မြေတိုးချဲ့နိုင်မှုအင်အား မရှိကြောင်းတွေ့ရှိနေရပါသည်။

အလားတူတရုတ်မှလည်း ဈေးကွက်ဝင် ငါးတန်မွေးမြူရေးလုပ်ငန်းကို မျက်စိကျ၍မွေးမြူရန် ကြိုးစားသော်လည်းမြေနေရာနှင့် ရေချိုအခက်အခဲကြောင့် မဆောင်ရွက်နိုင်သေးသည်ကို သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံသည်လည်း အလားတူ ကြိုးစားနေသော်လည်း နည်းပညာတိုးတက်မှုမရှိသေး၍ ရေချိုချောင်းအတွင်း မွေးမြူရန် အဆင်မပြေသေးကြောင်း ထိုင်းနိုင်ငံတွင်လည်း နေရာအလုံအလောက် မရှိသလိုမလေးရှားကလည်း ယခုလုပ်ငန်းကို စိတ်မဝင်စားသေး၍ မြန်မာနိုင်ငံအတွက် အလားအလာ အထူးကောင်းမွန်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါ သည်။

မိမိတို့နိုင်ငံအနေဖြင့် လက်ရှိတွင် Global Earth Agro & AQUA Industry လုပ်ငန်းအား Public Company Limited အနေဖြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့တွင် ငါးကန်ဧက ၃၀၀၀ ကျော်တူးဖော်ထားရှိပြီး ကနဦးအနေဖြင့် ဧက၉၀၀ခန့်အား စတင် မွေးမြူရန်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကန်အသစ်တွင် စမ်းသပ်ရန်အတွက် ဧရာဝတီတိုင်း ပန်းတနော်မြို့တွင် ငါးကန်ဧက ၃၀၀၀ ကျော် တူးဖော်ထားရှိပြီးအနက်မှ ကနဦးအနေဖြင့် ဧက ၉၀၀ ခန့်အားစတင်မွေးမြူရန် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ပြီးခဲ့သည့်နှစ်က ကန်အသစ်တွင် စမ်းသပ်ရန်အတွက် အကောင်ရေ ၆ သန်း မွေးမြူရာတွင် အားလုံးအောင်မြင်လျက်ရှိနေပါသည်။ ထို့နည်းတူ အောက်စီဂျင်ပါဝင်မှုကို မိုးရာသီတွင် မည်မျှလိုအပ်သည်ကို လည်းကောင်း၊ နေ့နှင့်ညတွင် မည်မျှသောပမာဏတွင် ရှင်သန်နိုင်မှုရှိသည်ကိုလည်းကောင်း နေ့စဉ် စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

အားသာချက်အနေဖြင့် ငါးတန်ငါးသည် ပုစွန်ထက် အောက်စီဂျင်များစွာနည်းသည့် အခြေအနေတွင် ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း၊ သို့ပါ၍ အများပြည်သူပိုင် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ထူထောင်မည်ဆိုလျှင် မြစ်ငါးတန်မွေးမြူခြင်း လုပ်ငန်းဖြင့်စလျှင် ပိုမို၍အဆင်ပြေနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဈေးကွက်အနေဖြင့် တန်ချိန်တစ်သန်းရောင်းရန်အတွက် ဝယ်ယူသူအဆင်သင့်ဖြစ်နေပေရာ ရောင်းရန်ပစ္စည်းမရှိသော ဈေးကွက်လိုအပ်ချက် အခြေအနေ အခွင့်ကောင်းကို အသုံးချလျက် ထုတ်လုပ်မှုဖြစ်စဉ်တွင်လည်း GAqP, BAP, ASC, HACCP ရရန် လိုအပ်လျက်ရှိသလို ကန်တူးစဉ်ကတည်းက ရေဝင်ရေထွက်၊ ဆားပါဝင်မှုအစရှိသည်တို့ကို Strategy နည်းဗျူဟာချမှတ်သွားမည် ဖြစ်ပါသည်။ ယခုလက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသောကန်ပေါ်တွင် ဘဲ၊ ကြက်၊ ဝက်များမွေးမြူ၍ ယင်းတို့၏မစင်များအားငါးစာအဖြစ် အသုံးပြုသော မွေးမြူနည်းစနစ်သည် FDA လုပ်ငန်းစဉ်နှင့် ကိုက်ညီခြင်းမရှိသလို ပြည်ပသို့ ငါးများ တင်ပို့ရောင်းချမည်ဆိုပါက အဆိုပါ ငါးမွေးမြူနည်းစနစ်ကိုလည်း ထိန်းချုပ်ရန် လိုအပ်လျက်ရှိပါသည်။

မြန်မာပြည်တွင် နည်းစနစ်သစ်တစ်ခုအနေဖြင့် ငါးတန်မွေးမြူရေးဇုန်များသတ်မှတ်၍ ယင်းအထဲတွင် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် လာရောက်မွေးမြူရန် လိုအပ် လျက်ရှိပါသည်။ မိမိတတ်နိုင်သောပမာဏအနည်းအများအလိုက်မွေးမြူကြစေခြင်း၊ သတ်မှတ်ထားသော အစာကိုသာ ကျွေးစေ၍ သတ်မှတ်အရွယ်အစားရောက်မှသာဖမ်း၍ ဈေးကွက်တင်ပို့စေခြင်း၊ Integrated Farming ဖြင့် စုပေါင်းမွေးမြူမည်ဆိုပါက မွေးမြူရေးကဏ္ဍအနေဖြင့် ဘက်စုံတိုးတက်ဖြစ်ထွန်းမှုကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

Global Earth Agro & AQUA Industry လုပ်ငန်း Public Company Limited အနေဖြင့် ဧက ၃၀၀၀ မလုပ်နိုင်သေးသော်လည်း ကနဦးစံပြအနေဖြင့် ဧက ၉၀၀ ကို ModelFarm ချပြ၍ မွေးမြူဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်သူများကိုဖိတ်ခေါ်၍ စိတ်ပါဝင်စားသူများအား Public Company Limited တည်ထောင်ထားရှိပြီး ပါဝင်လုပ်ကိုင်စေမည်ဖြစ်ပါသည်။ ထို့နည်းတူ ဧရာဝတီတိုင်း သာမကရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းဒေသကြီး အစရှိသဖြင့် ရေချိုရှိသော နေရာတိုင်းတွင် ငါးတန်မွေးမြူရေးလုပ်ငန်းကို တစ်ပြည်လုံး အတိုင်းအတာအနေအထားဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ပါ သည်။သို့ရာတွင် ရာသီဥတု အလွန်အမင်းအေးသောအခြေအနေမျိုးတွင် မရနိုင်ဘဲ ၃၀ဒီဂရီရှိသော နေရာများ တွင် ပိုမိုဖြစ်ထွန်းနိုင်ကြောင်းသိရှိရပါသည်။

လက်ရှိအနေအထားတွင် ဧရာဝတီတိုင်းပန်းတနော်ရှိငါးမွေးကန်တွင်အလုပ်သမား ၆၀၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မည့်တန် ၅၀၀ စက်ရုံအား ထူထောင်နိုင်မည်ဖြစ်ပြီး၊ယခုလောလောဆယ်တွင် ကနဦးလုပ်ငန်းမှ အလုပ်သမား၈၀၀ကျော် အလုပ်အကိုင်ပေးနိုင်မည်ဖြစ်ပါသည်။ အထည်ချုပ်လုပ်ငန်းတွင် လုပ်သားများလစာဝင်ငွေနည်းပါးနေသော်လည်း ယခုငါးလုပ်ငန်းမှ လစာဝင်ငွေမှာ အထည်ချုပ်လုပ်ငန်းလစာဝင်ငွေထက် တစ်ဆခွဲတိုးမြှင့်ပေးနိုင်သော အနေအထားတွင်ရှိနေပါသည်။သို့ပါ၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် လုပ်ကွက်ရှိသော ဧရိယာများတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အဖက်ဖက်မှ တိုးတက်ကောင်းမွန်လာနိုင်ပါသည်။ဈေးကွက်အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိုင်ငံတကာ Trade Fair များတွင် လိုက်ပါ၍ ပူးပေါင်းပြသနိုင်သည့် အနေအထားကိုဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ကမ္ဘာတွင် လက်ရှိသုံးနေသော ငါးမျိုးများသည်လည်း မိမိတို့နိုင်ငံအတွင်း တည်ရှိနေပေရာ ယခင်က ငါးမျိုးဂရမ်၁၀၀ရရှိရန်မိုးတွင်းအချိန်တွင် တစ်နှစ်နီးပါးကြာအောင်မွေးမြူပြီးမှ ၆လက်မအရှည်ဆိုဒ်ကို ကန်ထဲထည့်ရသော်လည်း ယခုအခါတွင် ၃လအတွင်း ဂရမ်၁၀၀ရရှိ၍ ၄ လဆက်လက်မွေးမြူပါက (1.6Kg) ရရှိနိုင်သဖြင့် ယခင်က မရရှိခဲ့သောနည်းပညာဖြင့် ပြောင်းလဲဖြစ်ထွန်းဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

ယခင်ကကန်တစ်ကန်အတွင်းငါးအကောင်ရေ၄၀၀၀ မွေးမြူခဲ့ရာမှ ယခုငါးအကောင်ရေ ၁၂၀၀၀၀ထည့်၍ မွေးမြူနိုင်မည်ဖြစ်ရာ နည်းပညာ ပြောင်းလဲသလို အရင်းအနှီးနှင့် ကုန်သွယ်မှုကိုလည်း ပြောင်းလဲသွားနိုင်ပြီဖြစ်ကြောင်း၊လုပ်ခလစာအနေဖြင့်လည်း ၂၅၀၀၀၀ ကျပ်အထိ တိုးမြှင့်ပေး နိုင်သွားမည်ဖြစ်သလိုနိုင်ငံခြား ဈေး ကွက်တွင် ယှဉ်ပြိုင်ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း၊သို့ရာတွင် ရိုးရိုးမွေးမြူနည်းစနစ်ကိုအသုံးပြုပါက ငါးအသားဝါခြင်း၊ မြစ်ချောင်းတွင်းမွေးမြူခြင်းကြောင်း FCR မြင့်ခြင်းတို့ဖြစ်စေသောကြောင့် မွေးမြူနည်းစနစ်သစ်ဖြစ်သော ကန်ဘောင်ရေသွင်းရေထုတ်ပြုလုပ်ခြင်း၊ ကန်ဘောင်အနက်အား ဇောက်နက်နက်ပြုလုပ် မွေးမြူခြင်းအားဖြင့် ငါးအသားဖြူလာခြင်း၊ ဗီယက်နမ်ထက် FCR သုညဒသမ၄ သာလွန်ခြင်းတို့ ဖြစ်စေလာမည်ဖြစ်သဖြင့်

စာမျက်နှာ ၂၇ သို့




# ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၁၈ ဖွင့်ပွဲကျင်းပ

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံး၊ ဗီယက်နမ်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဦးစီးကျင်းပသည့် ဗီယက်နမ်ကုန်စည်ပြပွဲ-၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီး ဦးဇော်အေးမောင်၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ ၎င်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်မှလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှလည်းကောင်း အသီးသီး အမှာစကားများပြောကြားခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ယင်းကုန်စည်ပြပွဲတွင် ကုမ္ပဏီ ၈၀ မှ ပြခန်းပေါင်း ၁၂၀ ဖြင့် လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စသည်ဖြင့် စုံလင်စွာပြသရောင်းချသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

**UYMA(MTC)**

# ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်က ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့်အတူ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ပါသည်။



အဆိုပါ အစည်းအဝေးတွင် ပခုက္ကူခရိုင်၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းအရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးသန်းဦးက ယခုလဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနှင့် ယခင်လက ကျင်းပခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်အရ ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးနေသော အောင်ဘားမားသောက်ရေသန့်လုပ်ငန်းသို့ ထပ်မံ၍ ကွင်းဆင်းစစ်ဆေးမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသော စီးပွားရေးလုပ်ငန်းရှင်များသို့ သတိပေးအမိန့်ကြော်ငြာစာကို ရှင်းလင်းခဲ့ပါသည်။

၎င်း အမိန့်ကြော်ငြာစာတွင် ပါဝင်သော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန် ပစ္စည်းကိုးမျိုးအကြောင်းကို ချပြ ရှင်းလင်းခဲ့ပါကြောင်း၊ အရက်၊ ဘီယာနှင့်ပတ်သက်၍ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် အရည်အသွေးပြည့်ဝသည့် ကုန်စည်များ အသုံးပြုနိုင်ရန်အတွက် ပြည်တွင်းထုတ် အရက်များကို စစ်ဆေးနိုင်ရန် နမူနာများစုစည်း၍ FDA သို့ ပေးပို့စစ်ဆေးသွားမည်ဟု ညွှန်ကြားစာ ရောက်ရှိခဲ့သဖြင့် ၎င်းညွှန်ကြားစာအရ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ဖြန့်ဖြူးရောင်းချနေသည့် အရက်၊ ဘီယာဆိုင်များကို စုံစမ်းပြီး တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများမှ ဆွေးနွေးကြရာ FDA မှလည်း သက်တမ်းလွန်နှင့် တရားဝင်ပိတ်ပင်ထားသေ ဆေးဝါးများ စစ်ဆေးတွေ့ရှိရ၍ သိမ်းဆည်းထားသောဆေးဝါးများကို ပူးပေါင်း အဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးစေလိုကြောင်း၊ အချက်အလက်မပြည့်စုံသော တိုင်းရင်းဆေးဝါးများကိုလည်း တွေ့ရှိနေရကြောင်း၊ ခရိုင်ကျန်းမာရေးမှ ဒေါက်တာဝင်းနိုင်ကလည်း ဆေးဆိုင်များကို ကွင်းဆင်းသည့်အခါ ပူးပေါင်းပါဝင်မှုအခြေအနေကိုလည်းကောင်း၊ ဆိုင်များစစ်ဆေးသည့်အခါ ဆေးဝါးရောင်းချခွင့် လိုင်စင်မရှိသော ဆေးဆိုင်များကိုလည်းတွေ့ရကြောင်း၊ ရက်စွဲမပါသော တိုင်းရင်းဆေးများကိုလည်း တွေ့ရသောကြောင့် FDA မှ ခွင့်ပြုချက်ရယူထားရန်၊ ရက်စွဲပါသော ဆေးဝါးများသာ ရောင်းချရန်၊ တရားဝင်ပိတ်ထားသော ဆေးဝါးများ မရောင်းချရန် အသိပညာများဖြန့်ဝေခဲ့ကြောင်း ဆွေးနွေးခဲ့ပြီး အခြားဌာနဆိုင်ရာများမှလည်း မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက်ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြင်းခြံမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး




မြင်းခြံခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါတွေ့ဆုံပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် မြင်းခြံခရိုင်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကြက်သွန်ကုန်သည်များ၊ ပြောင်းကုန်သည်များနှင့် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြင်းခြံခရိုင်၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကုန်သွယ်မှုမြှင့်တင်ရာတွင် မိမိတို့စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ပိုမိုထုတ်လုပ်၍ပိုမိုကုန်သွယ်မှုမြှင့်တင်မှ ဝင်ငွေပိုမိုရရှိပြီး စီးပွားရေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသသည် ကြက်သွန်နှင့်ပဲမျိုးစုံထွက်ရှိ၍ ရောင်းဝယ်ဖောက်ကားကြရာတွင် အခြေခံဈေးနှုန်းပင်မရသည့် အချိန်များရှိပါကြောင်း၊ အခြေခံဈေးနှုန်းရသည့် အချိန်ကာလတွင် ပြည်ပမှ ကြက်သွန်များဝင်ရောက်မှုသည် တရားဝင်/တရားမဝင် ရောက်ရှိလာသည်ကိုပင် မိမိတို့မှာမသိရှိကြောင်း၊ သို့ဖြစ်ပါ၍ ကြက်သွန်များ ပြည်ပမှဝင်ရောက်ခြင်းကို ကာကွယ်တားဆီးပေးစေလိုကြောင်း တင်ပြဆွေးနွေးပါသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က မြင်းခြံခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံသည် ဗဟိုဦးစီးမူဝါဒ ကျင့်သုံးခဲ့သည့်အတွက် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတကာဈေးကွက်ထက် အဆမတန် ဈေးလျှော့နည်းခဲ့ရပြီး စီးပွားမဖြစ်ခဲ့ကြောင်း၊ သို့သော် ၁၉၈၈ ခုနှစ်မှစ၍ ဈေးကွက်စီးပွားရေးစနစ်သို့ စတင်ကျင့်သုံးခဲ့ရာ ယနေ့အချိန်အထိ ပြောင်းလဲဆဲကာလဖြစ်ပါကြောင်း၊ ဈေးကောင်းရလို့ ပြည်ပပို့လိုက် ကိုယ့်ဆီပြည်ပက ပြန်သွင်းခံလိုက်ရသည် ဆိုသည်မှာလည်း စီးပွားရေးသီအိုရီအရ နိမ့်ရာမှမြင့်ရာသို့ စီးဆင်းခြင်းဖြစ်ကြောင်း၊ ကုန်ပစ္စည်းများသွင်းခြင်း၊ ထုတ်ခြင်းသည် ဤလောကသား ကုန်သည်များပင်ဖြစ်ပါကြောင်း၊ ကုန်သည်များသည် ၆၀ ရာခိုင်နှုန်းသာဖြစ်၍ စားသုံးသူပြည်သူ ၅၃ သန်းသောပြည်သူမျက်နှာကြည့်မလား၊ လူနည်းစု ကုန်သည်မျက်နှာကိုကြည့်မလားဆိုတာ စဉ်းစားကြစေလိုကြောင်း၊ စားသုံးသူကတော့ ရွေးချယ်ခွင့်ရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒအရ ငြိမ်းချမ်းရေး တည်ဆောက်နေချိန်ဖြစ်ကြောင်း၊ တရားမဝင်လမ်းကြောင်း တားဆီးရန်မှာ နိုင်ငံတော်အဆင့်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Contract farming စနစ် ထူထောင်ရန်လိုကြောင်း၊ သို့မှသာ ရောင်းသူကို မျှော်သည့်ကုန်သည်၊ ဝယ်သူကိုမျှော်သည့် တောင်သူမဖြစ်မှာဖြစ်ကြောင်း၊ Win Win စနစ်ဖြင့် တောင်သူလည်းအကျိုးရှိ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုးတက်ရန် လမ်းကြောင်းကိုသွားရန်အတွက် အလှာလိုက် အလှာလိုက်က ပြောင်းလဲစရာရှိသည်များကို လိုက်ပါစီးမြော ပြောင်းလဲမည်ဆိုပါက မိမိတို့မျှော်မှန်းနေသည့် ဒီမိုကရေစီလမ်းကြောင်းကို မြန်မြန်ရောက်မည်ဖြစ်ကြောင်းပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များမှ သိရှိလိုသည်များကို မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးသီတာ(မြင်းခြံ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၈ နိုင်ငံသာရှိ၍ ဩစတြေးလျ၊ ဒိန်းမတ်၊ Tanzania၊ ဆွီဒင်၊ Lithuania၊ Belarus၊ ကနေဒါနှင့် Estonia နိုင်ငံတို့ဖြစ်ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံ ဖြစ်သည့် ဩစတြေးလျနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၄ ဒသမ ၃၀ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ဘရာဇီး၊ ကိုလံဘီယာ၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်နှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၅၃နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ တူရကီ၊ နော်ဝေ၊ Mexico၊ ပြင်သစ်၊ နယူးဇီလန်၊ နယ်သာလန်နှင့် ဆွစ်ဇာလန် စသည့်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း၅၀ရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၇ ဒသမ ၆၀ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှား၊ မလေးရှားနှင့် လာအိုနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းနေကြောင်းလေ့လာတွေ့ရှိရပြီး ဗီယက်နမ်နိုင်ငံသည် ၇ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ယခုတစ်ပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိခဲ့၍ Mexico နိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် ၃ ဒသမ ၄၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ရုရှား၊ ဘရာဇီး၊ ဒိန်းမတ်၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်နှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၄၈နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံအနေဖြင့် စင်ကာပူ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ နယ်သာလန်၊ ကနေဒါ၊ နယူးဇီလန်နှင့် ဆွစ်ဇာလန် စသည့်နိုင်ငံတို့ အပါအဝင် ၅၂နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ရာခိုင်နှုန်းမှ ၇ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၇ ဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုအပတ်တွင် ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မလေးရှား၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်နေခဲ့ပါသည်။ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း ကျဆင်းနေကြောင်း လေ့လာတွေ့ရှိရပြီး၊ ဗီယက်နမ်နိုင်ငံသည် ၇ ဒသမ ၈၀ရာခိုင်နှုန်းဖြင့် ယခု အပတ်၏ ဈေးနှုန်း ကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅မှတ် ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၂ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ဧည့်မထ ၂၅ မှတ် ဆန်ဈေးများ အနည်းငယ်ကျဆင်းသွားခဲ့ပြီး ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်စပါးဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန်သုံးသိန်းကျော် မှာယူခဲ့ခြင်းကြောင့် ထိုင်းတောင်သူများအတွက် အကျိုးအမြတ်များ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကောက်သစ် ငါးမှတ်ဆန်ဖြူတန်ချိန်တစ်သိန်းကို တရုတ်နိုင်ငံ China National Cereals, Oils and Foodstuffs Corporation (COFCO) အဖွဲ့ထံ ပေးပို့သွားရမည် ဖြစ်ကြောင်းနှင့် ၎င်းအဖွဲ့သည် ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ဆန်များအား ခြောက်ကြိမ် ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြား ကုန်သွယ်ရေးဦးစီးဌာနမှ ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံမှ ၂၅ မှတ်ဆန်ဖြူ တန်ချိန် ၈၀၀၀၀ ကိုလည်း ဖိလစ်ပိုင်အစိုးရထံသို့ ဒီဇင်ဘာလအတွင်း ပေးပို့ရမည့်အပြင် ထိုင်းနိုင်ငံမှ ပို့ကုန်လုပ်ငန်းစုနှစ်ခုမှလည်း ဖိလစ်ပိုင်အစိုးရက ဖိတ်ခေါ်ကျင်းပသော ဆန်တင်ဒါတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆန်တန်ချိန် ၁၄၄၀၀၀ ခန့်ရောင်းချခွင့် ရရှိခဲ့ပါသည်။ ၎င်းတင်ဒါအောင်မြင်ခဲ့သည့်ဆန်များကို ယခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ပေးပို့ရမည်ဖြစ်ရာ နှစ်အကုန်တွင် စုစုပေါင်း ဆန်တန်ချိန် ၃၂၄၀၀၀ တင်ပို့ခွင့်ရခဲ့သဖြင့် နိုင်ငံတွင်း၌ ဆန်လက်ကျန် လျော့ကျလာပြီး ရာသီသစ်တွင် ရိတ်သိမ်းမည့် ကောက်သစ်များအတွက် ဈေးကွက်နေရာ ရရှိစေမည်ဖြစ်သည်။ ထိုင်းနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ နိုဝင်ဘာလ ၂၇ ရက်အထိ ဆန်တန်ချိန် ၉ ဒသမ ၈၉ သန်း (တန်ဖိုး ဘတ်ငွေ ၁၆၀ ဘီလျံကျော်) တင်ပို့ခဲ့ရာ ယခင်နှစ်အလားတူကာလထက် ပမာဏ ၄ ဒသမ ၅၂ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယရူပီးငွေ တန်ဖိုးကျခြင်းနှင့် ဆန်ဝယ်လိုအား လျော့နည်းခဲ့ခြင်းတို့ကြောင့် အိန္ဒိယ၏ ဆန်ပို့ကုန်ဈေးများ ဒုတိယသီတင်းပတ်တွင် ဆက်တိုက်ကျဆင်းခဲ့ပြီး အိန္ဒိယ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်ကတစ်တန်လျှင် ၃၆၆-၃၇၀ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်၌ တစ်တန်လျှင် ၃၆၄-၃၆၈ ဒေါ်လာသို့ နိမ့်ကျလာခဲ့ကြောင်း တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင်လည်း အဓိကဝယ်လက်ဖြစ်သည့် တရုတ်နိုင်ငံ၏ တင်းကျပ်လာသော ဆန်တင်သွင်းမှု စည်းမျဉ်းများကြောင့် ဆန်ပို့ကုန်ဈေးကွက် အေးစက်လာခဲ့ပါသည်။ တရုတ်၏ စည်းမျဉ်း တင်းကျပ်လာမှုအရ တရုတ်ဈေးကွက်သို့ ဗီယက်နမ်ဆန်တင်ပို့မှု ကျဆင်းလာသည့်အတွက် ဗီယက်နမ် ငါးမှတ်ဆန်ပို့ကုန်ဈေးသည် ယခင်အပတ်က တစ်တန်လျှင် ၄၀၈ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုအပတ်တွင် ၄၀၀ ဒေါ်လာသို့နိမ့်ကျလာကြောင်း သိရှိရပါသည်။

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အစိုးရက ပြည်တွင်းတောင်သူများကို အကာအကွယ်ပေးနိုင်ရန်အတွက် ဆန်တင်သွင်းမှုအပေါ် အခွန် ၂၈ ရာခိုင်နှုန်း သတ်မှတ်ခဲ့ပြီးနောက် ဇူလိုင်လမှ နိုဝင်ဘာလအတွင်း ဆန်တင်သွင်းမှုမှာ ၁၀၆၆၄၀ တန်ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရပါသည်။

ပြည်တွင်းဆန်စပါးဈေးကွက်အနေဖြင့် ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများသို့ မြန်မာ့ဆန် တင်ပို့မှုအတွက် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP) သုံးနှစ်ခန့် ယာယီရပ်၊ မရပ်ကို အီးယူအဖွဲ့ဝင်နိုင်ငံများ မဲခွဲဆုံးဖြတ်ပြီးပါက ဒီဇင်ဘာလအတွင်း အကြောင်းပြန်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ပြောကြားသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် စပိန်နှင့် အီတလီနိုင်ငံများက ၎င်းတို့နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန်အတွက် GSP ကင်းလွတ်ခွင့်ပေးထားသည့် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့ကို သုံးနှစ်ခန့် ယာယီရပ်ဆိုင်းရန် တင်ပြခဲ့ခြင်းဖြစ်ပါသည်။

GSP ယာယီရပ်ဆိုင်းမည့်ကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ နိုဝင်ဘာလ ၁၉ ရက်တွင် အီးယူကော်မရှင်ထံ တင်ပြထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရှိရပါသည်။ အီးယူဘက်မှ မြန်မာ့ဆန်တင်ပို့မှုကို GSP သုံးနှစ်ခန့် ယာယီရပ်ဆိုင်းပါက ပထမနှစ်တွင် ဆန်မက်ထရစ် တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ၁၂၅ ယူရို ကောက်ခံမည်ဖြစ်ပြီး ကောက်ခံမည့် ဆန်အမျိုးအစားများနှင့် ပတ်သက်၍လည်း ဆက်လက်ဆွေးနွေးရန်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရှိရပါသည်။

မြန်မာနိုင်ငံမှ အီးယူနိုင်ငံများသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်များမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖြစ်ပြီး ၎င်းလုပ်ငန်းများအနေဖြင့် အခြားဆန်တင်ပို့သည့်နိုင်ငံများနှင့် ယှဉ်ပြိုင်တင်ပို့နိုင်ဖို့ရန် ခက်ခဲသဖြင့် အချိန်ကာလတစ်ခုတော့ ထပ်ပေးဖို့ရန် လိုအပ်ပါသေးသည်ဟု ယင်းအသင်းချုပ် အထွေထွေအတွင်းရေးမှူးမှ ပြောဆိုခဲ့သည်ကိုသိရှိရပါသည်။ မြန်မာနိုင်ငံသည် အီးယူဈေးကွက်သို့ ဆန်နှင့် ဆန်ကွဲတန်ချိန် လေးသိန်းခန့် နှစ်စဉ်တင်ပို့မှုရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ် ဒေသဖြစ်သော မူဆယ်မြို့တွင် ဒီဇင်ဘာ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၆ ကျပ်နှုန်းရှိပြီး၊

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၅ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၀၆ | ၀.၈၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၇၀ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၃ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၃ | ၀.၈၆ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြ ထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များ တွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာ နှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့ နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများ တွင်ပါဝင်ကြောင်းတွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၆ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | Wallis and Futuna | လီတာ | ၁.၈၇ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၈၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Barbados | လီတာ | ၁.၈၅ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | နော်ဝေ | လီတာ | ၁.၈၁ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | အိုက်စလန် | လီတာ | ၁.၇၈ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွစ်ဇာလန် | လီတာ | ၁.၇၇ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၇၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | Monaco | လီတာ | ၁.၇၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၅ | ၀.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၂၈ | ၁.၁၀ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၃ | ၀.၉၄ |

Oil-Price . Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil ) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၇.၁၂.၂၀၁၈ | စည် | ၅၁.၄၉ |
| ၂ | ၁၀.၁၂.၂၀၁၈ | စည် | ၅၁.၀၀ |
| ၃ | ၁၁.၁၂.၂၀၁၈ | စည် | ၅၁.၆၅ |
| ၄ | ၁၂.၁၂.၂၀၁၈ | စည် | ၅၁.၁၅ |
| ၅ | ၁၃.၁၂.၂၀၁၈ | စည် | ၅၂.၅၈ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုသည် ကမ္ဘာ့ပျမ်းမျှဈေးနှုန်းများတွင် ဓာတ်ဆီနှင့် ဒီဇယ် ဈေးတို့ ကျဆင်းလျက်ရှိသော်လည်း ရေနံစိမ်းဈေးနှုန်းမှာ အတက်ဘက်သို့ ပြန်လည်ဦးတည်လျက်ရှိကြောင်း အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-




**စာမျက်နှာ ၁၇ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းသည် တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်တက်လာခဲ့ပြီး နိုဝင်ဘာလအတွင်း ရောက်ရှိခဲ့သည့်အမြင့်ဆုံးနှုန်းဖြစ်သည့် ၁၅၇၄ ကျပ်နှုန်းထက် ကျော်လွန်ကာ ၁၅၈၁ ကျပ်အထိ မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသကဲ့သို့ ပြည်တွင်းရွှေဈေးကွက်တွင်လည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၃၉၀၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြီးခဲ့သည့်လေးလအတွင်း ရွှေဈေးကို ပြန်ကြည့်ပါက ဩဂုတ်လအတွင်း ပြည်တွင်းရွှေဈေးနှုန်း အနိမ့်ဆုံးနှုန်း ကျပ် ၉၄၇၃၀၀ (ဩဂုတ် ၆ ရက်) အမြင့်ဆုံးနှုန်း ကျပ် ၉၈၅၀၀၀ (ဩဂုတ် ၂၈ ရက်)၊ စက်တင်ဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးဈေးနှုန်း ကျပ် ၉၆၅၀၀၀ (စက်တင်ဘာ ၂၈ ရက်)၊ အမြင့်ဆုံး ဈေးနှုန်း ကျပ် ၁၀၄၇၇၀၀ (စက်တင်ဘာ ၂၀ ရက်)၊ အောက်တိုဘာလအတွင်း ပြည်တွင်း ရွှေဈေး အနိမ့်ဆုံးနှုန်း ကျပ် ၉၆၉၀၀၀ (အောက်တိုဘာ ၁ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၀၀၀၀ (အောက်တိုဘာ ၃၁ ရက်)၊ နိုဝင်ဘာလအတွင်း အနိမ့်ဆုံးဈေးနှုန်း ကျပ် ၁၀၂၆၀၀၀ (နိုဝင်ဘာလ ၁၂ ရက်)နှင့် အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀၄၂၅၀၀ (နိုဝင်ဘာလ ၂ ရက်)တို့ ဖြစ်ကြောင်း တွေ့ရပြီး ယခု ဒီဇင်ဘာလတွင် အနိမ်ဆုံးဈေးနှုန်း ကျပ် ၁၀၁၀၀၀၀ ဒီဇင်ဘာလ ၃ ရက်၊ အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀၃၉၀၀၀ ဒီဇင်ဘာလ ၁၁ ရက်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် တစ်လအတွင်း ရွှေဈေးနှုန်း ပြောင်းလဲမှု ၃၀၀၀၀ ကျပ်ခန့်အထိ ရှိကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး မြင့်တက်ခဲ့မှုနှင့် အတူ ပြည်တွင်းအခေါက်ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဒီဇင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၁၃ ရက်နေ့အတွင်း


**စာမျက်နှာ ၁၇ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization ISO ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ White Sugar တစ်တန်လျှင် ၃-၁၂-၂၀၁၈ နေ့တွင် အမေရိကန်ဒေါ်လာ ၃၅၂ ဒသမ ၂၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၆၅ သို့ ဈေးနှုန်း အနည်းငယ် ပြန်လည်ကျဆင်းခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 12-Dec-18 | 12.83 cts/lb | 12.81 cts/lb | 345.65 $/T | 15.68 cts/lb |
| 11-Dec-18 | 12.92 cts/lb | 12.81 cts/lb | 347.15 $/T | 15.75 cts/lb |
| 10-Dec-18 | 12.82 cts/lb | 12.78 cts/lb | 345.60 $/T | 15.68 cts/lb |
| 7-Dec-18 | 12.97 cts/lb | 12.79 cts/lb | 348.90 $/T | 15.83 cts/lb |
| 6-Dec-18 | 12.74 cts/lb | 12.78 cts/lb | 344.55 $/T | 15.63 cts/lb |
| 5-Dec-18 | 12.82 cts/lb | 12.78 cts/lb | 346.00 $/T | 15.69 cts/lb |
| 4-Dec-18 | 12.85 cts/lb | 12.78 cts/lb | 346.25 $/T | 15.71 cts/lb |
| 3-Dec-18 | 13.01 cts/lb | 12.78 cts/lb | 352.25 $/T | 15.98 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၇၈၂ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ဒေါ်လာ၂၅၅၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀-၃၈၀၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၂၄-၅၉၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏သကြားဈေးမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် အနည်းငယ် ဈေးနှုန်း ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၂၆ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၂ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၆ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင်အမေရိကန်ဒေါ်လာ ၄၈၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင်ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင်ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ဘားအံမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး

**စာမျက်နှာ ၁၆ သို့**

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၃၀၅၂ ကျပ်မှ ၂၃၂၇၈ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းဆက်လက်တည်ငြိမ်နေကြောင်းလေ့လာသိရှိ ရပါ သည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက် အရကမ္ဘာ့ဆန်အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀) သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း ၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း ၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များ အရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက် အတွင်းဖြစ်ပေါ်နေ သောဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၇.၁၂.၂၀၁၈ | ၁၀.၁၂.၂၀၁၈ | ၁၁.၁၂.၂၀၁၈ | ၁၂.၁၂.၂၀၁၈ | ၁၃.၁၂.၂၀၁၈ |
| ၁ | ဧယာ | ၅ | ၂၀၇၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၂၀၀ | ၂၁၀၀၀ |
| ၂ | ဧယာ | ၁၀ | ၂၀၂၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၃ | ဧယာ | ၂၅ | ၁၈၈၀၀ | ၁၉၈၀၀ | ၁၉၄၀၀ | ၁၉၅၀၀ | ၁၉၄၀၀ |
| ၄ | ဧယာ | ၃၅ | ၁၈၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၁၀၀ | ၁၉၁၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၃၀၀ | ၂၀၈၀၀ | ၂၀၈၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၉၈၀၀ | ၂၀၇၀၀ | ၂၀၃၀၀ | ၂၀၅၀၀ | ၂၀၆၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၈၈၀၀ | ၁၉၈၀၀ | ၁၉၄၀၀ | ၁၉၅၀၀ | ၁၉၄၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၁၀၀ | ၁၉၁၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည် လျှင် ကျပ် ၂၄၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့၊ ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် (သစ်) တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၇.၁၂.၂၀၁၈ | ၁၀.၁၂.၂၀၁၈ | ၁၁.၁၂.၂၀၁၈ | ၁၂.၁၂.၂၀၁၈ | ၁၃.၁၂.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) | ၁၄၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၅ | လွိုင်ကော် | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၈ | ထားဝယ် | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၉ | မြိတ် | ၁၀၅၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၁ | ပုသိမ် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၂၀၀ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-DOCA-Domestic

မြန်မာနိုင်ငံ အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက် ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၆၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက် အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့မြန်မာနိုင်ငံတွင်လည်း ဆန် ဈေးနှုန်းများ အတက် အကျ ပြောင်းလဲမှုများ ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးကွက်သစ်များ တိုးမြှင့်လာနိုင်ခြင်းနှင့်အတူ ပြည်ပသို့ ဆန်ကြမ်းများ တင်ပို့ခြင်းထက် ပြည်တွင်းတွင်စားသုံးမှုပိုများသည့် နိုင်ငံတကာအဆင့်မီမျိုးကောင်းမျိုးသန့် ဆန်ချောများကို တင်ပို့နိုင်ရေးအတွက် သီးနှံအာမခံစနစ်၊ ရာသီဥတုကိုအခြေခံ သော အာမခံစနစ်များ အမြန်ဆုံးပေါ်ပေါက်လာစေရေး၊ ဈေးကွက်စီးပွားရေးစနစ်အရလည်း နိုင်ငံတော်မှဈေးကွက်အတွင်း ဝင်ရောက်ဝယ်ယူ ထိန်းကျောင်းခြင်းထက် ခိုင်မာသည့်ပုဂ္ဂလိက အသင်းအဖွဲ့အစည်းများအား လိုအပ်သည့်ချေးငွေထောက်ပံ့မှု အစီအစဉ်များဖြင့် ပြည်တွင်းတွင် အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ် သိုလှောင်တင်ပို့မှု လုပ်ငန်းစဉ်များကို ဆောင်ရွက် ရန်လိုအပ်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကမှီခိုအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် ကမ္ဘာ့နိုင်ငံများနှင့်အပြိုင် ယှဉ်ပြိုင်နိုင်စေရန်၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးများသည့် ရေရှည်ဖွံ့ဖြိုးသည့် စီးပွားရေးတိုးတက်စေ ရန်၊ စိန်ခေါ်မှုများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်နိုင်စေရန် အတွက် နိုင်ငံတကာဈေးကွက်အခြေအနေများ၊ မိမိနိုင်ငံ၏ ပြည်တွင်းလက်ရှိကြုံတွေ့နေရသည့် အခြေအနေများနှင့် စိန်ခေါ်မှုများစွာကို တောင်သူများ၊ ပြည်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များ သိရှိနိုင်စေရန်၊ လိုက်ပါဆောင်ရွက်နိုင်စေရန် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်းများ၊ အသိပညာ ဗဟုသုတ ဖြန့်ဝေခြင်း၊ လက်တွေ့ဆောင်ရွက်ပေးခြင်းများကို ထိထိမိမိ ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

မိမိနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အရည်အသွေးနိမ့်ကျနေခြင်းများ၊ ဈေးနှိမ်ခံရမှုများ၊ ဗဟုသုတနည်းပါးခြင်းများကြောင့် ကုန်သည်အချို့၏ အရည်အသွေးမပြည့်မီသည့် ကုန်ပစ္စည်းများတင်ပို့ခြင်းများကြောင့် တန်းဝင် ဈေးကွက်မရရှိမှုများ၊ ယုံကြည်မှု ပျက်ပြားစေနိုင်ခြင်းများ၊ တရားမဝင်တင်ပို့နေရခြင်းအခြေအနေများ၊ ကုန်သွယ်ဖက်နိုင်ငံများ၏ ယှဉ်ပြိုင်မှုပုံစံ များ၊ ဈေးကွက်ချဲ့ထွင်ကြိုးပမ်းဆောင် ရွက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့်နားလည်နိုင်စေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ ရေ မြေသဘာဝနှင့် လည်းကိုက်ညီပြီး နိုင်ငံတကာတန်းဝင် တင်ပို့ရောင်းချနိုင်သည့် ဆန်စပါးမျိုးသစ် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ဖော်ဆောင် အားပေးကြရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်ကြီးများ၏ ထုတ်လုပ်တင်ပို့မှု လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လေ့လာကာ ပြည်တွင်းထုတ်လုပ်မှု အဆင့်ဆင့်ဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက် တင်ပို့နိုင်သည့် အရည်အသွေးမီဆန်များ ဖြစ်ပေါ်လာရေးပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတကာဈေးကွက်များနှင့် Quality ပိုင်းသာလွန်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်သည့် မြန်မာ့ဆန်အား ကမ္ဘာတွင် ထိပ်တန်းရောက်ရှိလာ နိုင်စေရေး တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်း များအနေဖြင့် အစိုးရ နှင့်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

♦

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ် ပတ်ထက် သုည ဒသမ ၈၇ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဒီဇင်ဘာ ၇ | ဒီဇင်ဘာ ၁၀ | ဒီဇင်ဘာ ၁၁ | ဒီဇင်ဘာ ၁၂ | ဒီဇင်ဘာ ၁၃ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၃၅၀ | ၁၄၅၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဒီဇင်ဘာ ၇ | ဒီဇင်ဘာ ၁၀ | ဒီဇင်ဘာ ၁၁ | ဒီဇင်ဘာ ၁၂ | ဒီဇင်ဘာ ၁၃ | ဒီဇင်ဘာ ၇ | ဒီဇင်ဘာ ၁၀ | ဒီဇင်ဘာ ၁၁ | ဒီဇင်ဘာ ၁၂ | ဒီဇင်ဘာ ၁၃ |
| ၁ | မြစ်ကြီးနား | ၄၃၃၃ | ၄၂၁၂ | ၄၂၁၂ | ၄၄၇၇ | ၄၄၇၇ | ၄၈၁၅ | ၄၇၀၀ | ၄၇၀၀ | ၄၆၂၆ | ၄၆၂၆ |
| ၂ | လားရှိုး | ၄၁၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၄၈၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၃ | ကျိုင်းတုံ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ |
| ၄ | တောင်ကြီး | ၄၁၅၀ | ၃၉၀၀ | ၃၉၀၀ | ၃၈၅၀ | ၃၈၅၀ | ၄၇၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၀၀ | ၄၅၀၀ |
| ၅ | လွိုင်ကော် | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၆ | ဘားအံ | ၃၆၉၀ | ၃၆၉၀ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၄၅၆၈ | ၄၅၆၈ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၇ | မော်လမြိုင် | ၄၂၇၅ | ၄၂၃၀ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၇၇၀ | ၄၇၇၀ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ |
| ၈ | ထားဝယ် | ၄၂၇၅ | ၃၉၁၅ | ၃၉၁၅ | ၃၉၅၁ | ၃၉၅၁ | ၄၉၅၀ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ |
| ၉ | မြိတ် | ၄၂၇၅ | ၄၁၄၀ | ၄၁၄၀ | ၄၀၅၀ | ၄၀၅၀ | ၄၆၈၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၀၀ | ၄၅၀၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၅၄၆ | ၄၅၄၆ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ |
| ၁၁ | ပုသိမ် | ၄၂၀၀ | ၄၂၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၇၀၀ | ၄၇၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၂ | စစ်တွေ | ၄၃၆၀ | ၄၃၆၀ | ၄၃၆၀ | ၄၃၂၀ | ၄၃၂၀ | ၄၅၀၀ | ၄၄၄၀ | ၄၄၄၀ | ၄၃၆၀ | ၄၃၆၀ |
| ၁၃ | ဟားခါး | ၄၈၆၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၇၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၁၄ | မုံရွာ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၅ | မန္တလေး | ၄၇၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၆ | ပခုက္ကူ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၇ | မကွေး | ၃၉၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၄၆၆၀ | ၄၅၉၀ | ၄၅၉၀ | ၄၅၉၀ | ၄၅၉၀ |
| ၁၈ | ပြည် | ၄၀၀၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၄၇၀၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ |
| ၁၉ | ပဲခူး | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၂၀ | ပျဉ်းမနား | ၄၁၄၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၂၁ | နေပြည်တော် | ၄၁၄၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ |

Source : DOCA-Domestic

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ဇူလိုင်မှစ၍ တစ်လီတာလျှင် ကျပ် ၁၀၀၀ အထက်သို့ ရောက်ရှိခဲ့ပါသည်။ အောက်တိုဘာလလယ်ပိုင်းတွင် အောက်တိန်း 92 တစ်လီတာလျှင် ၁၀၆၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၁၁၁၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၀၉၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၁၁၀၅ ကျပ် အထိ အမြင့်ဆုံးဈေးများသို့ ရောက်ရှိခဲ့သည်။ ဒီဇင်ဘာ ၆ ရက်တွင် အောက်တိန်း 92 တစ်လီတာလျှင် ၈၂၅ ကျပ်၊ အောက်တိန်း 95 တစ်လီ တာလျှင် ၈၉၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၉၈၀ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၉၉၀ ကျပ် နှုန်းရှိခဲ့၍ စက်သုံးဆီအမျိုးအစားအားလုံး ကျပ် ၁၀၀၀ အောက်သို့ပြန်လည်ကျဆင်းခဲ့သည်။ ထို့ကြောင့် တစ်လီတာလျှင် ကျပ် ၂၀၀ ကျော်စီ ကျဆင်းခဲ့သည်။ အောက်တိန်း 92 သည် နိုဝင်ဘာ ၁၀ ရက်၊ အောက်တိန်း 95 သည် နိုဝင်ဘာ ၁၆ ရက်၊ ဒီဇယ်ဆီသည် ဒီဇင်ဘာ ၅ ရက်နှင့် ပရီမီယံဒီဇယ်သည် ဒီဇင်ဘာ ၆ ရက်တို့တွင် တစ်လီတာလျှင် ကျပ် ၁၀၀၀ အောက်သို့အသီးသီးကျဆင်းခဲ့သည်။ လက်ရှိကမ္ဘာ့ရေနံစိမ်းသည် ဈေးအတက်ဘက်သို့ ပြန်လည်ဦးတည်နေသည့်အတွက် ရှေ့ဆက်ပြီး ပြည်တွင်း ဈေးနှုန်း ဆက်လက်ကျဆင်းနိုင်ခြင်းရှိ/မရှိမှာ ခန့်မှန်းရခက်ခဲနေပြီး ဆက်လက်ကျဆင်းမည်လို့ လုပ်ငန်းရှင်များမှခန့်မှန်းနေကြကြောင်း ပြည်တွင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်အတွင်း အမြင့်ဆုံးနှုန်းထား ဖြစ်ပေါ်ခဲ့သည့် အောက်တိုဘာလလယ်ပိုင်း ဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် လက်ရှိဈေးနှုန်းမှာ အောက်တိန်း-92 တစ်လီတာလျှင် ၂၄၀ ကျပ် (တစ်ဂါလန် ၁၀၈၀ ကျပ်)၊ အောက်တိန်း- 95 တစ်လီတာ လျှင် ၂၂၅ ကျပ် (တစ်ဂါလန် ၁၀၁၂ ကျပ်)၊ ဒီဇယ် နှင့် ပရီမီယံ တို့မှာ တစ်လီတာလျှင် ၁၁၅ ကျပ် (တစ်ဂါလန် ၅၁၇ ကျပ်)စီ ကျဆင်းကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်း စက်သုံးဆီ ဈေးများ ဆက်တိုက်ကျဆင်းနေသော်လည်း ကမ္ဘာ့ရေနံစိမ်းဈေးသည် ရက်ပိုင်းအတွင်း အနည်းငယ်ပြန်တက်လာကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် ဒီဇင်ဘာ ၆ ရက်က တစ်စည်လျှင် ၆၁ ဒေါ်လာအထက်သို့ ရောက်ရှိခဲ့ပြီး တစ်ပတ်အတွင်း တစ်စည်လျှင် သုံးဒေါ်လာခန့် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ သို့သော် နိုင်ငံခြားငွေလဲနှုန်းသည် ရက်ပိုင်းအတွင်း ပြန်လည်ကျဆင်း၍ အနည်းငယ်ပြန်ကာမိခဲ့ကြောင်း စက်သုံးဆီ လုပ်ငန်းရှင်အချို့ထံမှ သိရှိရပါသည်။ နိုင်ငံခြားငွေလဲနှုန်းသည် ဒီဇင်ဘာ ၆ ရက်က တစ်ဒေါ်လာလျှင် ၁၅၅၀ ကျပ်ရှိသဖြင့် တစ်ပတ်အတွင်း တစ်ဒေါ်လာလျှင် ကျပ် ၂၀ ကျော်ကျဆင်းခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံများတွင် ၁ ဒသမ ၄၅ရာခိုင်နှုန်း၊ အာရှနိုင်ငံများ တွင် ၁ ဒသမ ၁၀ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံများတွင် သုည ဒသမ ၃၀ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၃၀ရာခိုင်နှုန်း အသီးသီးဈေးနှုန်း ကျဆင်းခဲ့ပါသည်။ ဩစတြေးလျနိုင်ငံများတွင် ၄ ဒသမ ၃၀ရာခိုင်နှုန်းနှင့် ကနေဒါနိုင်ငံများတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းမြင့်တက်ခဲ့ပြီး အာဖရိကနိုင်ငံများတွင် ဈေးနှုန်းအပြောင်း အလဲမရှိ တည်ငြိမ်နေပါသည်။ www .globalpetrolprices .com မှ စစ်တမ်းရယူခဲ့သည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၄၈ နိုင်ငံတွင်ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၅၄ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ၉နိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကာ ကမ္ဘာ့ဓာတ်ဆီနှင့်ဒီဇယ် ဈေးနှုန်းများ ဆက်လက်ကျဆင်း လျက်ရှိကြောင်းတွေ့ရှိရပြီး ပြန်လည် အရှိန်မြင့်တက်လာသည့် တရုတ်- အမေရိကန်စီးပွားရေး စစ်ပွဲအခြေအနေ၊ ဥရောပနိုင်ငံများ၏ နိုင်ငံရေးပြဿနာ အရှုပ်အထွေးများနှင့် တူရကီနှင့် အာဂျင်တီးနား တို့ကဲ့သို့ ထွန်းသစ်စ နိုင်ငံများတွင် ငွေကြေးတန်ဖိုးကျဆင်းခဲ့ရမှု အခြေအနေများကြောင့် ကမ္ဘာ့ စီးပွားရေးအခြေအနေ နိမ့်ကျလာနိုင်မှု နှင့်အတူ ရေနံစိမ်း ဝယ်လိုအားပါ ကျဆင်းလာနိုင်ခြင်းကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းများ ဆက်လက်ကျဆင်းလာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁၂.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၃ |
| ၂ | ၂.၁၂.၂၀၁၈ | ၁၀၂၁၀၀၀ | ၁၂၂၃ |
| ၃ | ၃.၁၂.၂၀၁၈ | ၁၀၁၀၀၀၀ | ၁၂၃၁ |
| ၄ | ၄.၁၂.၂၀၁၈ | ၁၀၁၃၀၀၀ | ၁၂၄၀ |
| ၅ | ၅.၁၂.၂၀၁၈ | ၁၀၁၄၀၀၀ | ၁၂၃၅ |
| ၆ | ၆.၁၂.၂၀၁၈ | ၁၀၂၅၅၀၀ | ၁၂၃၆ |
| ၇ | ၇.၁၂.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၂၄၈ |
| ၈ | ၁၀.၁၂.၂၀၁၈ | ၁၀၃၃၅၀၀ | ၁၂၄၇ |
| ၉ | ၁၁.၁၂.၂၀၁၈ | ၁၀၃၉၀၀၀ | ၁၂၄၈ |
| ၁၀ | ၁၂.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၄၅ |
| ၁၁ | ၁၃.၁၂.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၄၄ |

Source: estimate of world's exchange rate and gold price page

### အမေရိကန်ဒေါ်လာငွေကြေးဈေးကွက်အခြေအနေသုံးသပ်ချက်

ပြည်တွင်းငွေကြေးဈေးကွက်၌ ပြင်ပငွေလဲနှုန်း အနေဖြင့် ဒီဇင်ဘာ ၄ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၆၀ ကျပ်ခန့် စံချိန်တင် ဈေးကျဆင်းလာခဲ့ပြီး ပြည်တွင်းငွေကြေးဈေးကွက် မတည်ငြိမ်မှုကို ထိန်းနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ရောင်းချသည့် ဒေါ်လာ သန်း ၂၀ အား ရည်ညွှန်းငွေလဲနှုန်းဖြင့် ဝယ်ယူပေးခဲ့ကြောင်း၊ ဒီဇင်ဘာ ၅ ရက် နေ့တွင်လည်း ဒေါ်လာ ၁၄ သန်း ထပ်မံဝယ်ယူခဲ့သဖြင့် စုစုပေါင်း ဒေါ်လာ ၃၄ သန်း ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် တာဝန်ရှိသူမှ ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလဲနှုန်းသည်လည်း ဒီဇင်ဘာလ ၅ ရက်နေ့တွင် ၁၅၄၀ ကျပ် မှ ဒီဇင်ဘာလ ၁၁ ရက် နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၆၀ ကျပ်သို့ပြန်လည် မြင့်တက် လာခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး သည် အချိန်ပိုင်းအတွင်း အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ပို့ကုန်ကဏ္ဍပါထိခိုက်မည်ကို စီးပွားရေးလုပ်ငန်းရှင်များမှ စိုးရိမ်နေကြပါသည်။ အချိန်တိုအတွင်း ဒေါ်လာတန်ဖိုး ရုတ်တရက် အပြောင်းအလဲများခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များ အတွက်ခက်ခဲစေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက် အတွင်းရေးမှူးမှ ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator % ဖော်ပြချက်များအရ GDP Growth 6.8 %၊ Annual Rate of Inflation 6.34 % ၊ Year on Year Inflation က 8.85 % ရှိသည်ကိုလည်းလေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်မှ ၁၃ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၇-၁၂-၁၈ | ၁၀-၁၂-၁၈ | ၁၁-၁၂-၁၈ | ၁၂-၁၂-၁၈ | ၁၃-၁၂-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၅၉ | ၁၅၆၁ | ၁၅၆၄ | ၁၅၇၂ | ၁၅၈၁ | ၁.၄၁၁ | ⬆ |
| ၂ | Thai Baht | THB | ၃၂.၈၂၀ | ၃၂.၈၂၀ | ၃၂.၈၅၅ | ၃၂.၇၅၀ | ၃၂.၇၃၀ | -၀.၂၇၄ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၆၉ | ၁.၃၇၀ | ၁.၃၇၄ | ၁.၃၇၃ | ၁.၃၇၂ | ၀.၂၁၉ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၆၂ | ၄.၁၆၇ | ၄.၁၇၉ | ၄.၁၈၂ | ၄.၁၈၂ | ၀.၄၈၁ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၅၂၀ | ၁၄၅၂၀ | ၁၄၆၁၀ | ၁၄၅၇၃ | ၁၄၅၄၂ | ၀.၁၅၂ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၈၈၃ | ၆.၈၇၆ | ၆.၉၀၂ | ၆.၈၈၃ | ၆.၈၇၇ | -၀.၀၈၇ | ⬇ |
| ၇ | Indian Rupee | INR | ၇၀.၈၅၁ | ၇၀.၈၆၁ | ၇၂.၅၀၀ | ၇၃.၂၄၆ | ၇၀.၈၄၁ | ၁.၃၉၇ | ⬆ |
| ၈ | Japanese Yen | JPY | ၁၁၂.၇၂၆ | ၁၁၂.၄၆၄ | ၁၁၃.၀၈၇ | ၁၁၃.၄၈၅ | ၁၁၃.၄၀၆ | ၀.၆၀၃ | ⬆ |
| ၉ | Australia Dollar | AUD | ၁.၃၈၃ | ၁.၃၈၉ | ၁.၃၉၁ | ၁.၃၈၄ | ၁.၃၈၆ | ၀.၂၁၇ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၇၉ | ၀.၈၇၆ | ၀.၈၈၀ | ၀.၈၈၂ | ၀.၈၈၀ | ၀.၁၁၄ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၃ | ၀.၇၈၅ | ၀.၇၉၆ | ၀.၈၀၀ | ၀.၇၉၂ | ၁.၁၄၉ | ⬆ |

Source:Central Bank of Myanmar

ယခင်တစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံအများစုတွင် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ ကျဆင်းခဲ့သော်လည်း ယခုအပတ်တွင် အတက်ဘက်ပြန်လည်ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်လည်း ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ၁ ဒသမ ၄၁၁ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။


လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေအရ အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းသည် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များကို ထိခိုက်စေပြီး ယင်းကဲ့သို့ဒေါ်လာဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ဒေါ်လာဈေးနှုန်းတည်ငြိမ်နေဖို့ လိုအပ်နေချိန်တွင် ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ ပြင်ပပေါက်ဈေး ၁၄၇၀ ကျပ်ဖြစ်နေချိန်၌ သာမန်ပေါက်ဈေးထက် ကျပ်ဘီလီယံများစွာ ပိုမိုအကုန်ကျခံဝယ်ယူခဲ့ခြင်းကြောင့် ပြည်သူ့ဘဏ္ဍာ ကျပ်ဘီလီယံများစွာ နစ်နာစေခဲ့သည့်အပြင် ဒေါ်လာငွေဈေးသည်လည်း ပြန်လည်မြင့်တက်ခဲ့သဖြင့် ပြည်သူများအတွက် နစ်နာမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဗဟိုဘဏ်မှ ၎င်းတို့မှားယွင်းခဲ့ကြောင်း ဝန်ခံခဲ့သော်လည်း အကျိုး ရလဒ်အဖြစ် ကျဆင်းလျက်ရှိသည့် ဆီဈေးနှင့် ကုန်ဈေးနှုန်းများအား ပြန်လည်မြင့်တက်စေနိုင်သည့်အပြင် လတ်တလော တစ်သောင်း ကျပ်တန် အတုကိစ္စတွေကြောင့် မြန်မာငွေအပေါ် ယုံကြည်မှုနည်းနေချိန်တွင် ဗဟိုဘဏ်မှလည်း မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေတို့အပေါ် အယုံအကြည်နည်းအောင် ထပ်လုပ်သကဲ့သို့ဖြစ်စေပြီး ရင်းနှီးမြှုပ်နှံမှုကိစ္စများကိုပါ ထိခိုက်စေခဲ့ကြောင်း တွေ့ရှိရပါသည်။


သို့ပါ၍ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဗဟိုဘဏ် အနေဖြင့်လည်း မိမိတို့၏ မှားယွင်းဆောင်ရွက်ခဲ့မှုများအပေါ် ပြည်သူများအပေါ် သက်ရောက်လာနိုင်သည့် လူမှုစီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ လျှော့နည်းနိုင်သမျှ လျှော့နည်းစေရန် ကုစားနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


THIDA Chan Myay Electrical Trading Co.,Ltd.
THIDA Chan Myay အနေဖြင့်
- လျှပ်စစ်ဓာတ်အားခွဲရုံသုံး ပစ္စည်းကိရိယာ အမျိုးမျိုး....
- လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း နှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာ အမျိုးမျိုး...
- High Voltage /Low Voltage သုံး Circuit Breaker အမျိုးမျိုး နှင့် ဆက်စပ်သုံးပစ္စည်းများ...
- လျှပ်စစ်ဓာတ်အားပြောင်း (Transformer) အမျိုးမျိုးတို့ကို ရောင်းချဖြန့်ဖြူး တာဝန်ယူ တပ်ဆင်ပေးလျက် ရှိပါသည်။
- လုပ်ငန်းလိုအပ်ချက်အရ တည်ဆောက်လိုသော Transformer (KVA) အရွယ်အစားအမျိုးမျိုးတို့ကို လုပ်ငန်းအစမှ ပြီးဆုံးသည်အထိ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ပါသည်။
AS WE ARE EPC CONTRACTOR
We design, materials supply and installation of the following.
- SUBSTATION ACCESSORIES, TRANSMISSION & DISTRIBUTION LINE ACCESSORIES
- HIGH VOLTAGE/ LOW VOLTAGE SWITCHGEAR PANEL/ CUBICLES
- TRANSFORMER & ACCESSORIES
- CABLE & ACCESSORIES
OSM
NOJA POWER
-Authorized Distributor For Myanmar
-15kV, 27kV and 38kV Automatic Circuit Reclosers Noja Power (Australia)
No.17, Myintzu Street, Parami Avenue, Yankin Township, Yangon.
Contact us: 09-5133406, 09-420737407, 09-5011478, 09-5141179
Email; thidachanmyayoffice@gmail.com, office@thidachanmyay.com, engineering@thidachanmyay.com
Website : www.thidachanmyay.com


MAVERICK Management
Condominium Agency &
Distributor of Cooling Towers
Call 24 Hours Hot Line Now !!!
09 441 555 621 / 09 441 555 625


NANOVA Co.,Ltd
Scientific Equipment Division
Science is Evidence based
Modern Techonology Become Nanotechnology & Biotechnology
COUNTRY'S HEALTH & PROSPERITY
Official Suppliers
PerkinElmer
illumina
Rigaku
PHENOMWORLD
RANDOX
BIOLOG
HITACHI Inspire the Next
minipcr
HORIBA
Perten
aeroqual
VELP
AB SCIEX
WAGTECH
Trace2o
OHAUS
3M Food Safety
3B Scientific
CANBERRA
MIRION
gunt
MEKRUPHY
EXTECH
GW INSTEK Simply Reliable
ZEBALABS
Yangon 22-A, Shan Yoiktar Street, Sanchaung Township, Tel: +95 (1) 230 4901, 230 4902
Nay Pyi Taw Za /30, Ziwaka Say Sine Tan, Tha Phay Khone, Pyinmanar Tel 067 810 8083
Mandalay 153(B), 73 Street, Bet 33x34 Street, ChanAye Tharzan Tsp. Tel 09 791 360000
Email contact@nanovaptetd.com Website: www.nanova-scientific.com
helpline 09 421 360000, 09 451 360000


KYAW ELEVEN TRADING CO.LTD
Office : No.11, 11st Street, Ward 5, Lanmadaw(11131) Township, Yangon, Myanmar.
Tel : (95-1)222549, (95-1)211683 Fax : (95-1)2300097 Mobile : (95-9)5184839
Email : kyaweleven@gmail.com
thet.tin.oo11@gmail.com


DMC
Diamond Construction Co.,Ltd
Building Interior & Exterior Decoration Design
Building Interior & Exterior Decoration
Building Construction
Steel Structure
Plywood furniture processing production
No.A/56, Second Floor, U Wisara Road, Commercial Development Zone,
North Dagon Township, Yangon.
Ph : 09 404888888, 09 421000882, 09 421000996
Email : 2008qe@163.com




အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၂၅၀၈

ASAHI EITO
IS BROUGHT TO YOU FROM JAPAN BY
LION FAMILY CO., LTD



Bldg C, Rm 304, 3rd Flr, Shwe Gon Daing Rd, Aung Chan Thar Housing, Bahan Township, yangon
PH : 01401236, 09253818234 Email : lionfamilycoolingjel@gmail.com

# ထိုင်းနိုင်ငံတွင် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ (SMEs)၏ ရုန်းကန်လှုပ်ရှားမှုများကို သက်သာအောင် လုပ်ပေးမည့် အစီအမံများ ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ အစိုးရအဖွဲ့၏ ဩဇာအညောင်းဆုံးအဖွဲ့ဝင်နှစ်ဦးမှ ထိုင်းနိုင်ငံရှိ ရုန်းကန်နေရသော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း (Small & Medium Enterprise_SMEs)တစ်သိန်းကျော်၏ အကျပ်အတည်းများအား ကူညီဖြေရှင်းပေးနိုင်မည့် အစီအမံများကိုနှစ်သစ်ကူး လက်ဆောင်အဖြစ် SMEs များသို့ ပေးအပ်သည်ကို မြင်လိုကြောင်း သိရှိရသည်။ အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak မှ ၎င်းအနေဖြင့် SMEs ဆိုင်ရာ ကိစ္စရပ်များနှင့်SME Bank တို့အား ဦးစီးဆောင်ရွက်လျက်ရှိသော စက်မှုလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Uttama Savanayana နှင့် SMEs များအား ကူညီထောက်ပံ့မှု အစီအစဉ် (အဆိုပြုမှုကြမ်း)အား ဆွေးနွေးခဲ့ကြောင်း ယမန်နေ့က ပြောကြားခဲ့ပါသည်။

SMEs များ၏အတားအဆီးများအား ဖြေရှင်းပေးရန် ကူညီထောက်ပံ့မည့် အစီအစဉ်အား ယခုနှစ်ကုန်ပိုင်းတွင် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြနိုင်ရေး ဝန်ကြီးများက အဆောတလျင် ဆောင်ရွက်လျက်ရှိကြပြီး၊ အဆိုပြုထားသော အစီအမံများအနက် ၂ ခုကတော့ သေချာသလောက် ရှိကြောင်း ဒုတိယဝန်ကြီးချုပ် Somkid ၏ ပြောကြားချက်အရ သိရှိရပါသည်။ အဆိုပြု အစီအမံ ၂ ခုအနက်တစ်ခုကတော့ အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိသော်လည်း လုပ်ငန်း လည်ပတ်နိုင်သေးသည့်လုပ်ငန်းများအတွက်ဖြစ်ပြီး၊ နောက်တစ်ခုကတော့ ယခုလိုအလုပ်များသော နှစ်သစ်ကူးကာလမှာ ကုန်စည်ဖြည့်တင်းရေးအတွက် အရင်းအနှီးများ ထပ်မံလိုအပ်လျက်ရှိသည့် လက်လီ/ လက်ကား အရောင်းဆိုင်များ၊ ကုန်စုံဆိုင်ငယ်လေးများ၊ မြို့နယ်/ ရပ်ကွက်များရှိ blue-flag shops များ ၊ လယ်ယာထွက်ကုန်ပစ္စည်း အရောင်းအဝယ် ပြုလုပ်သော ဆိုင်ငယ်များနှင့် သက်ဆိုင်သည့် အစီအမံဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ကြီး Uttama မှ အဆိုပါအစီအမံနှစ်ခုလုံးသည် SMEs လုပ်ငန်းများ ပိုမိုတောင့်တင်းခိုင်မာ တိုးတက်လာစေရေးအတွက် စက်မှုဝန်ကြီးဌာန၏မူဝါဒများနှင့်အညီ စီစဉ်ဆောင်ရွက်မှုများထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများမြှင့်တင်ရေးရုံး၏ လက်ရှိရှိနေသော ကယ်ဆယ်ရေးရန်ပုံငွေနှစ်ခုအား ပေါင်းစည်း၍ ဘတ်ငွေ ၁ ဒသမ ၈ ဘီလီယံဖြင့်SMEs ကယ်ဆယ်ရေးရန်ပုံငွေ ထူထောင်ရန် အဆိုပြုထားပြီး၊ ၎င်းကို SME ဘဏ်မှ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း၊ အဆိုပါရန်ပုံငွေဖြင့် အခက်အခဲများ ရင်ဆိုင်နေရသော SMEs လုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အတိုးမဲ့ချေးငွေအဖြစ် ကူညီဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း သိရှိရပါသည်။

"လုပ်ငန်းအောင်မြင်ရေးအတွက် ဇွဲမလျှော့ဘဲ ရုန်းကန်ရန်အသင့်ရှိနေသူများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကူညီသွားမှာဖြစ်ကြောင်း၊ SMEs များ ရေရှည်ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် ရင်ဆိုင်ရလျက်ရှိသည့်အခက်အခဲများကို ကူညီဖြေရှင်းပေးသွားမှာ ဖြစ်ပါကြောင်း၊ SMEs ဘဏ်အနေဖြင့် SMEs လုပ်ငန်းများလိုအပ်သော ငွေကြေးအထောက်အပံ့ကိုသာမက SMEs လုပ်ငန်းများ လိုအပ်လျက်ရှိသည့် ငွေရေးကြေးရေးဆိုင်ရာ အသိပညာများ၊ ဈေးကွက်ချဲ့ထွင်ရေး အသိပညာများနှင့်၊ နည်းပညာဆိုင်ရာအသိပညာများ စသည်တို့ကိုပါ သိရှိနိုင်စေရန် ကူညီဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း" စက်မှုဝန်ကြီး Uttama မှ ပြောကြားခဲ့ပါသည်။

SMEs ဘဏ်ဥက္ကဋ္ဌ Mongkol Leelatham ၏ ပြောကြားချက်အရ ဒေသခံ စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေ အစီအစဉ်သည် ယခု ဒီဇင်ဘာ ၁၈ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသုံးမပြုရသေးသော ရန်ပုံငွေ ဘတ် ၃၅ ဘီလီယံ ကျန်ရှိနေသေးသည့်အတွက် ချေးငွေအစီအစဉ်သက်တမ်းအား တစ်နှစ်ထပ်မံတိုးမြှင့်ကာ ရန်ပုံငွေလက်ကျန်ကုန်သည်အထိ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း သိရှိရပါသည်။ လူမှုအသိုင်းအဝိုင်းအတွင်း ကုန်သွယ်မှု ခိုင်မာ တိုးတက်စေရေး စီမံကိန်းအရ လက်လီ/ လက်ကား အရောင်းဆိုင်များ၊ ကုန်စုံဆိုင်ငယ်လေးများ၊ မြို့နယ်/ ရပ်ကွက်များရှိ blue-flag shops များ၊ လယ်ယာထွက်ကုန်ပစ္စည်း အရောင်းအဝယ် ပြုလုပ်သော ဆိုင်ငယ်များကိုလည်း အဆိုပါ ဒေသခံ စီးပွားရေးလုပ်ငန်း များအတွက် ချေးငွေအစီအစဉ် အသုံးပြုနိုင်ရေးအတွက် ထပ်တိုးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ အဆိုပါ လုပ်ငန်းအုပ်စုများအား နည်းပညာများ အသုံးပြု၍ Digital Process ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ကာ Value Added Product များကို ၎င်းတို့ကိုယ်တိုင် ထုတ်လုပ်ရောင်းချနိုင်စေရေးဖြစ်ကြောင်း၊ သို့ဖြစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်နယ်ခွဲ များရှိလက်လီ / လက်ကား ဆိုင်ငယ်များကို ချေးငွေအစီအစဉ်တွင် ပါဝင်ခွင့် ရရှိနိုင်ရေး တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်းသည် Thung Ngern Pracha Rat (Pracha Rat Money Bag) ဟုခေါ်တွင်သော mobile application နှင့် ချိတ်ဆက်ထားပြီး၊ သက်သာချောင်ချိရေးကဒ် ကိုင်ဆောင်သူများက ဆိုင်များမှ ကုန်စည်ဝယ်ယူမှုများအတွက် ထို Application မှတစ်ဆင့် Mobile ဖုန်းဖြင့် ငွေပေးချေမှုပြုနိုင်ကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍ၊ အစိုးရပိုင်ငွေရေးကြေးရေး အဖွဲ့အစည်း၊ အစိုးရပိုင် enterprise လုပ်ငန်းများအနေဖြင့်လည်း ပိုမိုပါဝင်လာနိုင်စေရန် မျှော်လင့်ပြီး SMEs လုပ်ငန်းများမှ လိုအပ်သော သင်တန်းများ၊ ဈေးကွက်ချဲ့ထွင်ရေးဆိုင်ရာများ၊ Business Matching များ၊ ကုန်စည်များ၏ စံသတ်မှတ်မှုအဆင့်အတန်းမြှင့်တင်ရေး စသည်တို့အား အသိပညာပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း သိရှိရ ပါသည်။ သို့ဖြစ်၍ ယခုအဆိုပြုထားသော ဘတ် ၁ ဒသမ ၈ ဘီလီယံ ရန်ပုံငွေသည် စီးပွားရေး အကျပ်အတည်းဆိုက်ရောက်နေသော SMEs စက်မှုလုပ်ငန်း များအား ပြန်လည်ဦးမော့ကာ အားအင်အပြည့်ဖြင့် ရပ်တည်လာနိုင်စေရန် ကူညီနိုင်မှာဖြစ်ကြောင်း Mongkol Leelatham မှ ဆက်လက် ပြောကြားခဲ့ပါသည်။

ထို့ပြင် SME ဘဏ်အနေဖြင့် SME D Bank ဟူသော Platform အား အသုံးပြု၍ ၎င်း၏ လုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ SME D Bank သည် ထိုင်းနိုင်ငံတစ်နိုင်ငံလုံးရှိ SMEs လုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ရင်းနှီးငွေများရရှိနိုင်စေရေးအား အချိန်မရွေး/နေရာမရွေး ကူညီဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ အဆိုပါ Platform App ၏ e-library တွင် စီးပွားရေးလုပ်ငန်း ၁၅၀ နှင့် ကုန်စည်အမယ် ၁၀၀၀ ကျော်တို့အား ထည့်သွင်း ပေးထားကြောင်း သိရှိရပါသည်။

**ဝင်းပပသူ (မြဝတီ)**

# တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖိန် ပနားမားနိုင်ငံသမ္မတ Juan Carlos Varela နှင့်အတူ တရုတ်-ပနားမား ကုန်သွယ် စီးပွားပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံလုပ်ငန်းရှင်များနှင့် တွေ့ဆုံ


တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖိန်သည် ပနားမားနိုင်ငံ သမ္မတ Juan Carlos Varelaနှင့်အတူ ဒီဇင်ဘာ ၃ ရက်က ပနားမားနိုင်ငံ ပနားမားမြို့တွင် တရုတ်-ပနားမား ကုန်သွယ်စီးပွားပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နှစ်နိုင်ငံလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် သမ္မတရှီက တရုတ်-ပနားမား သံတမန် ဆက်ဆံရေးထူထောင်မှုသည် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး အနာဂတ်အလားအလာကို ပိုမိုကျယ်ပြန့်လာစေကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်စီးပွားကဏ္ဍဆက်နွယ် ပူးပေါင်းဆောင်ရွက်မှုသည် မည်သည့်အခါမျှ ယနေ့ခေတ်အခါကဲ့သို့ နီးနီးကပ်ကပ် ကျယ်ကျယ်ပြန့်ပြန့် မရှိခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများသည် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုအဓိကအင်အားစုဖြစ်ရာ အခွင့်လမ်းကောင်းများကို ဆုပ်ကိုင်ကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အတူဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန် စိတ်စေတနာအရင်းခံပြီး နိုင်ငံအသီးသီးအား တံခါးဖွင့်ကြိုဆိုလျက်ရှိရာ ပနားမားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးမှ လုပ်ငန်းရှင်များ တရုတ်နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုဆိုဖိတ်ခေါ်သလို တရုတ်လုပ်ငန်းရှင်များကို ပနားမားတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံရန် အားပေးကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် သမ္မတရှီက နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များသည် လူမှုတာဝန်များကို ထမ်းဆောင်သင့်ကြောင်း၊ ကုန်သွယ်စီးပွားနှင့်အတူ နိုင်ငံ၏ချစ်ကြည်ရေးကို သယ်ပိုးရမည်ဖြစ်ကြောင်း၊ စီးပွားရေးစီမံကိန်းများနှင့်အတူ ချစ်ကြည်ရေးမှတ်ကျောက်တိုင်များ ထူထောင်ကြရမည်ဖြစ်ပြီး တရုတ်-ပနားမား ပူးပေါင်းဆောင်ရွက်မှု၏လှပသည့် အနာဂတ်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပနားမားနိုင်ငံသမ္မတ Juan Carlos Varela ကလည်း ပနားမားနိုင်ငံနှင့် တရုတ်နိုင်ငံ၏ စက်မှုကုန်သွယ်လုပ်ငန်းများသည် တူးမြောင်း၊ ဆိပ်ကမ်းနှင့် Colón လွတ်လပ်သောကုန်သွယ်ရေးဇုန် များတွင် ဆက်သွယ်မှုများရှိခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ သံတမန် ဆက်ဆံရေးထူထောင်ပြီးနောက် ကုန်သွယ်စီးပွား ပူးပေါင်း ဆောင်ရွက်မှုများသည် တစ်နေ့ထက်တစ်နေ့တိုးမြှင့်လာကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းများ ပနားမားတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်သလို ပနားမားကိုလက်တင်အမေရိကား၏ စီးပွားရေး အခြေစိုက်နေရာအဖြစ် သဘောထားကာ နိုင်ငံနှင့်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပြီး သမ္မတရှီ ပြောကြားခဲ့သည့် အကျိုးတူဖြစ်ထွန်း ရေးပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

**Source - http://Xinhua**

**Phyu Phyu (Import)**



# နိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားအစား

# ID နံပါတ်နှင့် Smart Card များ လဲလှယ်ထုတ်ပေးသွားမည်

**မောင်လွင်ပြင်**

ဒီဇင်ဘာ ၃ ရက်က နေပြည်တော်ရှိ Hotel Max ၌ 'မြန်မာနိုင်ငံ၏ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး' အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်း အခမ်းအနား ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး အစီရင်ခံစာဆိုသည်မှာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း လူနေမှုဘဝလုံခြုံချောမွေ့ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံသားတိုင်း ရရှိခံစားခွင့်ရှိသည့် နိုင်ငံသား အခွင့်အရေးများ အညီအမျှ ရရှိခံစားခွင့်ရှိရေးတို့အတွက် စစ်တမ်းကောက်ယူပြုစုထားသည့် အစီရင်ခံစာဖြစ်မည်ဟု နားလည်မိသည်။ ယင်းအစီရင်ခံစာကို ဦးဆောင်ရှင်းလင်းတင်ပြခဲ့သည်ကတော့ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖြစ်သည်။

ယင်းအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို Smart Card ဖြင့် အစားထိုး လဲလှယ်ထုတ်ပေးတော့မည်ဆိုသော သတင်းစကားပေါ်ထွက်ခဲ့သည်။ နိုင်ငံအတွင်း နေထိုင်သူတစ်ဦးချင်းအား Unique ID Number (နိုင်ငံအတွင်းနေထိုင်ခြင်း ကိုယ်ပိုင်နံပါတ်ဟုဆိုပါစို့) ပေးအပ်မည့် အစီအစဉ်နှင့် နိုင်ငံသားကတ်ကို Smart Card ဖြင့်ထုတ်ပေးမည့် လုပ်ငန်းစဉ်များ လုပ်ဆောင်တော့မည်ဖြစ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်နိုင်ရန် e-Government အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ခွင့်ပြုထားပြီးဖြစ်ကြောင်းများကို အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အခမ်းအနားတွင် သတင်းမီဒီယာများအား ရှင်းလင်း ပြောကြားခဲ့သည်။ Unique ID Number ဆိုသည်မှာ နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားတစ်ဦးချင်းကို ဂဏန်းခြောက်လုံး သို့မဟုတ် ရှစ်လုံး စသည်ဖြင့် သတ်မှတ်ပြီး ကိုယ်ပိုင်နံပါတ်ပေးထားခြင်းကို ဆိုလိုသည်။ ယင်းနံပါတ်သည် ထိုပုဂ္ဂိုလ်အတွက် တစ်သက်စာ ကိုယ်ပိုင်သက်သေခံနံပါတ်လည်း ဖြစ်မည်။ သေသည်အထိ ဖြေဆိုသုံးစွဲသွားရမည့် နံပါတ်လည်းဖြစ်သည်။ နိုင်ငံသား အသီးသီးတွင် ကိုယ်ပိုင်နံပါတ်ကိုယ်စီရှိကြမည်။ သို့သော် ယင်းကိုယ်ပိုင်နံပါတ်သည် ပိုင်ဆိုင်သူ တစ်စုံတစ်ဦးအား မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံခြင်းမျိုး မဖြစ်စေရဟုဆိုသည်။ နိုင်ငံသားများသည် ယင်းကိုယ်ပိုင်နံပါတ်ဖြင့် နိုင်ငံသားကတ်ပြား Smart Card ပြုလုပ်ရမယ်။ ယင်း Smart Card ထဲတွင် ၎င်းနိုင်ငံသား၏ ကိုယ်ရေးအချက်အလက်များ အပြည့်အစုံပါဝင်မည်။ Smart Card ဖွင့်ကြည့်ရုံဖြင့် ၎င်းနိုင်ငံသား၏ ကိုယ်ရေးအချက်အလက်များ၊ အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များ၊ ပိုင်ဆိုင်မှုများ၊ ပညာရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များ၊ သားသမီးဆိုင်ရာ အချက်အလက်များ၊ နေထိုင်မှုအခြေအနေ၊ အလုပ်အကိုင်အခြေအနေ၊ ရွှေ့ပြောင်းနေထိုင်မှုအခြေအနေစသည့် အချက်အလက်များနှင့် အခြားပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို တစ်ထိုင်တည်း သိနိုင်မည်ဖြစ်သည်။ ယင်း Smart Card ကို e- ID ကတ်ဟုလည်း ခေါ်လျှင်ရသည်။ သဘောကတော့ နိုင်ငံသားတစ်ဦးချင်းစီ၏ Bio Matrix Data နှင့် Bio Graphic Data တို့ကို Smart Card ထဲ ထည့်သိမ်းထားခြင်းသဘောမျိုးဖြစ်သည်။ Smart Card ပြုလုပ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုလို ရှင်းပြထားသည်။

"ဒီလုပ်ငန်းစဉ်ကို e- ID ဟုခေါ်ပါတယ်။ ဒီလုပ်ငန်းစဉ်လုပ်ဖို့ e-Government အကောင်အထည်ဖော်ရေးဗဟိုကော်မတီက သဘောတူပြီးပါပြီ။ လုပ်ငန်းကော်မတီကလည်း ခွင့်ပြုပြီးပါပြီ။ ပြည်ထောင်စုဝန်ကြီးက e- ID အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ ဌာနအနေနဲ့ အဲဒီလုပ်ငန်းမှာ ကျွမ်းကျင်တဲ့ ကုမ္ပဏီတွေ၊ နိုင်ငံအနှံ့၊ ကမ္ဘာအနှံ့က ပုဂ္ဂိုလ်တွေ၊ ကုမ္ပဏီတွေ စုစုပေါင်း ၄၀ ကျော်ကို လေ့လာပြီးပါပြီ။ ကမ္ဘာ့ဘဏ်အစီအစဉ်နဲ့လည်း ဌာနတွင်းမှာ အလုပ်ရုံ ဆွေးနွေးပွဲ နှစ်ကြိမ်လုပ်ပြီးပြီ။ အဲဒီလုပ်ငန်းမှာ အအောင်မြင်ဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ စီမံချက်နဲ့ လူတစ်ဦးကို မှတ်ပုံတင်နံပါတ်တစ်ခုပေးတဲ့ Unique ID Number ခေါ်တာပေါ့။ အဲဒီက ပညာရှင်တွေနဲ့ အိန္ဒိယသံရုံးအကူအညီနဲ့ နှစ်ကြိမ်လောက် Seminar လုပ်ပြီးပါပြီ။ ဒီတစ်ပတ်အတွင်း (ဒီဇင်ဘာ ပထမပတ်) မှာပဲ ဒီလုပ်ငန်းနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ အကြံပေးပုဂ္ဂိုလ် ရွေးချယ်ဖို့ အချက်အလက်တွေ ရေးနေပါတယ်။ ရေးပြီးရင် သတင်းစာထဲမှာ ပွင့်လင်းမြင်သာရှိရှိနဲ့ အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အကြံပေးအဖွဲ့ခန့်အပ်ကြောင်း ကြေညာပါမယ်။ ခန့်အပ်ပြီးသွားရင် အဲဒီအဖွဲ့ကနေ ဒီလုပ်ငန်းနဲ့ ပတ်သက်တဲ့ကိစ္စတွေရေးမယ်။ ပြီးရင် သတင်းစာထဲကနေပဲ တင်ဒါလုပ်ငန်းခေါ်ယူသွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးရှင်းပြချက်အရ မြန်မာနိုင်ငံတွင် လာမည့် ၂၀၁၉ ခုနှစ်ထဲတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူတိုင်း Unique ID Number ဟုခေါ်သည့် မှတ်ပုံတင်နံပါတ် သို့မဟုတ် ကိုယ်ပိုင်နံပါတ်များ ကိုယ်စီထုတ်ပေးကြတော့မည် ယူဆရသည်။ ယင်းကိုယ်ပိုင်နံပါတ်ရပြီးလျှင် နိုင်ငံသားစိစစ်ရေးကတ်ကို ကိုင်ဆောင်ထားသူများအား ယင်းကိုယ်ပိုင်နံပါတ်ဖြင့် Smart Card ပြုလုပ်လဲလှယ်ပေးတော့မည်ဟုလည်း ခန့်မှန်းရသည်။ ယင်းသို့ပြုလုပ်ခြင်းသည် နိုင်ငံတော်က အရှိန်မြှင့် ဆောင်ရွက်နေသော e- Government စနစ်ပေါ်ပေါက်လာရေးလုပ်ငန်းများ စတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းဟုလည်း မြင်မိသည်။ နိုင်ငံသားများ ကိုယ်ပိုင်နံပါတ် e- ID သတ်မှတ်ရေးနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအစား Smart Card လဲလှယ်ထုတ်ပေးရေးလုပ်ငန်းများသည် e- Government လုပ်ငန်းစဉ်ထဲတွင်အကျုံးဝင်ပါဝင်နေသည်။e- Government စနစ်ဟူသည် အိုင်တီနည်းပညာကို အခြေခံသည်။ အိုင်တီနည်းပညာနှင့် နိုင်ငံသူနိုင်ငံသားများအား ပိုမိုတတ်ကျွမ်းရင်းနှီးနေခြင်းလည်း ဖြစ်သည်။ e- Government စနစ်နိုင်ငံအဝှမ်း လွှမ်းခြုံစေရန် အိုင်တီနည်းပညာများ ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ရမည်။ e- Government စနစ် အကောင်အထည်ဖော်မည်ဆိုလျှင် နိုင်ငံတော်ဘတ်ဂျက်ကိုလည်း ထုတ်နုတ်သုံးစွဲရမည်။ နိုင်ငံတကာအဖွဲ့အစည်းအချို့၏ အကြံဉာဏ်၊ နည်းပညာနှင့် ငွေကြေး အထောက်အပံ့များ ယူရမည်လည်းဖြစ်သည်။ မြန်မာနိုင်ငံသည် e- Government စနစ် ဖော်ဆောင်ကျင့်သုံးရေး အိမ်နီးချင်းနိုင်ငံများအကြား နောက်ကျကျန်ခဲ့သည့် အနေအထားရှိ၍ အမြန်နှုန်းတင်ပြီး အမီလိုက်ရန် လိုနေသည်။ ယခု ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော e- Government ဦးဆောင်ကော်မတီက လုပ်ငန်းကော်မတီများနှင့်အတူ တက်တက်ကြွကြွ ဆောင်ရွက်နေသည်။ နိုဝင်ဘာ ၂၇ ရက်က နေပြည်တော်တွင် e- Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံဖွင့်ပွဲ အခမ်းအနားလည်း ကျင်းပခဲ့သေးသည်။

အမှန်တော့ e- Government စနစ် ကျင့်သုံးခြင်းဟူသည် အစိုးရသည် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အိုင်စီတီနည်းပညာ အသုံးပြုပြီး အင်တာနက် ဆက်သွယ်ရေးအသုံးချကာ လုပ်ဆောင်ပေးသည့်စနစ်ကို ဆိုလိုသည်ဟု အကြမ်းဖျင်း မှတ်နိုင်ပါသည်။ အစိုးရသည် အုပ်ချုပ်ရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို အင်တာနက် စာမျက်နှာပေါ်တွင် ထုတ်ပြန်ကြေညာမည်။ ပြည်သူ့ဝန်ဆောင်မှုပေးရသည့် ဝန်ကြီးဌာန အဖွဲ့အစည်းများ သည်လည်း ပြည်သူသို့ ဝန်ဆောင်မှုပေးရမည့်လုပ်ငန်းများကို အင်တာနက်ဖြင့်ပင် ဝန်ဆောင်မှုပေးမည်။ ပြည်သူလူထုက လည်း အစိုးရရုံးဌာနများနှင့် ထိတွေ့ဆက်ဆံရာတွင် အင်တာနက်က တစ်ဆင့် ဆက်သွယ်ဆောင်ရွက်မည်။ စီးပွားရေးလုပ်ငန်းများသည်လည်း အစိုးရဌာနများနှင့် ဆက်ဆံရာတွင် အင်တာနက်ဖြင့် ဆက်သွယ်ဆောင်ရွက်မည်။ အစိုးရအချင်းချင်း၊ အစိုးရဝန်ကြီးဌာနအချင်းချင်းသည်လည်း ဆောင်ရွက်ဖွယ်ရာကိစ္စများကို အင်တာနက်ဖြင့်ပင် ဆက်သွယ်ဆောင်ရွက်ကြမည်။ ယင်းကို e- Government ဟု နားလည်နိုင်သည်။ ထိုသို့ဆောင်ရွက်သောအခါ ဘာအကျိုးများရလာမည်နည်း။ ပြည်သူလူထု အချိန်ကုန်သက်သာမည်။ ငွေကုန်သက်သာမည်။ အဂတိလိုက်စားမှုပပျောက်မည်။ လာဘ်ပေးလာဘ်ယူကိစ္စများ ကင်းရှင်းမည်။ ပွင့်လင်းမြင်သာသော အစိုးရဖြစ်လာမည်စသည့် အကျိုးကျေးဇူးများ ရရှိခံစားရမည်ဟု ဆိုသည်။ ထို့ပြင် နိုင်ငံသားတိုင်း Smart Card ပြောင်းကိုင်နိုင်လျှင် နိုင်ငံသားအားလုံး၏ အချက်အလက်များ နိုင်ငံတော်ထံစီးဝင်ပြီး စုဆောင်းထားနိုင်မည် ဖြစ်၍ အစိုးရသည် နိုင်ငံသားအားလုံး၏ ဘဝလုံခြုံရေးကို အပြည့်အဝထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနိုင်မည့် အကျိုးလည်း ခံစားရရရှိတော့မည်ဖြစ်ကြောင်း သိရှိလိုက်ရပါသည်။

**Commerce ကာတွန်း**



# စားသုံးသူရေးရာနှင့် သက်ဆိုင်သည့် ကြော်ငြာစာများ ရှင်းလင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၏ လမ်းညွှန်ချက်အရ ဒီဇင်ဘာ ၁၂ ရက်က မုံရွာခရိုင်ဦးစီးမှူးရုံး၌ စားသုံးသူရေးရာနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာများ ရှင်းလင်းပွဲ ကျင်းပပြုလုပ်ရာ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မုံရွာမြို့ပေါ်ရှိ မုန့်မျိုးစုံ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ မုန့်မျိုးစုံရောင်းချသည့် လက္ကား/လက်လီဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များ စသည်ဖြင့် စုစုပေါင်း ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးသူအောင်က မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် လစဉ်အစည်းအဝေးများ ပြုလုပ်ပြီး ဈေးများ၊ ကျောင်းမုန့်ဈေးတန်းဆိုင်များ ကွင်းဆင်းစစ်ဆေးပြီး၊ တားမြစ်ထားသည့် ကုန်စည်၊ ရက်လွန်စားသောက်ကုန်များ၊ ထုတ်လုပ်ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ သတိပေး၊ တားမြစ်၊ သိမ်းဆည်း၊ ဖျက်ဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုံရွာခရိုင်အတွင်း မြို့နယ်များ၌ ဈေး၊ စာသင်ကျောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် စားသုံးသူရေးရာအဖွဲ့ငယ်များ ဖွဲ့စည်းလျက်ရှိပြီး ယင်းအဖွဲ့ဝင်များကိုလည်း ယခုကဲ့သို့ ရှင်းလင်းဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က ရှင်းလင်းဆွေးနွေးရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၏ Website မှာ www.doca.gov.mm ဖြစ်ပြီး၊ စားသုံးသူပြည်သူများနှင့် လုပ်ငန်းရှင်များ ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါကြောင်း၊ သိရှိလိုသည်များကို တိုက်ရိုက်မေးမြန်းနိုင်ပါကြောင်း၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို မိမိ၏အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် တိုင်ကြားလိုသည့် အကြောင်းအရာများကို ဖြည့်စွက်၍ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်း၊ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့် အခြား ဘာသာတွဲလျက် ဖြစ်စေ ဖော်ပြရန်ကိစ္စ အမိန့်ကြော်ငြာစာကို အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ရာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ ၆ လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာ သက်ရောက်စေမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် အစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ ကလေး အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးဖြည့်စွက်စာများ၊ ဓာတုဗေဒပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းကိရိယာများစသည့် ကုန်စည် (၉)မျိုးတို့တွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်/ကြိုတင် သတိပေးချက်နှင့် ဘေးထွက်ဆိုးကျိုးတို့ကို ဖော်ပြရမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို ရှင်းလင်းကာ ကျယ်ကျယ်ပြန့်ပြန့်သိရှိ လိုက်နာဆောင်ရွက်နိုင်ရေး၊ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားနိုင်ရေးများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးကာ၊ တက်ရောက်သူ လုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းဆွေးနွေးခြင်းအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်မြတ်မူ(မုံရွာ)**

# ကျောက်တလုံးကြီးမြို့နယ်ခွဲ အသုံးတော်ကျေးရွာအုပ်စုတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ်ခွဲ အသုံးတော် ကျေးရွာအုပ်စု၊ လန့်ကွတ်ကျေးရွာတွင် ဒီဇင်ဘာ ၃ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးနှင့် အကြီးတန်းစာရေး ဦးစောနွေဝင်းတို့ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

ဟောပြောပွဲတွင် ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးက ဌာန၏သမိုင်းစဉ်အကျဉ်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏တာဝန်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော လူသုံးကုန်နှင့် ဆေးဝါးများ၊ စားသုံးဆီများ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးနှင့် မျိုးစေ့များအကြောင်း၊ ဈေးကွက်များအတွင်း လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များအား ကွင်းဆင်းစစ်ဆေးနေမှု အခြေအနေများအကြောင်း၊ ကုန်စည်များအား မဝယ်ယူမီ သတိပြုရမည့် အချက်များကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက် ဖြစ်စေ ဖော်ပြရန် လိုအပ်ပုံကိုလည်းကောင်း၊ အညွှန်းကို ပြည့်စုံစွာဖော်ပြရန်ကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအား ရှင်းလင်းဆွေးနွေးခြင်းနှင့် လိုက်နာခြင်းမရှိပါက ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးခဲ့ပါသည်။ အကြီးတန်းစာရေး ဦးစောနွေဝင်းက ဆိုးဆေးနှင့် ဆိုးဆေးပါသော အစားအသောက်များအကြောင်း၊ ဖော်မလင်အသုံးပြုနေသော အစားအသောက်များအကြောင်း၊ မှည့်ဆေးနှင့် မှည့်ဆေးအသုံးပြုထားသော အစားအစာများ၊ ဟင်းသီးဟင်းရွက်များ မချက်ပြုတ်မီ ပြုပြင်ရမည့် အစီအမံများကို ဆွေးနွေးခဲ့ကြပြီး မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားပေးခဲ့တယ်လို့ သိရပါတယ်။

ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ရွာသူ/သား အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ်/ရှုတဲလ် (၂၀၁၁) | P | ၂၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဘယ်လ်တာ (၂၀၀၇) | D | ၁၄၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ခရောင်းဆလွန်း (၂၀၀၄) | F | ၃၃၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဒိုင်ဟတ်စုဟိုက်ဂျက် (၂၀၀၉) | I | ၁၁၃ သိန်း | ၀.၆ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အေဒီဗင် (၂၀၀၉) | K | ၁၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါဖစ် (၂၀၀၇) | E | ၁၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟိုက်အေစ်/အန်စာတုံး (၂၀၀၅) | I | ၂၉၅ သိန်း | ၃.၀ ဒီဇယ်၊ ရန်ကုန် |
| ၈။ | တိုယိုတာ /ဘီဘီ (၂၀၀၉) | J | ၁၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား(နှစ် ၂၀) | | ၁၂၂ သိန်း | |

# ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ် တလုတ္တော်မြို့စည်ပင်ဈေးတွင် ရှောင်တခင်စစ်ဆေး

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ တလုတ္တော်စည်ပင်ဈေးတွင် ဒီဇင်ဘာ ၁၂ ရက်က ဟသ်ာတခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တိုးဝေအောင် ဦးဆောင်၍ စားသုံးသူရေးရာ ဦးစီးဌာန ဟသ်ာတမြို့နယ် တာဝန်ခံ ဦးလှိုင်ထွဋ်နှင့် မိတ်ဖက်ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင် (၁၄) ဆိုင်တို့အား ရှောင်တခင် စစ်ဆေးခြင်းနှင့် ဈေးကွက်နမူနာကောက်ယူခြင်းကို ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆိုင်များတွင် ရောင်းချသောကုန်စည်များ၌ ရက်လွန်စားသောက်ကုန်များရောင်းချခြင်းရှိ/မရှိ၊ တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိတို့ကို စစ်ဆေးခဲ့ပြီး၊ ပဲပင်ပေါက်ချဉ်၊ ပဲပြား၊ မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ငရုတ်ဆီနှင့် ဂျယ်လီမုန့်များကို ဈေးကွက် နမူနာကောက်ယူခဲ့ပါသည်။

အဆိုပါ နမူနာများထဲတွင် ဖော်မလင် သုံးစွဲခြင်းရှိမရှိတို့ကို ပဲပင်ပေါက်ချဉ်၊ ပဲပြား၊ မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်တို့ကို တလုတ္တော်ရဲစခန်းတွင် Rapid Test Kit ဖြင့် ဖော်မလင်သုံးစွဲခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ သုံးစွဲခြင်းမရှိကြောင်း တွေ့ရှိရပြီး ဈေးဆိုင်များတွင် တားမြစ်ကုန်စည်များ၊ ရက်လွန်ပစ္စည်းများရောင်းချမှု မရှိစေရေး သတိပေးတားမြစ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မောင်မောင်မြတ်ခိုင်**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ် | ၁၁၀၀ စ/ပေ | MB (1), BR (2) ခန်း | ၈.၅ သိန်း | ဓါတ်လှေကားပါ (၁) လငှားခနှုန်း | ၀၉/၂၅၃၈၂၈၂၀၂ |
| ၂။ | တိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ ကြည်တော်ရပ်ကွက် | ၆၅၀ စ/ပေ | အခန်းဖွဲ့ ပါကေးခင်း | ၂ သိန်း | (၁) လငှားခနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက် | (၁၄ x ၅၅ )ပေ | မြေညီ/ဟော | ၇၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ကလေးဈေးလမ်း | (၁၅ x ၄၀ )ပေ | ( ၃ ) ထပ်၊ အခန်းဖွဲ့ | ၅၅၀ သိန်း | | |
| ၅။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ သော်မစင်ရိပ်သာလမ်း | ၆၅၀ စ/ပေ | ( ၄ ) လွှာ ၊ အခန်းဖွဲ့ | ၄၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | မြေ/အိမ် | ဒဂုံမြို့သစ်(မြောက်) ၊ (၄၁) ရပ်ကွက် | မြေ ၂၄၀၀ စ/ပေ အိမ် (၁၈၀၀) စ/ပေ | MB (4) ခန်း | ၁၂ သိန်း | (၁) လငှားခနှုန်း | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | မြေ | ဖောင်ကြီး-ရန်ကုန်ကားလမ်း၊ လှည်းကူးမြို့နယ်၊ ရွာအနီး | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၅၅ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၈။ | မြေ | သန်လျင်မြို့နယ်၊ အောင်ချမ်းသာ | (၄၀ x ၆၀)ပေ | မြေသီးသန့်/ပါမစ် | ၂၂၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၉။ | မြေ | မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း | ၂၄၀၀ စ/ပေ | မြေသီးသန့်/ဂရံ | ၁၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |

# ပုသိမ်မြို့စားသုံးသူရေးရာ ဦးစီးဌာနတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (ဧရာဝတီတိုင်းဒေသကြီး) ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

ပုသိမ်မြို့စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ဧရာဝတီတိုင်းဒေသကြီး) ဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်အောင်ဝင်း (UMFCCI)မှ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ အတွင်းရေးမှူး ဦးကျော်သူ၊ ဦးတင်အောင်နှင့် ရုံးအဖွဲ့များ၊ ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းနိုင်နှင့် ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ARCCI အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ စုစုပေါင်း ၁၀၂ ဦး တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်အောင်ဝင်းက ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်မှသည်စွမ်းဆောင်ရည်အပေါ် အဓိကကျပြီး ယခုဖွဲ့စည်းမည့်အသင်းတွင် သီးနှံ ၁၀ မျိုးဖြစ်သော (ပီလောပီနံ၊ ကွမ်းသီး၊ သီဟိုဠ်၊ ငှက်ပျော၊ သရက်၊ ဖရဲ၊ သခွား၊ ဟင်းသီးဟင်းရွက်၊ အုန်း၊ ပန်း)တို့မှာ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သူများပြား၍ ယင်းအသင်းဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်မှ ထုတ်ပြန်သည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အသင်းသားများအား အသိပေးနိုင်ခြင်း၊ အသင်းသူအသင်းသားများ၏ အခက်အခဲကိုဖြေရှင်းပေးနိုင်ခြင်း၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ တရားဝင် ထုတ်လုပ် ဖြန့်ဖြူး ရောင်းချနိုင်ခြင်း၊ နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်မှုသင်တန်းများလည်း မျှဝေပေးနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် အတွင်းရေးမှူး ဦးကျော်သူတို့က အသင်း၏သမိုင်းကြောင်း၊ ဧရာဝတီတိုင်းအသင်း ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို အသေးစိတ်ဆွေးနွေး၍ တက်ရောက်လာသူ လုပ်ငန်းရှင်များ၏ သဘောဆန္ဒနှင့်အညီ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းကို ဥက္ကဋ္ဌ ဦးဝင်းမြင့်(ပုသိမ်)၊ အတွင်းရေးမှူးအဖြစ် ဦးထူးလင်းကျော် (သာပေါင်း) နှင့် အလုပ်အမှုဆောင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## စားသုံးသူမနစ်နာစေရေး အင်းတော်မြို့နာမည်ကြီး ငါးကြီးချဉ် ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့တွင် သမိုင်းဝင် မန်လည်မြို့ဟောင်း၊ ရှုခင်းသာ အင်းတော်လေးအင်း၊ ကမ္ဘာ့အကြီးဆုံးဖြစ်လာမယ့် ဗုဒ္ဓဝင်ဇာတ်တော်ရုပ်ပုံတော်များထွင်းထုထားတဲ့ စည်တော်ကြီး၊ လက်ရှိတူးဖော်နေတဲ့ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာ့စစ် ဂျပန် စစ်ဆေးရုံဟောင်းများရှိသလို အင်းတော်မှတစ်ဆင့် ဗန်းမောက်ဇလုံတောင်ဘုရား၊ အင်းတော်ကြီးရွှေမဥ္ဇူရေ လယ်ဘုရားများသို့ ခရီးသွား ဧည့်သည်များနားခိုရာ ဆုံချက်နေရာဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား (NH-47) ဗျူဟာလမ်းပေါ် မှာ ရှိတဲ့မြို့ဖြစ်ပါတယ်။

အင်းတော်ဒေသထွက် ငါးကြီးချဉ်မှာ ခရီးသွားများ အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူလျက်ရှိတာကြောင့် ကားလမ်းဘေးဈေးဆိုင်များမှာ အထုပ်လှလှလေးများဖြင့် ထုပ်ပိုးထားခြင်းကြောင့် ရောင်းအား ကောင်းလျက်ရှိကြောင်း သိရပါတယ်။ ဒါကြောင့် နာမည်ကောင်းရနေတဲ့ အင်းတော်ငါးကြီးချဉ်များ ဝယ်ယူရာတွင် စားသုံးသူများ နစ်နာမှုမရှိစေရေးအတွက် စစ်ဆေးပညာပေးရန် ညွှန်ကြားချက်အရ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ထွေ/အုပ်၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ စည်ပင်သာယာ၊ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း စစ်ဆေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါ အင်းတော်မြို့ဒေသထွက် ငါးကြီးချဉ်၊ ငါးလေးချဉ်၊ ငါးဆုပ်ချဉ်များအား လုပ်ငန်းရှင် ဆယ်ဦးကျော်မှ ဖြန့်ဖြူးရောင်းချပြီး၊ မြို့တွင်းကားလမ်းဘေးတွင် ဆိုင်ခန်းပေါင်း ၃၀ နီးပါးဖြင့် ရောင်းချလျက်ရှိပါတယ်။ ကုန်အမှတ်တံဆိပ်ပြည့်စုံအောင် ထည့်သွင်းထားခြင်း မရှိသော ငါးကြီးချဉ်ထုပ်များအား ပူးပေါင်းအဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးရာတွင် အကောင်ကျနေသော ငါးကြီးချဉ်အထုပ်များ၊ မှိုတက်နေသော အထုပ်များ၊ ရိနေပြီး မလတ်ဆပ်၊ မသန့်ရှင်းသော အထုပ်များ တွေ့ရှိရတာကြောင့် စားသုံးသူများ နစ်နာမှုမရှိစေရေး လုပ်ငန်းရှင်များအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး၊ ထုတ်ကုန်လုံခြုံစိတ်ချစေရေး၊ ဒေသထွက်ကုန် ငါးကြီးချဉ် နာမည်မပျက်စေရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနဲ့အညီ ထုတ်လုပ်ရောင်းချရန် အသိပညာပေးခြင်း၊ သတိပေး တားမြစ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**



## ရိုဒ်ကုန်သွယ်ရေး စခန်းမှ ဓာတ်မြေဩဇာ တင်သွင်းမှု ပိုမိုလာ

မြန်မာ-အိန္ဒိယနယ်စပ် ချင်းပြည်နယ်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှမြန်မာ့တောင်သူလယ်သမားဦးကြီးများ အသုံးပြုလျက်ရှိသော အဓိကသွင်းအားစုဖြစ်သည့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလတွင် ၉၆၆၉ ဒသမ ၂၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၆ သန်း တင်သွင်းနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလတွင် တင်သွင်းခဲ့သည့် ဓာတ်မြေဩဇာ ၇၄၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၇ သန်းနှင့် နှိုင်းယှဉ်ပါက ၂၂၆၉ ဒသမ ၂၆၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၄၀၉ သန်း ပိုမိုခဲ့ပြီး ယခင်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလထက်လည်း ၃၁၆၉ ဒသမ ၂၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၆ သန်း ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ပြည့်ဖြိုးအောင် (ရိဒ်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၇-၁၂-၂၀၁၈ မှ ၂၃-၁၂-၂၀၁၈ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး

### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဝင်ငွေအနေနှင့် သင့်တင့်ကောင်းမွန်သောအခြေအနေရှိတတ်သည်။ ဆီထွက်သီးနှံများနှင့် အရည်ရွှမ်းသော အသီးအနှံများ ရောင်းဝယ်ပါက အကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေးကြိုးစားနေရသောကြောင့် အခက်အခဲအနည်းငယ်ရှိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းပါသည်။ ကျန်းမာရေးအနေဖြင့် ဝမ်းချုပ်ခြင်း၊ လိပ်ခေါင်းဖြစ်စေ၊ အူကျခြင်း ရောဂါတို့ဖြစ်တတ်သည်။ **ယတြာ။ ။စိန္တာမဏိဂါထာရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတစ်ခုတည်ထောင်လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းရှင်ကြီးများထံ မှီခို၍ တပည့်ခံမှတ်သားမှသာ အဆင်ပြေတတ်ပါသည်။ ရော်ဘာနှင့် ရော်ဘာထွက် ပစ္စည်း၊ ဓါတုဗေဒပစ္စည်းများနှင့်ပတ်သက်ပြီး စီးပွားရေး လုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်ဖြစ်ပါသည်။ ပညာရေး၊အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် အဆစ်အမြစ်နာကျင် ကိုက်ခဲသောဝေဒနာ ခံစားနေတတ်ပါသည်။

**ယတြာ။ ။ ဘုရားမှာ ရေစင်သွန်း၍ မေတ္တာပို့ဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** ရိုးသားပွင့်လင်းစွာ ပြောတတ်သောကြောင့် အချို့သော သူတို့၏ အမြင်စောင်းခြင်း၊ အထင်လွဲခြင်းခံရတတ်သည်။ စီးပွားရေးလုပ်ငန်းများကို နည်းဗျူဟာများ ပြောင်းလဲအသုံးပြု လုပ်ဆောင်ပါက အောင်မြင်မှုများရရှိမည်။ နိုင်ငံခြားဆေးဝါးများနှင့် ဆရာဝန်သုံးပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး ကောင်းနေမည်။

**ယတြာ။ ။ဘုရားတွင် စိန်ပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကျွမ်းကျင်သောပုဂ္ဂိုလ်များ၏ အကြံဉာဏ်ပေးမှုနှင့် ကိုယ်တိုင်တီထွင်ကြံဆမှုတို့ ပေါင်းစပ်လုပ်ကိုင်သော လုပ်ငန်းများ အောင်မြင်လိမ့်မည်။ ပညာဉာဏ်ထက်မြက်နေမည်။ အချစ်ရေးတွင် ချစ်သူအပေါ် သဝန်တိုစိတ်များရှိနေသောကြောင့် မကြာခဏ ပဋိပက္ခများဖြစ်တတ်သည်။ ကျန်းမာရေးတွင် ဦးခေါင်းပိုင်းဆိုင်ရာ လုပ်ငန်းများ ချို့ယွင်းမှုရှိတတ်သည်။ ဦးခေါင်းပိုင်း ဝေဒနာဖြစ်တတ်သည်။ **ယတြာ။ ။ခရေပန်းသက်စေ့လှူပြီး လိုရာဆုတောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများချဲ့ထွင်လုပ်ကိုင်သင့်သည်။ ကျောက်စိမ်း၊ ပတ္တမြားနှင့် ရွှေငွေ ကျောက်မျက်ရတနာတို့ အကျိုးပေးကောင်းလိမ့်မည်။ ဉာဏ်ရည် ဉာဏ်သွေးမြင့်မားမှုကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ကံအကောင်းကြီး မဟုတ်သော်လည်း မဆိုးပါ။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုရောဂါ ဝေဒနာ ခံစားရမှုရှိတတ်ပါသည်။ **ယတြာ။ ။ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်မှုရှိနေမည်။ ဟိုတယ်၊ မိုတယ်။ စားသောက်ဆိုင်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အလှဆင်လုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ ပညာရေးတိုးတက်မှုရှိသည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာစွာ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူနှင့် ကြုံဆုံရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်ဥပဒ်ပေးသော ဝေဒနာ ခံစားရလိမ့်မည်။ **ယတြာ။ ။ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** တိုးချဲ့သော လုပ်ငန်းထက် မူလစီးပွားရေးလုပ်ငန်း ပိုမိုအားကောင်းနေမည်။ ပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်တင်ယာဉ်များနှင့် ပတ်သက်ပြီး အကျိုးပေးအားကောင်းနေလိမ့်မည်။ ပညာရေးတွင် မည်သို့သော ပညာရပ်မဆို ကြိုးစားအားထုတ်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မကြာခဏ စကားစစ်ထိုးပွဲရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အပူလွန်ကဲသော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ **ယတြာ။ ။အင်ကြင်ပန်းလှူပါ။**

# ပြည်ပဝယ်လိုအားရှိသဖြင့် ကြောင်ပန်းစေ့ဈေးမြင့်၊ စိုက်တောင်သူများ ဝင်ငွေရနေ

နတ်မောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်တွင် ကြောင်ပန်းစေ့အား ယာမြေခြံစည်းရိုးများ၌ စိုက်ပျိုးကြရာ ယခုနှစ်စိုက်ပျိုးသူပိုများလာကြောင်း သိရသည်။

"ယခင်ကတော့ ချောင်းမြေတွေနဲ့ ရိုးခြောက်တွေမှာ။ စိုက်ကြတာပါ။ ဒါကို အဓိက စီးပွားရေးတစ်ခုအနေနဲ့ စိုက်တာတော့မဟုတ်ဘူး။ ဝင်ငွေရအောင် စိုက်တာ။ လွန်ခဲ့တဲ့ သုံးနှစ်က ကြောင်ပန်းစေ့တစ်ပိဿာ ကျပ် ၈၀၀ ပဲရှိတယ်။ စိတ်ဝင်စားမှု နည်းတာပေ့ါ။ ယခုတော့ ကြောင်ပန်းစေ့တစ်ပိဿာ ကျပ် ၁၈၀၀ ဈေးပေါက်တယ်။ ဈေးကွက်မှာလည်း ဝယ်သူများတဲ့အတွက် ဈေး ကောင်းတယ်။ ဒါကြောင့် စိုက်သူများ နေတာပါ" ဟု ရေနံချောင်းမြို့နယ် ကျွန်းချောင်းကြီး ကျေးရွာက တောင်သူတစ်ဦးက ပြောသည်။ ကြောင်ပန်းပင်ကိုင်းကို ခားနှင့်ခုတ်ဖြတ်၍ ရရှိသော ကြောင်ပန်းသားကို နှစ်ပေပတ်လည် မြေကျင်းတူးပြီး မြေသြဇာများကျွေးပြီး ကြောင်ပန်းသားကို စိုက်ပျိုးနိုင်ကြောင်း၊ သုံးနှစ်မှ ငါးနှစ်အတွင်း မြေအမျိုးအစားပေါ်မူတည်၍ အသီးကို ဆွတ်ခူးရောင်းချနိုင်ကြောင်း သိရသည်။ လက်ရှိ ကြောင်ပန်းစေ့ တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ကနေ ကျပ် ၁၈၀၀ အတွင်း ရောင်းရပြီး ရေနံချောင်းမှပွဲစားများက မန္တလေးသို့ တင်ပို့ကာ တရုတ်နိုင်ငံကို တင်ပို့ရောင်းချကြောင်း ဒေသခံပွဲစားများက ပြောသည်။

**ရွှေစင် (ရေနံချောင်း)**

# ခရမ်းချဉ်သီးဈေးကောင်းသောကြောင့် ရေနံချောင်း ဝက်မစွတ်ပေတောမှ ခရမ်းချဉ်စိုက်တောင်သူများ ဝင်ငွေရ



မြေနုကျွန်းမြေများတွင် စိုက်ပျိုးသော သီးနှံများအနက် ခရမ်းချဉ်ပင်များမှ ခရမ်းချဉ်အပင် သောင်းချီ စိုက်ပျိုးသောတောင်သူများသည်တစ်ဦးလျှင် ကျပ်ငွေသိန်း ၂၀၀ မှ သိန်း ၃၀၀ အထိ ဝင်ငွေရရှိကြောင်း ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စု ပေတောရွာမှ ဒေသခံတောင်သူ ကိုထွန်းမင်းထံမှ သိရသည်။

မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး တစ်ထရိုင်(၂)မျိုး ကျပ် ၇၀၀ တရုတ်မှုန်းနီ ၉၀၉ ထိုင်းမျိုး ကိုးထရိုင်မျိုးများ စိုက်ပျိုးပြီး ခရမ်းချဉ်တစ်ပင် တစ်ပိဿာမှ ၃ ပိဿာခွဲထွက်ပြီး ဖောက်သည်ဈေး ကျပ် ၉၀၀ ဖြစ်သည်။လက်ရှိလက်လီဈေး ကျပ် ၁၁၀၀ မှ ကျပ် ၁၃၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

သီးစိုနှင့် သီးခြောက်နှစ်မျိုးကို ရှမ်းပြည်နယ် တောင်ကြီးဒေသမှ လာသော ခရမ်းချဉ်သီးကို တောင်ပေါ်သီးဟူ၍လည်းကောင်း၊ သီးခြောက်ဟုလည်းကောင်း ခေါ်ကြသည်။

မကွေးတိုင်းဒေသကြီး မြေလတ်ဒေသ ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်၊ မကွေး၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ ဆင်ဖြူကျွန်း မင်းဘူးဒေသထွက် ခရမ်းချဉ်သီးများကိုသီးစိုဟု ခေါ်လေ့ရှိသည်။

"သီးစိုက ဟင်းချက်ရင်ချက်ရတာ လွယ်တယ်။ သီးခြောက်က အခွံအသားမာတယ်။ မာခေါက်ခေါက်နဲ့" ဟု ခရမ်းချဉ်စိုက်တောင်သူ ပေတောရွာမှ ကိုထွန်းမင်းက ရှင်းလင်းပြောပြသည်။

**ဝင်းမောင် (မကွေး)**

# ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာပိုမိုတင်ပို့

ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅၃ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၅၈၂၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၈၅၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၃၃၇ တန်နဲ့ MSR-20 အမျိုးအစား ၁၄ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား တန်ချိန် ၂၉၀၊ တရုတ်နိုင်ငံသို့ RSS-3 အမျိုးအစား ၈၅၄ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၃၁၉ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၄၃ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။



ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးနှုန်းပြောင်းလဲမှုမရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ ဈေးလည်း ပြောင်းလဲမှုမရှိကြောင်းနဲ့ မြန်မာနိုင်ငံတွင် စတင်ထုတ်လုပ်နေသော ရော်ဘာအမျိုးအစားသုံးမျိုးကိုလည်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။

| | | |
|---|---|---|
| SR (CV)အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀ -၁၆၀၀ |
| MSR (L)အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀ -၁၅၀၀ |
| MSR (3 L)အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀ -၁၄၅၀ |

# မပျော်ရွှင်နိုင်သော စားသုံးသူဘဝမှ ပျော်ရွှင်နိုင်သော စားသုံးသူဘဝသို့

[ သင်းသင်းအေး(မုံရွာ) ]

(ယခင်တစ်ပတ်မှအဆက်)

**ဥပဒေအရတားမြစ်ချက်များ**

၁။ ရည်ရွယ်ချက်ရှိရှိ မမှန်မကန် ဖော်ပြခြင်း နှင့် လှည့်စားခြင်းများမပြုလုပ်ရန်

၂။ စားသုံးသူများအား သတင်းအချက်အလက်ပြည့်စုံစွာ မဖော်ပြမှုမပြုရန်နှင့်

၃။ တရားမျှတခြင်းမရှိသော ပြုမူဆောင်ရွက်ချက်များ မပြုလုပ်ရန်တို့ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်တွင် သမ္မတ John F Kennedy က စားသုံးသူတွေရဲ့ အခြေခံအခွင့်အလမ်းတွေကို တရားဝင်လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအတွက် မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါတယ်။ ၁၉၈၅ ခုနှစ် ဧပြီ ၁၆ ရက်မှာ ကုလသမဂ္ဂအထွေထွေညီလာခံမှာ စားသုံးသူ ကာကွယ်ရေးအတွက် လမ်းညွှန်ချက်များ အတည်ပြု သတ်မှတ်ခဲ့ပါတယ်။ Asean Economic Community (AEC) အာဆီယံစီးပွားရေးအသိုက်အဝန်းကြီး မဏ္ဍိုင်(၄)ရပ်ရှိသည့် အနက် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသမဏ္ဍိုင် လက်အောက်မှာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟာ ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အာဆီယံနိုင်ငံများနှင့် လက်တွဲပြီး မြန်မာနိုင်ငံသည်လည်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်သွားရမှာလည်းဖြစ်ပါတယ်။

သတိမမူ ဂူမမြင်ဆိုသလိုမပြုပြင်ဘဲ ဒီအတိုင်း နေထိုင်စားသောက်ကြမယ်ဆိုရင် အနာဂတ် မြန်မာ့လူ့သက်တမ်းဟာ စိုးရိမ်ဖွယ် နိမ့်ကျလာနိုင်တဲ့အတွက် ၅၃ဒသမ ၄၉ သန်းသော မြန်မာနိုင်ငံသား အားလုံးရဲ့ အကျိုးစီးပွားအတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၅- ခုနှစ် ဧပြီလ ၁ ရက်တွင် ကုန်သွယ်မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်ဧပြီ ၁ ရက်မှ စတင်၍ စားသုံးသူရေးရာဦးစီးဌာနကို သီးခြား ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ဖွဲ့စည်းတာ (၂)နှစ်သာရှိပါသေးတယ်။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဟာ ကျယ်ပြန့်တဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ စားသုံးသူရေးရာဦးစီးဌာနတစ်ခုတည်းဖြင့် အောင်မြင်စွာဆောင်ရွက်ရန် ခဲယဉ်းလှပါတယ်။ သက်ဆိုင်ရာဌာနများ၊ ပြည်သူများ၊ ပူးပေါင်းပါဝင်မှသာ အချိန်တိုအတွင်း ထိရောက် စွာအောင်မြင်မှာဖြစ်ပါတယ်။ နှစ်နှစ်သာရှိသေးပေမယ့် အတော်လေး ကျယ်ပြန့်အောင်မြင်နေတာကို တွေ့ရပါတယ်။ အဲဒီလို အောင်မြင်မှသာ မြန်မာနိုင်ငံအတွင်းရှိ စားသုံးသူပြည်သူများအားလုံး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိ လာမှာဖြစ်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော နိုင်ငံတကာ သတ်မှတ်ချက်များနှင့် ကိုက်ညီသောကုန်စည်၊ ဝန်ဆောင်မှုများကို ရရှိသုံးစွဲလာနိုင်မှာဖြစ်ပြီး ဘေးကင်းကျန်းမာပျော်ရွှင်သောဘဝကို သက်တမ်းစေ့နေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ စားသုံးသူပြည်သူတွေ လူ့သက်တမ်းစေ့နေနိုင်ဖို့နှင့် စားသုံးသူတွေဟာ မိမိတို့ရဲ့ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆို ရယူရန်နှင့် ကုန်စည်(သို့)ဝန်ဆောင်မှုများကို သုံးစွဲရာမှာ လိမ်လည်လှည့်ဖြားမှုမခံရစေရန်၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဘေးန္တရာယ်ကင်းရှင်းသော ကုန်စည် (သို့) ဝန်ဆောင်မှုများကို ထုတ်လုပ်လာစေရန်၊ ဆောင်ရွက်လာစေရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ စားသုံးသူဘက်၊ ထုတ်လုပ်ရောင်းချသူဘက်၊ တစ်ဖက်ဖက်မှ ဘက်မလိုက်ဘဲ စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်ပေးနိုင်သောစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်မှုမရှိစေနိုင်သော နည်းလမ်းများ ဖြစ်ပေါ် လာစေရန် ရည်ရွယ်ပါတယ်။

အဲဒီစားသုံးသူအကာအကွယ်ပေးရေး ဥပဒေဟာဆိုရင် ထုတ်လုပ်သူများအား ဖိနှိပ်ပြီး စားသုံးသူများအား အကာအကွယ်ပေးခြင်းမျိုးမဟုတ်ဘဲ စားသုံးသူများကိုလည်း အပြည့်အဝ ကာကွယ်ပေးပြီး နိုင်ငံ၏ထုတ်လုပ်မှုစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပေးမယ့် ဥပဒေဖြစ် ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးလုပ် ငန်းဟာ တစ်ဦးတစ်ယောက်တည်း အဖွဲ့အစည်းတစ်ခုတည်းလုပ်ဆောင်၍ မရနိုင်ပါဘူး။ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှသာ ထိရောက်အကျိုးရှိဖြစ်မှာဖြစ်ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများသည် စားသုံးသူထံ အရောက်သွားပြီး စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် ဗဟုသုတများအား ပြည်သူများ သိရှိနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများနှင့် လူထုအလေး ဂရုပြုလုပ်ရှားဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါတယ်၊

ကျွန်မတို့ စားသုံးသူများနေ့စဉ်စားသောက် သုံးစွဲနေသည့် ကုန်စည်၊ ဝန်ဆောင်မှုများ၏ သတိပြုဆင်ခြင်သင့်သည့် အန္တရာယ်ရှိ အစားအသောက်များနှင့် လုံခြုံစိတ်ချရမှုမရှိသည့် လူသုံး ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအပိုင်းမှာတော့ လူတွေဟာ အစားအသောက်ကို ဘာနဲ့အရင်စားပါသလဲ၊ မျက်စိ၊ အမြင်နဲ့စားပြီး နှာခေါင်းလေးနဲ့ အနံ့ခံပြီးစား၊ နောက်ဆုံးမှာပါးစပ်နဲ့စားပါတယ်။ အဲဒီလိုစားတဲ့အခါမှာ သင့်/မသင့်၊ တည့်/မတည့် အသိဉာဏ်လေးနဲ့ ဆင်ခြင်သတိပြုစားကြဖို့ တိုက်တွန်းလိုပါတယ်။

ဝန်ဆောင်မှုဆိုရင်လည်း ကားစီးတယ်ဆိုရင် ကားလက်မှတ်မှာ aircon Bus တကယ်စီးတော့ air con က မကောင်းတာ၊ လူစီးသီးသန့်ဆိုပြီး လူ တွေအပြင် ကုန်ပစ္စည်းတွေပါ ရောတင်တာတွေရှိနေကြတယ်။ နောက်ဟိုတယ်မှာ တည်းခိုတယ်ဆိုရင်လည်း ပေးရတဲ့ငွေကြေးနဲ့မမျှတဲ့ ဝန်ဆောင်မှုအပြည့်အဝ မရတာမျိုးတွေ ရှိနေပါတယ်။ သတ်မှတ်စံချိန်စံညွှန်းမမီတဲ့ဝါယာကို အသုံးပြုမိလို့ ဝန်အားနဲ့ ခံနိုင်အားမမျှလို့ ဝါယာရှော့ဖြစ် မီးလောင်ဆုံးရှုံးရတာတွေ ဒါတွေဟာ ကျွန်မတို့ စားသုံးသူတွေအတွက် နစ်နာဆုံးရှုံးမှုတွေပဲ ဖြစ်ပါတယ်။ အဲဒီလို ဆုံးရှုံးမှုတွေအတွက် အခုအခါ ဥပဒေပေါ် ပေါက်လာပြီဖြစ်တဲ့အတွက် စားသုံးသူများဟာ မိမိတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုလည်း တောင်းဆိုရယူနိုင်မယ်။ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရှိပါတယ်။ မိမိတို့ရဲ့နစ်နာဆုံးရှုံးမှုတွေ အရေးဆို တိုင်ကြားကြပါ။ ရသင့်တဲ့အခွင့်အရေးတွေကို တောင်းဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဒါပေမဲ့ ကျွန်မတို့ စားသုံးသူတွေဟာလည်း လူနေမှုဘဝ နိမ့်ကျလို့ဆိုပြီး နောင်ခါလာ နောင်ခါ ဈေးပဲကွာ၊ အခုဖြစ်တာမှ မဟုတ်တာဆိုတဲ့ စိတ်မမွေးသင့်ပါဘူး။ ဥစ္စာကိုကံစောင့်အသက်ကို ဉာဏ်စောင့်ဆိုတဲ့ စကားအတိုင်း ကိုယ်ပိုင်ဉာဏ်လေးနှင့် ဆင်ခြင်ချင့်ချိန် စားသောက် နေထိုင်သင့်ပါတယ်။ ကုသခြင်းထက်ကာကွယ်ခြင်းက ပိုပြီး ထိရောက်ပါတယ်ဆိုတဲ့ ကျန်းမာရေးဆောင်ပုဒ်နဲ့အညီ ကျန်းမာရေးအမြင်/အသိဖြင့် စိစစ်ရွေးချယ် ဝယ်ယူစားသောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

အခုရေးသားတင်ပြသောအချက်များအား စားသုံးသူအနေဖြင့် သိရှိပြီး ကုန်စည်(သို့) ဝန်ဆောင်မှုကို ဝယ်ယူသုံးစွဲသည့်အခါတွင် မည့်သည်အချက်များကို သေချာစွာကြည့်ရှုရှောင် ရှားရမည်ကို သိရှိစေနိုင်ပြီး စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် မိမိလုပ်ငန်း၏ ပြင်ပတွင်ရှိသည့် လုပ်ငန်း၏ တစ်ခုတည်းသော တန်ဖိုးရှိသည့်အရာမှာ ဂုဏ်သိက္ခာဖြစ်ပါတယ်။ ယနေ့သတင်းအချက်အလက်ခေတ်တွင် ဂုဏ်သိက္ခာသည် ပိုမိုအရေးကြီးသည့်အတွက် ရှောင်ကြဉ်နိုင်ရန် တားမြစ်ထားသည့်အချက်များ ကိုပါ သိရှိစေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

နိုင်ငံသားတိုင်းသည် မည်သည့် အလုပ်မျိုး ကိုမဆို တာဝန်ယူစိတ်ဖြင့် ပြုလုပ်မှသာလျှင် မိမိတို့ ရရှိနိုင်သော အခွင့်အရေးများကို ရရှိနိုင်မှာဖြစ်ပါတယ်။ စားသုံးသူတိုင်းသည် မည်သည့်အချက်များသည် မိမိတို့လိုက်နာ တာဝန်ယူရမည့်အချက်များဖြစ်ပြီး မည်သည့်အခွင့်အရေးမျိုးသည် စားသုံးသူဖြစ်သည့် မိမိတို့၏အခွင့်အရေး ဖြစ်သည်ကို သေသေချာချာသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။

ကျွန်မတို့ စားသုံးသူပြည်သူများကလည်း အစားအသောက်နဲ့ ဝန်ဆောင်မှုတွေမှာပါဝင်တဲ့ ဘေးထွက်ဆိုးကျိုးများကြောင့် ဖြစ်ပွားတတ်တဲ့ အန္တရာယ်တွေ ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိနားလည်တာနဲ့အမျှ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် အသက်ရှည်စွာ ရပ်တည်နိုင်သလို မိမိသိရသမျှ ဗဟုသုတတွေကို မိမိမိသားစုနဲ့တကွ မိတ်ဆွေသင်္ဂဟတို့ကို ထပ်ဆင့်လက်ဆင့်ကမ်းမျှဝေပေးသွားမယ်ဆိုရင် စားသုံးသူတွေအတွက်အကာအကွယ်ဖြစ်တဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ထီးအရိပ်အောက်မှာ မပျော်ရွှင်နိုင်သော စားသုံးသူဘဝမှ ပျော်ရွှင်နိုင်သော စားသုံးသူဘဝသို့ ရောက်ရှိပြီး မြန်မာနိုင်ငံသူ/သား စားသုံးသူ အပေါင်းတို့ဟာ စိတ်ချလုံခြုံ မှုအပြည့်ရရှိကြမှာ မလွဲပါဘူးလို့ သုံးသပ်တင်ပြလိုက်ရပါတယ်။

## မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလ ကုန်သွယ်မှု

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်းလုပ်ငန်းဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၇ သန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၁၄၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုဝင်ဘာလ လျာထားချက်အနေဖြင့် ပို့ကုန် သုည ဒသမ ၀၃၀ သန်း၊ သွင်းကုန် သုည ဒသမ ၀၇၀ သန်း လျာထားခဲ့သော်လည်း သွင်းကုန်အနေဖြင့် မိမိဘက်ဒေါ်လာဈေးမြင့်တက်မှုကြောင့် ပြည်တွင်းဝယ်လိုအား လျော့နည်းခဲ့သဖြင့် တင်ပို့နိုင်မှု လျော့နည်းခဲ့ပါသည်။ ယခုအခါ တစ်ဖက်နိုင်ငံမှ ငရုတ်သီးခြောက် ပိုမိုဝယ်လို အားမြင့်တက်မှုကြောင့် ပို့ကုန်အနေဖြင့် ပိုမို တင်ပို့နိုင်ခဲ့ပါသည်။ သွင်းကုန်အနေဖြင့်လည်း ပွင့်လင်းရာသီရောက်သဖြင့် ဆောက်လုပ်ရေးသုံးဖြစ်သော ဘိလပ်မြေတင်သွင်းမှု ပိုမိုလာမည်ဟု မျှော်မှန်းရပါသည်။

ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှု တိုးတက်လာနိုင်ရေးအတွက် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆောင်မြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ထားခဲ့ပြီး မယ်စဲ့ကုန်သွယ်ရေးစခန်းကို တရားဝင်နိုင်ငံတော်အဆင့် သတ်မှတ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မယ်စဲ့ကုန်သွယ်ရေးစခန်းမှ BP -၁၃ နယ်စပ်ဂိတ်အထိ ၁၅ မိုင် ၄ ဖာလုံ လမ်းအား ကတ္တရာလမ်းခင်းခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ဘုရင့်သစ်တောအတွင်း ကျရောက်နေသည့် လမ်းကြမ်းမခင်းရသေးသော ၉ ဒသမ ၇ ကီလို မီတာအား ထိုင်းနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် လမ်းခင်းရန် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထို့ပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ကုန်သွယ်နိုင်စေရေးအတွက် နှစ်နိုင်ငံနယ်စပ်ဈေးအား ၂၀၁၉ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**အောင်စိုး**

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ပြည်တွင်းရှိ ဒေသခံအချို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို LH မြန်မာရုံးခွဲမှ ကူညီလုပ်ဆောင်

မြန်မာ- ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ပြည်တွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ထောက်ကြံ့မြို့နယ်ရှိ ဒေသခံများအတွက် ကျန်းမာရေးနှင့် ဆေးဝါးစောင့်ရှောက်မှုများကို LH မြန်မာရုံးခွဲမှ ကူညီလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ပေးခြင်းမှာ ပထမဆုံးအကြိမ် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ကိုရီးယားနိုင်ငံမှ အစိုးရအဖွဲ့အစည်းနှင့်NGO အဖွဲ့အစည်းများ၊ ကိုရီးယားမြေနှင့် အိမ်ယာကော်ပိုရေးရှင်းမှ (LH, CEO ဖြစ်သူ) မစ္စတာ ပတ်စန်ဝူး၊ အမျိုးသားကင်ဆာစင်တာမှ ပါမောက္ခချုပ် မစ္စတာလီအွန်ဆွတ်နှင့် အားကစားဆိုင်ရာ ဆရာဝန် ဥက္ကဋ္ဌ ဟီအိုဂျွန်ယောင်း အပါအဝင် အခြားသောနာမည်ကြီးဆရာဝန်များမှ ဆေးဝါးဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် ကလေးများ သာမက လူကြီးများတွင်ပါ ဖြစ်တတ်သော ကင်ဆာအကျိတ်ရောဂါဝေဒနာများကို အခမဲ့ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

"အဓိကအနေနဲ့ ကလေးငယ်တွေ ငယ်ရွယ်စဉ်မှာ ဖြစ်တတ်တဲ့ ရောဂါတွေကို ကုသပေးတဲ့အပြင် လူကြီးတွေကိုကျတော့ အရိုးမှာဖြစ်တတ်တဲ့ အရိုးရောဂါအပါအဝင် လည်ပင်းအကျိတ်မှာဖြစ်တတ်တဲ့ ကင်ဆာအကျိတ်ရောဂါဝေဒနာတွေကိုပါ ကုသပေးတာပါ။ ဒီလိုလုပ်ပေးဖို့ကိုလည်း ကိုရီးယားနိုင်ငံမှာ ပညာသင်ကြားနေတဲ့ စေတနာ့ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှု ဂေဟာနှစ်ခုကို ရွေးချယ်ပြီး လုပ်ပေးတာပါ။ LH မြန်မာအနေနဲ့ကလည်း KMIC စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီး ပထမဆုံးအကြိမ် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းစဉ်အနေနဲ့ လုပ်ဆောင်ပေးတာပါ။ နောက်ပိုင်းမှာလည်း ပရဟိတလုပ်ငန်းတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု အမျိုးသားကင်ဆာစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

LH မြန်မာရုံးခွဲ၏ ကူညီထောက်ပံ့မှုဖြင့် ကျန်းမာရေးနှင့် ဆေးဝါးစောင့်ရှောက်မှုပေးခြင်းကို ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကုသမှုများလုပ်ဆောင်ရာတွင်လည်း ပြည်တွင်း၌ ဆေးကုသရန်ခက်ခဲသည့် ဝေဒနာရှင်ကိုတွေ့ရှိရသည့်အတွက် ကိုရီးယားကိုခေါ်ယူ၍ ကုသမှုပြုလုပ်ပေးရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။ **ချောစု**

# လာမည့်နှစ်တွင် စီးပွားတိုးတက်မှုနှုန်း ကျဆင်းနိုင်သော်လည်း ခိုင်မာသော တိုးတက်မှုနှုန်းဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်

၂၀၁၈-၂၀၁၉ ခုနှစ်အတွက် မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၁၇-၂၀၁၈ ခုနှစ် တိုးတက်မှုနှုန်းဖြစ်သော ၆ ဒသမ ၈ ရာခိုင်နှုန်းထက်နေး ကွေးလာခြင်း ဖြစ်သော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက ခိုင်မာသည့် တိုးတက်မှုနှုန်းဟုဆိုနိုင်ကြောင်း ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ စီးပွားရေးစောင့်ကြည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။




ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် တိုးတက်မှုနှေးကွေးလျက်ရှိသော်လည်း စိုက်ပျိုးရေးထုတ်လုပ်မှုကဏ္ဍတည်ငြိမ်နေခြင်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ အပါအဝင် ဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်မှု အားကောင်းနေခြင်းကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ခုသာခံသာရှိနိုင်မည်ဟု အဆိုပါအစီရင်ခံစာက ဆိုသည်။

ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein က " မြန်မာနိုင်ငံအနေနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို ဆက်ပြီး အားစိုက်ဆောင်ရွက်ရန်လိုအပ်နေမှာ ဖြစ်သလို ရခိုင်ပြည်နယ် ပဋိပက္ခအခြေအနေကိုလည်း လူမှုအသိုင်းအဝိုင်းအားလုံးအတွက် အကောင်းဆုံးဖြစ်နိုင်မယ့် နည်းလမ်းတွေ ရှာဖွေနိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှ ရင်းနှီးမြှုပ်နှံသူတွေရဲ့ သဘောထားအမြင်ကောင်းလာမှာဖြစ်သလို ဒီအချက်ကပဲ ကာလလတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူအားလုံး လွှမ်းခြုံပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

အခွန်အခများ စနစ်တကျ တိုးမြှင့်ကောက်ခံပြီး ထိရောက်စွာ ပြန်လည်အသုံးချခြင်းဖြင့် အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို မြှင့်တင်နိုင်မည့်အပြင် တိုင်းပြည်၏ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် အထောက်အကူပြုနိုင်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးရင်းနှီးမြှုပ်နှံမှုများအား ကမ္ဘာ့အဆင့်နှင့်အညီ ပံ့ပိုးပေးနိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ ကုန်ထုတ်စွမ်းအားသည် လက်ရှိထက် နှစ်ဆတိုးတက်လာနိုင်မည့် အလားအလာများရှိသော်လည်း လူသားအရင်းအမြစ်ကို ကောင်းစွာ ပြုစုပျိုးထောင်ခြင်း မရှိပါက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းရန် မလွယ်ကူကြောင်း မြန်မာ့ စီးပွားရေးစောင့်ကြည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

**သန်းထိုက်အောင်**

# အစားစျေးနှုန်း မြင့်တက်နေခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ အခက်တွေ့နေ

ပြည်တွင်း၌ မွေးမြူနေသော ငါးများ၏ အစာကုန်ကြမ်းစျေးနှုန်း မြင့်တက်နေမှုများကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အခက်တွေ့နေရကြောင်း ငါးမွေးမြူရေး လုပ်ငန်းရှင်တချို့က ပြောသည်။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ ငါးများရောင်းချလို့ရသည့် ၇၅ ရာခိုင်နှုန်းခန့်မှာ ငါးအစာစရိတ်အဖြစ် ပြန်လည်ကုန်ကျနေသောကြောင့် တွက်ခြေမကိုက်ရခြင်း ဖြစ်ကြောင်း သိရသည်။

"အခုက ဆန်သစ်ပေါ် လာလို့ ဖွဲနုစျေးနှုန်းတွေကျနေပေမယ့်လိုသလောက် ဝယ်လို့မရတဲ့ အခက်အခဲအပြင် ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းက ထွက်တဲ့ ပြောင်းဆန်ကို ဝယ်ပြန်ရင်လည်း သယ်ယူမှုကုန်ကျစရိတ်က ရှိသေးတယ်"ဟု ငါးမွေးမြူရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနောက်ပိုင်းတွင် တောင်သူများ ပဲစိုက်ပျိုးမှု လျော့နည်းလာသည့်အပြင် နှမ်းကို ပြည်တွင်းမှာမကြိတ်ဘဲ အစေ့လိုက် ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းများလည်း ရှိနေသည့်အတွက် ပြည်တွင်းလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းနိုင်ခြင်းမရှိကြောင်း၊ ထို့အပြင် ယခုနှစ်၏ အစာကုန်ကြမ်းစျေးနှုန်းမှာလည်း စံချိန်တင်စျေးနှုန်းမြင့်တက်ခြင်း၊ ကုန်ကြမ်းရှားပါးခြင်းတို့ကြောင့် ပြည်ပမှ တိရစ္ဆာန်အစာကုန်ကြမ်းများကိုယခင်ကထက် ပိုမိုတင်သွင်းခဲ့ရကြောင်း မြန်မာနိုင်ငံ တိရစ္ဆာန်အစာ ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ယင်းအတွက်ကြောင့် ပြည်တွင်း၌ အဓိကမွေးမြူနေသည့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးမုတ်၊ တီလားပီးယား စသည့် ငါးများ၏စျေးနှုန်း ပြန်လည်မြင့်တက်လာသော်လည်း အစာကုန်ကြမ်းစျေးနှုန်းကြီးမြင့်မှုမှာ လုပ်ငန်းရှင်များအတွက် အဓိက အခက်အခဲတစ်ခုဖြစ်နေကြောင်း သိရသည်။ **ချောစု**

# မြန်မာနိုင်ငံ အူလမ်းကြောင်းနှင့် အသည်းရောဂါ ဖောင်ဒေးရှင်း စတင်တည်ထောင်ခြင်း အခမ်းအနား ကျင်းပ

မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း စတင်တည်ထောင်ခြင်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Sule Shangrila Hotel တွင် ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါအသင်းတည်ထောင်ရန်အတွက် ပြီးခဲ့သည့် စက်တင်ဘာလတွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်မှတစ်ဆင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။။

"အရင်တုန်းကဖွဲ့ထားတဲ့ အဖွဲ့အစည်းမှာ ဆရာဝန်တွေချည်းပဲ ဖွဲ့ထားတာ။ ပြည်သူလူထုက မပါဘူး။ ပြည်သူလူထုထဲမှာ ပညာရပ်ပိုင်း၊ အကြံဉာဏ်ပိုင်း၊ ငွေကြေးပိုင်း၊ နေပိုင်းဆိုင်ရာ၊ စေတနာပိုင်းဆိုင်ရာ စွမ်းတဲ့သူတွေ ရှိကြပါတယ်။ အဲဒီလိုစွမ်းတဲ့သူတွေက ပါဝင်ကူညီပြီး လုပ်ဆောင်သွားဖို့ အသင်းကြီးကိုဖွဲ့ဖြစ်တာပါ"ဟု မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်းမှ နာယကအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ ဒေါက်တာသန်းသန်းဆွေက ပြောသည်။

အသင်းတည်ထောင်ရခြင်းမှာ ပြည်သူလူထုအနေဖြင့် ပညာရှင်များနှင့်အတူ ပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တကယ်လက်လှမ်းမမီသောနေရာဒေသများတွင် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချင်းတောင်နဲ့ လွိုင်ကော်ဆို အစာအိမ်ကင်ဆာဖြစ်နှုန်းများတယ်။ အဲဒီမှာမှ ချင်းတောင်လိုနေရာကို ဦးစားပေးသွားမယ်။ အဲဒါကိုလည်း National Data ပေါ်မှာ အခြေခံပြီး စီစဉ်ဆုံးဖြတ်သွားမှာပါ"ဟု ပါမောက္ခ ဒေါက်တာသန်းသန်းဆွေက ပြောသည်။

ဖောင်ဒေးရှင်း စတင်တည်ထောင်ခြင်း အထိမ်းအမှတ်အဖြစ် ဆေးပညာဟောပြောပွဲ အခမ်းအနားကို ပြုလုပ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပါဝင်ဆွေးနွေးမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါ ဖောင်ဒေးရှင်းအသင်းတွင် သုတေသန ပညာရပ်ပိုင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာမူဝါဒပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များ ရှိသည့်အတွက် Research လုပ်ငန်းများကိုပါ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ချောစု**

# ဒီဇင်ဘာပထမပတ်အတွင်း ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်သွားသော ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)

ရှမ်းပြည်နယ်အရှေ့ပိုင်း၏မြို့တော်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အခြေစိုက်ရာ ကျိုင်းတုံမြို့သည် ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုများလည်း တိုးတက်လျက်ရှိပါသည်။

၂၀၁၈ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုလျာထားချက်အနေဖြင့် ပို့ကုန်သုည ဒသမ ၀၈၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၇၀ ဒေါ်လာ သန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၁၅၀ ဒေါ်လာသန်း လျာထားခဲ့ရာ ဒီဇင် ဘာလ၏ ပထမအပတ်အတွင်းမှာ ပို့ကုန် သုည ဒသမ ၁၈၂ ဒေါ်လာသန်း၊ သွင်းကုန် သုညဒသမ ၀၄၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုညဒသမ ၂၂၂ ဒေါ်လာသန်း ဆောင်ရွက်နိုင်သဖြင့် ဒီဇင်ဘာလ၏ကုန်သွယ်မှုပမာဏ သုညဒသမ ၁၅၀ ဒေါ်လာသန်း အပေါ် ၁၄၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒီဇင်ဘာလ၏ ပထမပတ်အတွင်းမှာပင် လျာထားချက်ပြည့်မီကျော်လွန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံးအနေဖြင့် ကုန်သွယ်မှု ပမာဏတိုးတက်လာစေရန်အတွက် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက် ဝယ်လိုအားရှိသော သွင်းကုန်ပစ္စည်းများ တိုးတက်တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကျော်ကျော်မြင့် (ကျိုင်းတုံ)**



# ဗီယက်နမ်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် လူ၁၃ ဦးသေဆုံး

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ရတ်တရက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၁၃ ဦး သေဆုံး ကြောင်းနှင့် ယခုရက်သတ္တပတ်အတွင်း မိုးလေဝသ ပိုမိုဆိုးရွားလာမည်ဟု ခန့်မှန်းထားသည့်အတွက် တောင်သူလယ်သမားများမှာ သီးနှံများနှင့် ကျွဲနွားတိရစ္ဆာန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရေးတကြီးဆောင်ရွက်နေရကြောင်း ဒီဇင်ဘာ ၁၃ ရက်တွင် တာဝန်ရှိသူတို့က ပြောသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၈ ရက်ကတည်းက နိုင်ငံအလယ်ပိုင်းရှိ ပြည်နယ်ခြောက်ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နွားနှင့် ကြက်ထောင်ပေါင်းများစွာ သေဆုံးပြီး ကမ်းရိုးတန်းအပန်းဖြေမြို့ ဒါနန်းအပါအဝင် မြို့ပေါင်းများစွာ ရေလွှမ်းမိုးခဲ့သည်။

အချို့နယ်မြေများတွင် မိုးရေချိန်စင်တီမီတာ ၅၀ ကျော်အထိ ရွာသွန်းပြီး လာမည့်ရက်များတွင် မိုးပိုကြီးလာမည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးရုံးက ဒီဇင်ဘာ ၁၃ ရက်ကခန့်မှန်းသည်။ "ကွမ်ငိုင်းပြည်နယ်မှာ လူ ၁၃ ဦး သေဆုံးပြီး လူတစ်ဦး ပျောက်ဆုံးနေပါတယ်"ဟု အဆိုပါရုံးမှ ပြောသည်။

သီးနှံဧရိယာ ဟက်တာ ၁၂၀၀၀ ပျက်စီးပြီး ကျွဲနွားတိရစ္ဆာန်ကောင်ရေ ၁၆၀၀၀၀ သေဆုံးကြောင်းလည်း ထပ်လောင်းပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် ကြက်များဆုံးရှုံးခဲ့သည့်အတွက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သောင်းချီဆုံးရှုံးခဲ့ကြောင်း ကွမ်နန်းပြည်နယ်မှ တောင်သူတစ်ဦးကပြောသည်။

မေလမှ အောက်တိုဘာအထိဖြစ်သော တိုင်ဖုန်းရာသီကာလတွင် ဗီယက်နမ်နိုင်ငံသည် မိုးသည်းထန် စွာ ရွာသွန်းမှုများကို မကြာခဏ ရင်ဆိုင်ရသော်လည်း ယခုနှစ်တွင်မိုးအဝင်နောက်ကျကြောင်း မိုးလေဝသခန့်မှန်းသူတို့က ပြောသည်။

မိုးလေဝသနဲ့ ဆက်နွယ်နေသော ဘေးဒဏ်များကြောင့် ဗီယက်နမ်နိုင်ငံတွင် ယခင်နှစ်က လူ ၃၈၉ ဦး သေဆုံးပြီး ယခုနှစ်တွင် လူ ၂၀၀ သေဆုံးခဲ့ကြောင်းသိရသည်။

**NT**

## စာမျက်နှာ (၁၂) ကုန်သွယ်ဖွံ့ဖြိုးတိုးတက်စေရေး . . . မှအဆက်

ဗီယက်နမ်ထုတ်ကုန်နှင့် ယှဉ်ပြိုင်ရောင်းချပါကများစွာ သာလွန်နိုင်ပေသည်။ ယနေ့ တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဗီယက်နမ်အနေဖြင့် လက်ရှိကန်ဘောင်ဈေး တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဈေးရောင်းချလျက်ရှိပြီး၊ မိမိတို့နိုင်ငံတွင် လက်ရှိတစ်ပိဿာ ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ဈေးအတွင်းသာ ရှိနေခြင်းကြောင့် အမြတ်အစွန်းသေချာသော အလားအလာကောင်းသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ်တည်ရှိနေပါသည်။

ဖော်ပြပါ Intergrated Farm ငါးတန်မွေးမြူရေးလုပ်ငန်း စီမံကိန်းအား ဆောင်ရွက်ရာတွင် ဈေးကွက်အမြတ်အစွန်း သေချာသော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များ အထိုက်အလျောက် များပြားလျက်ရှိခြင်းကြောင့် ဘဏ်ချေးငွေအကူအညီ အထူးလိုအပ်လျက်ရှိကြောင်းကိုလည်း သိရှိရပါသည်။ လက်ရှိမြန်မာပြည်အခြေအနေအရ ရေရရှိရေးနှင့် မြေနေရာ အခက်အခဲမှာ အခြားနိုင်ငံများထက် သာလွန်လျက်ရှိပါသည်။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် လယ်တစ်ဧက လျှင် ကျပ်သိန်း၃၀မှ သိန်း၄၀ ပေးလျှင် ရရှိနေသည့် အနေအထားဖြစ်ပါသည်။ သို့ရာတွင် အခြေခံအဆောက်အအုံအား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီပြုပြင်ရန်အတွက် ငါးကန်တစ်ကန် တည်ဆောက်ရန် ကျပ်သိန်း ၃၀၀၀ အထိကုန်ကျမည်ဖြစ်ပေသည်။ အဆိုပါအစီအစဉ်တွင် လျှပ်စစ်မီးနှင့်ကုန်ထုတ်လမ်းများ တည်ဆောက်စရိတ်ကိုပါ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် ပြည်သူနှစ်ရပ်စလုံး အဆင်ပြေချောမွေ့နိုင်မည့် စီမံကိန်းတစ်ခုလည်း ဖြစ်လာနိုင်ပါသည်။

လုပ်ငန်းကုန်ကျစရိတ်ထဲတွင် Housing စနစ်ကိုလည်း ယာယီထက် အမြဲတမ်း Permanent စနစ် တည်ဆောက်ရန်လည်း လိုအပ်နေပေသည်။ သို့မှသာရေရှည်စီမံကိန်းနှင့် လိုက်လျောညီထွေအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အများပိုင်ကုမ္ပဏီအနေဖြင့် ယခုစီမံကိန်းအား ကျပ်ဘီလီယံ ၂၀၀ အထိရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားရှိပါသည်။ ငွေပြန်လည်ရရှိနိုင်ရေး နည်းလမ်းအနေဖြင့် တစ်နှစ်လျှင် Export လုပ်နိုင် မှုမှာလည်း ဘီလီယံ ၂၀၀ အထိရှိသည့်အတွက် ယခုလုပ်ငန်းသည် အမျိုးသားရေးစီမံကိန်းတစ်ရပ်ဖြစ်သလို ငဝန်မြစ်ဘေးတစ်လျှောက် လုပ်ငန်းလုပ်ဆောင်၍ရနိုင်ပြီး၊ ကန်များအား ၁၆ ပေ အနက်ထိတူးဖော်၍ ပြီးခဲ့သည့် မိုးရာသီကတည်းကငါးကောင်ရေ ၅ သိန်းထည့်ပြီး၊ ငါးဘယ်လောက်အထိရှည်သည်၊ဖွံ့ဖြိုးသည်ကို ပန်းတနော်ငါးမွေးကန်တွင် ဆောင်ရွက်နေပြီဖြစ်ပါသည်။ပန်းတနော်တွင် လက်ရှိမွေးမြူထားသလို ငပုတောအထိမွေးမြူနိုင်သည့် မြေနေရာအနေအထားရှိကြောင်း၊ လုပ်ကိုင်လိုသည့်စိတ်ဓာတ် ရှိရန်သာအဓိကလိုအပ်နေကြောင်း သိရသည်။ 2.5 Kg အရွယ်အစားရှိသည့် ငါးကိုမွေးမြူ၍ ရကြောင်းလက်တွေ့စမ်းသပ်ပြီးဖြစ်ရာ လက်တွေ့တွင် 1.2kg အရွယ်အစားသာ အကောင်းဆုံးဈေးကွက်ဝင်အနေအထားဖြစ်ကြောင်းကို သိရှိရပါသည်။

လာမည့်နှစ်နှစ်အတွင်း ငါး၊ပုစွန် စုစုပေါင်းတင်ပို့မှုမှ ဒေါ်လာ သုံးဘီလီယံအထိ ရရှိရန်အတွက် ငါး၊ မျိုးပုစွန် မြေနေရာနှင့်ချေးငွေလိုအပ်ချက်များကို ကူညီပံ့ပိုးပေးရန်အတွက် မတ်လ ၇ ရက်နေ့ကပြုလုပ်သည့် ဒုတိယသမ္မတ-၁ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၁၅)ကြိမ်မြောက် အခမ်းအနားတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက လာမည့်နှစ်နှစ်အတွင်း ပြည်ပသို့ ငါးပုစွန်များတင်ပို့မှုမှ ဒေါ်လာ သုံးဘီလီယံအထိရရှိစေရန်အတွက် မျိုးငါး၊ မျိုးပုစွန်၊ မြေနေရာများနှင့် ချေးငွေများ လိုအပ်မှုကို SME ချေးငွေအဖြစ် ၅၀ရာခိုင်နှုန်းအား ထုတ်လုပ်သူများက လည်းကောင်း၊ ၂၅ ရာခိုင်နှုန်းကို အစိုးရမှလည်းကောင်း ကျန်၂၅ရာခိုင်နှုန်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုမှ ရရှိခြင်းအားဖြင့် လုပ်ငန်းစီမံကိန်းသစ်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်ကိုလည်း တွေ့ရှိရသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါးပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းတင်ပို့နေသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများ၏တင်ပို့မှုပမာဏကိုမီရန် အဆပေါင်းများစွာ လိုအပ်နေသေးသည်ဖြစ်ရာ တင်ပို့မှုပမာဏကိုမြှင့်တင်ရန်အတွက် သဘာဝနည်းဖြင့် ဖမ်းဆီးရောင်းချခြင်းထက် မွေးမြူနည်းစနစ်သစ်များ ကောင်းမွန်အောင် ဆောင်ရွက်ကာ တင်ပို့သင့်လှပါကြောင်း တင်ပြလိုက်ရပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း Phethai ကြောင့် အိန္ဒိယနိုင်ငံ အန္ဒရာပရာဒေ့ရှ်တွင် မိုးကြီးနိုင်

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် လာမည့် ၁၂ နာရီအတွင်း ပိုမိုကြီးမားလာပြီး လာမည့် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း နယူးအင်ဒီးယန်းအိပ်စ်ပရက်သတင်းတွင် ဖော်ပြသည်။

ဘင်္ဂလားပင်လယ်အော်တွင် တိုက်ခတ်နေသည့် အင်အားကြီးမားသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Phethai သည် အိန္ဒိယနိုင်ငံ၊ တမီနာဒူးပြည်နယ်ကို မဝင်ရောက်ဘဲ အန္ဒရာပရာဒက်ပြည်နယ်သို့ ဦးတည်နေသည်။ သို့သော်လည်းချန်နိုင်းနှင့် အိမ်နီးချင်းကမ်းရိုးတန်းဒေသ ပြည်နယ်များတွင် ဒီဇင်ဘာ ၁၆ ရက်မှစ၍မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်။

ဒီဇင်ဘာ ၁၄ ရက်မှစတင်၍ ဆိုင်ကလုန်းမုန်တိုင်းသည် အန္ဒရာပရာဒေ့ရှ်နှင့် မြောက်ပိုင်း တမီနာဒူးကမ်းခြေဒေသများတွင် မုန်တိုင်းသည် ပိုမိုပြင်းထန်လာပြီး ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိကာမြေပြင်လေသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ အထိရောက်ရှိနိုင်ကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းဂါဂျာကြောင့်ဖြစ်ပွားခဲ့သော အပျက်အစီးမျိုးဖြစ်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ကြေညာသည်။

ဆိုင်ကလုန်းမုန်တိုင်း မည်သည့်နေရာတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ကို အသေအချာမသိရသေးသော်လည်း ကိန်းဂဏန်းအချက်အလက်များအရ တမီနာဒူးပြည် နယ် ကမ်းခြေနှင့်ထိစပ်နေသော အန္ဒရာပရာဒေ့ရှ်သို့ ဦးတည်နေကြောင်း အိန္ဒိယမိုးလေဝသဌာန၏ သတင်းလွှာတွင် ဖော်ပြထားသည်။ ထို့ကြောင့် ချန်နိုင်းတွင် မိုးများသည်းထန်စွာ ရွာသွန်းနိုင်သည့်အခြေအနေရှိကြောင်း မိုးလေဝသဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် အက်စ်ဘာလာချန်ဒရန်က ပြောသည်။

**NT**

# ကလေးမြို့ မြို့ပေါ်ရပ်ကွက်ဈေးများအား ရှောင်တခင်စစ်ဆေး

ကလေးမြို့၊ အောင်မြေမာန်၊ အောင်သစ္စာ၊ အောင်မင်္ဂလာရပ်ကွက်တွင်းရှိ ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင် (၅)ဆိုင်အား စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးစိုးအောင် ဦးဆောင်၍ မိတ်ဖက် ဌာနများနှင့်အတူ ဒီဇင်ဘာ ၁၀ ရက်တွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင် ပိတ်ပင်ထားသောအစားအစာများ၊ သက်တမ်းလွန်အစား အသောက်များတွေ့ရှိရ၍ သိမ်းဆည်းခဲ့ပြီး၊ သိမ်းဆည်းခဲ့သော ကုန်ပစ္စည်းများ၏ တန်ဖိုးမှာ စုစုပေါင်း ငွေကျပ် ၁၅၈၉၀၀ ကျော်ရှိပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့တင်ပြ၍ သိမ်းဆည်း ပစ္စည်းများအား မီးရှို့ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ဈေးဆိုင်ရှင်များ ရောင်းချသည့် ကုန်ပစ္စည်းများအား တစ်ပတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် မှိုတက်ပစ္စည်းများ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/ မရှိ ကိုသေချာစွာဂရုစိုက်ပြီး ရောင်းချကြပါရန် ပညာပေးပြောကြားခဲ့ပါသည်။

အလားတူ ဒီဇင်ဘာ ၁၁ ရက်တွင် ခရိုင်ဦးစီးမှူးဦးစိုးအောင်က မြို့မဈေးတွင် ဈေးသူဈေးသားများအား စားသုံးသူရေးရာဥပဒေနှင့် ပတ်သက်သော သိကောင်းစရာများအား ရှင်းလင်းခြင်း၊ အငယ်တန်း စာရေး ဒေါ်သိမ့်သိမ့်ထွန်းက တိုင်းဒေသကြီးဦးစီးဌာနအဖွဲ့မှ ထုတ်ပြန်သည့် ကြော်ငြာစာအမှတ် (၁)မှ (၂၀)ထိ အချက်အလက်များမှ ကောက်နုတ်၍ ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပြီး၊ ဒီဇင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့မဈေးအတွင်း အစားအသောက် ကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ သက်တမ်းလွန်ခြင်း ရှိ၊ မရှိနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်ကြော်ငြာထားသည့် အစားအသောက်နှင့် အလှကုန်ပစ္စည်းများကို စစ်ဆေးရာတွင် လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

**မြင့်အောင် (ကလေး)**

# ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်က ယင်းမာပင်ခရိုင်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အတွင်းရေးမှူးက နိုဝင်ဘာလအတွင်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ ပညာပေး ဟောပြောပွဲများကို လျာထားချက် ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ နိုဝင်ဘာလအတွင်း မြို့နယ် (၄)မြို့နယ် ကွင်းဆင်း ဆောင်ရွက်ရာမှ တွေ့ရှိခဲ့သော စားသုံးရန်မသင့်၊ သက်တမ်းလွန်၊ အရောင်ဆေးဆိုးများ ပါဝင်နေသော ကုန်ပစ္စည်း များအား သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် သိမ်းဆည်းထားသော ကုန်ပစ္စည်းများကို ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်းပညာပေး ဟောပြောပွဲများ၊ ကွင်းဆင်း စစ်ဆေးခြင်းများ၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းများ၊ ရှောင်တခင် စစ်ဆေးခြင်း၊ လုပ်ငန်းရှင် တွေ့ဆုံခြင်း၊ ရပ်ကွက်/ ကျေးရွာများတွင် စားသုံးသူ အသင်းငယ်များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များမှလည်း ဌာနအလိုက်တင်ပြ ဆွေးနွေးခဲ့ကြသည်။

ထို့နောက်ခရိုင်စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက နိုဝင်ဘာလအတွင်း သိမ်းဆည်းခဲ့သော ကုန်ပစ္စည်းများကို ဒီဇင်ဘာလ ၁၈ ရက်တွင် မီးရှို့/မြေမြှုပ်ဖျက်ဆီးရန်၊ ဖောင်းကားကျေးရွာနှင့် ကနီကမ်းနားလမ်းဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်၊ လစဉ် ပုံမှန်အစည်းအဝေးအား ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်၊ တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ချမှတ်သော အစည်းအဝေး ဆုံးဖြတ်ချက်များအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သတင်းရရှိပါသည်။ **ခိုင်မို့မို့ (မြင်းမူ)**

# အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) အစည်းအဝေး ကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ အစည်းအဝေးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ အတွင်းရေးမှူး၊ အဖွဲ့ဝင် ၈ ဦး၊ တွဲဖက်အတွင်းရေးမှူး၊ အနောက်ပိုင်းခရိုင်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ၁၃ ဦးနှင့် အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျင်ဌေးက နိုဝင်ဘာလအတွင်း ဆောင်ရွက်ခဲ့သော အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းများ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းကွင်းဆင်းမှုများအား ရှင်းလင်းခြင်း၊ နိုဝင်ဘာလအတွင်း လက်ခံရရှိသော တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ခဲ့သော အခြေအနေများအားဆွေးနွေးခြင်းနှင့် ဒီဇင်ဘာလအတွင်းဆောင်ရွက်မည့် အသိပညာပေး ဟောပြောခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းလျာထားချက်များကို တင်ပြခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် ကွင်းဆင်းရန် လျာထားမှုကိုလည်း ပူးပေါင်းပါဝင်နိုင်ကြရေး တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**West (DOCA) Yangon**



# ညောင်ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်၊ ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေး

စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ကျောင်းသူကျောင်းသားများ၊ ရပ်ရွာလူထုများကို လိုက်လံဟောပြောဆွေးနွေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့၌ ညောင်ရွှေမြို့အခြေခံပညာအထက်တန်းကျောင်း (အ. ထ. က - ၁)နှင့် (အ. ထ. က -၂)တွင် ဒု-ဦးစီးမှူး ဒေါ်စောယုထွေး ခေါင်းဆောင်သော ဝန်ထမ်းများနှင့်အဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ ထိုဆွေးနွေးပွဲ၌ ဒု-ဦးစီးမှူး ဒေါ်စောယုထွေးက ယနေ့ခေတ်တွင် စားသုံးသူများအပေါ် အသုံးအဆောင်၊ အစားအသောက်၊ ဝန်ဆောင်မှုများမှတစ်ဆင့်ထိခိုက်နစ်နာမှုများ များစွာရှိလာသဖြင့် ထိုသို့ထိခိုက်နစ်နာမှုများရှိလာပါက တိုင်ကြားနိုင်သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အကြောင်းနှင့် စားသုံးသူအနေနဲ့ ရွေးချယ်ပိုင်ခွင့်၊ သတင်းအချက်အလက်ရယူပိုင်ခွင့်၊ လဲလှယ်ပိုင်ခွင့်၊ အရေးဆိုတိုင် တန်းနိုင်ခွင့်ရှိကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ အကြီးတန်းစာရေး ဒေါ်နန်းခမ်းချိုးမှလည်း စားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုလာသည့် အန္တရာယ်ရှိသော ဆိုးဆေးများအကြောင်းနှင့် တာရှည်ခံဆေးဖော်မလင်အကြောင်းများကို သိရှိစေရန်နှင့် ရွေးချယ်ဝယ်ယူတတ်စေရန် ရှင်းလင်းပြောကြားခဲ့ပြီး ဒေါ်မြင့်မွန်အေး (အငယ်တန်းစာရေး)မှလည်း စားသုံးသူများအပေါ် ထိခိုက်နစ်နာမှုများစွာ ရှိနေခြင်းမှ အစားအသောက်ကြောင့် ပိုမိုထိခိုက်နစ်နာနေရခြင်းဖြစ်သည့်အတွက် လူအများအလွယ်တကူ ဝယ်ယူစားသောက်နေကြသည့် Ready Made အစားသောက်များ၏ ဖြစ်စေတတ်သောဆိုးကျိုးများနှင့် အန္တရာယ်ရှိမှုကို လျှော့ချပေးနိုင်သော စားသောက်ပုံနည်းများကိုရှင်းလင်းဆွေးနွေးခဲ့ပြီး အစားအသောက်နှင့် ကုန်ပစ္စည်း ဝယ်ယူရာတွင် ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန် နည်းလမ်းများနှင့် ရွေးချယ်ဝယ်ယူသည့်အခါ မည်သည့်အချက်များ ကြည့်ရှုသင့်သည်တို့ကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ၏ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြပြီး ဟောပြောပွဲမှ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း မည်မျှသိရှိသွားသည်ကိုလည်း စစ်တမ်းများကောက်ယူခဲ့ပါ သည်။ ဆက်လက်ပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများအား ကျောင်းအုပ်ဆရာမကြီးများထံသို့ ပေးအပ်ခဲ့ပြီး (အ. ထ. က -၁)မှ တက်ရောက်သူအင်အား မှာ ၄၅၀ ဦး တက်ရောက်ခဲ့ပြီး (အ. ထ. က-၂)မှ တက်ရောက်သူအင်အားမှာ ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပြီး ကျောင်းတာဝန်ခံများနှင့်အတူ ကျောင်းမုန့် ဈေးတန်းများတွင်သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ ရောင်းချခြင်းရှိ/မရှိစစ်ဆေးခဲ့ပြီး ဆိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေးဥပဒနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၈)အရ ကုန်စည် များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြစေခြင်းစသည်များကို အသိပညာဗဟုသုတများ ရရှိစေရန် လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မြင့်မွန်အေး (တောင်ကြီး)**

## မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေး ဟောပြောပွဲကျင်းပ

ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးနှင့် မြစ်ကြီးနားခရိုင်မှ ဝန်ထမ်းများ ပူးပေါင်းလျက် မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်မှ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲ၌ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ဦးက နေ့စဉ်နှင့်အမျှ လူတိုင်းသည် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းနေကြသည်ဖြစ်၍ ကုန်စည်နှင့်ဝန်ဆောင်မှုများကိုဝယ်ယူသုံးစွဲကြရာတွင် လုံခြုံစိတ်ချစွာဖြင့် သုံးစွဲနိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို သိရှိနားလည်ပြီး လိုက်နာကြရန် စားသုံးသူအသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အကြီးတန်းစာရေး ဒေါ်ခွာညိုဦးက စားသုံးသူရေးရာ ဦးစီးဌာန၏ ရည်ရွယ်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များကို အလေးထားပြီး ဆောင်ရွက်စေလိုကြောင်းကို လည်းကောင်း၊ ဒု-ဦးစီးမှူး ဦးကိုကိုစိုးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တားမြစ်ချက်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ စားသုံးသူ တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး (CICC) ရုံးဖွင့်လှစ်၍ ဆောင်ရွက်မှုများကိုလည်းကောင်း အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့ပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော စားသောက်ဆိုင်လုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းရှင်၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်နှင့် လက်လီလက်ကားကုန်စုံဆိုင် ရောင်းချသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခွာညို (မနောမြေ)**

## ရွှေဘိုမြို့ပေါ်ရှိ ဆေးနှင့် ဆေးပစ္စည်း အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရွှေဘိုခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဒီဇင်ဘာလ ၁၁ ရက်မှာ ရွှေဘိုမြို့ရှိပုဂ္ဂလိကဆေးရုံများနှင့် ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်ပြီး စစ်ဆေးပညာပေးခဲ့ကြပါတယ်။

စစ်ဆေးပညာပေးရာတွင် ဆေးဆိုင်များအနေဖြင့် ဆေးဝါးရောင်းချခွင့်လိုင်စင်များကို အများမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရန်နှင့် လိုင်စင်သက်တမ်းကုန်ဆုံးရက်များကိုစစ်ဆေးရန်၊ ရေခဲသေတ္တာထဲတွင် စားသောက်ကုန်များထည့်သွင်းသိုလှောင်ထားခြင်းမပြုလုပ်ရန်၊ ကဒ်အလိုက် ဗူးအလိုက်ရောင်းချသည့် ဆေးဝါးမဟုတ်သည့် အလုံးခွဲ ရောင်းချသော ဆေးဝါးများကို လက်အိတ် အသုံးပြု၍ ကိုင်တွယ်ရန် ၊ ဆေးလုံးထည့်သည့် Tray များနှင့် ဇွန်းများအသုံးပြုရန်၊ Tray များကိုလည်း နေ့စဉ်သန့်ရှင်းရေးပြုလုပ်ရန်လိုအပ်ပြီး သက်တမ်းလွန်ဆေးဝါးများ မရောင်းချစေရေး နေ့စဉ်ဆေးကောင်တာအား စစ်ဆေးရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ ပါ စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရမည့် ဦးစားပေးကုန်စည်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင်(ရွှေဘို)**

## ကျိုင်းတုံတွင် စိုက်ပျိုးရေးဦးစီးဌာန၏ ဥပဒေနှင့် မညီသည့် ဓာတ်မြေသြဇာများ သိမ်းဆည်း

ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ပေးအပ်ထားသော မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များသည် ဒီဇင်ဘာလ ၅ ရက်က ကျိုင်းတုံမြို့နယ်ရှိရပ်ကွက် ၄ နှင့် ကတ်တောင်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေး လုပ်ငန်းသုံး ပစ္စည်းအရောင်းဆိုင်များအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါတယ်။ အဆိုပါ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဝန်ထမ်းများပါဝင်ပြီး ဓာတ်မြေသြဇာ အရောင်းဆိုင်(၅)ဆိုင်မှ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့၏ ဥပဒေနှင့်မညီသော တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံထုတ် ဓာတ်မြေသြဇာ (၉)မျိုးအိတ်ရေ ၅၇၀ အိတ် ကာလတန်ဖိုးအားဖြင့် ကျပ် ၉၅၇၇၅၀၀ ခန့်ရှိကြောင်း ၎င်းအဖွဲ့ထံမှ သတင်းရရှိပါတယ်။ စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာများအား ကျိုင်းတုံ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ သိမ်းဆည်းအရေးယူခြင်းသည် ပထမဆုံး အကြိမ်ဖြစ်ပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ကျိုင်းတုံခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။ မိမိတို့ရောင်းချလိုသည့် ဓာတ်မြေသြဇာအမျိုးအစားများအား စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးပို့ဓာတ်ခွဲစမ်းသပ်၍ အောင်မြင်သောအမျိုးအစားများကိုသာ နိုင်ငံတော်သို့ တရားဝင် အခွန်ပေးဆောင်၍ ရောင်းချစေလိုကြောင်းနှင့် ထပ်မံတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ ယခင်ကာလများတွင်လည်း ပိုးသတ်ဆေး/ဓာတ်မြေသြဇာ တင်သွင်းရောင်းချသူများနှင့် ခေါ်ယူ တွေ့ဆုံ ဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ရန်နောင် (ကျိုင်းတုံ)**

## မအူပင်မြို့နယ် တာတပေါ် အ.ထ.က (ခွဲ)ကျောင်းတွင် စားသုံးသူရေးရာ သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကျင်းပ

မအူပင်မြို့နယ်၊ တာတပေါ်(အ. ထ. က-ခွဲ)ကျောင်းနဝဒေး ခန်းမတွင် ဒီဇင်ဘာ ၁၁ ရက်က စားသုံးသူရေးရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင်ပညာရေးဌာနမှ လက်ထောက်ပညာရေးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများ၊ မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုခရိုင်ဦးစီးမှူးဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ အခမ်းအနားကို အစီအစဉ်(၅)ရပ်ဖြင့် ကျင်းပခဲ့ပြီး အစီအစဉ် အရကျောင်းအုပ် ဆရာကြီး ဦးရွှေလှိုင်ငွေးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ကုလသမဂ္ဂ၏ စားသုံးသူအခွင့်အရေးများအကြောင်း၊ ဒု-ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးမှ စားသုံးရန် မသင့်သော အစားအစာများအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းနှင့် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းစွာနေထိုင်တတ်ရေး အကြောင်းများကို အသေးစိတ်ဟောပြောခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ စားသုံးသူအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ဆရာ/မ၊ နှင့် ကျောင်းသား/သူ ၅၀၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Consumer MT**

## မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ထန်းတပင်မြို့နယ်တွင် အသိပညာပေး ဟောပြောပွဲများကျင်းပပြီး ကျောင်းမုန့်ဈေးတန်းနှင့် ဈေးဆိုင်များအား စစ်ဆေးပညာပေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် အမှုထမ်းဝန်ထမ်းများသည် ဒီဇင်ဘာလ ၁၂ ရက်တွင် ထန်းတပင်မြို့နယ်အတွင်း ရိုးခွကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းနှင့် မြို့မဈေးသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကျောင်းမုန့်ဈေးတန်းနှင့် ကုန်မျိုးစုံဈေးဆိုင်များအား ကွင်းဆင်းအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ်၊ ရိုးခွကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမြိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်နီလာဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးအကာအကွယ်ပေးရေး ဥပဒေပြဌာန်းချက်ပါ စားသုံးသူ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ကုန်စည်/ ဝန်ဆောင်မှုနှင့်ပတ်သက်၍ နစ်နာမှုများကို မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးရှိ (CICC) သို့တိုင်ကြားလာမှုများကို ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျောင်းသားလူငယ်များက စားသုံးသူအခွင့်အရေးကို သိရှိပြီး လုံခြုံစိတ်ချရမှုမရှိ၊ သတင်းအချက်အလက်ပြည့်စုံမှန်ကန်မှု မရှိသည့် ကုန်စည်/ဝန်ဆောင်မှုများကို ငယ်ရွယ်စဉ်ကပင် အသိသတိဖြင့် ရှောင်ချယ်ဝယ်ယူသုံးစွဲရန်၊ သန့်ရှင်း ကျန်းမာသော လူရည်ချွန်များဖြစ်စေရန်အတွက် ငယ်ရွယ်စဉ်ကပင် အလေ့အကျင့်ကောင်းများ ရရှိစေရန် လိုအပ်ကြောင်း တို့ကို အကျယ်တဝင့် ဆွေးနွေးပြီး နောက်ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းရောင်းချမှုများကို ကွင်းဆင်း ကြည့်ရှုပြီး စားသုံးရန်မသင့်သော အသိပညာပေး Vinyl ကိုကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ထန်းတပင်မြို့နယ်၊ မြို့မဈေးသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ဈေးတာဝန်ခံ ဦးနေဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြီးနောက် ဈေးတာဝန်ခံဝန်ထမ်းများနှင့် အတူ ဈေးအတွင်း လှည့်လည်ကာ ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများ ရောင်းချနိုင်ရေးအတွက် ဈေးဆိုင်ခန်းများသို့ ကွင်းဆင်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာ/ ဆရာမ၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူနှင့် ကျောင်းသား/ကျောင်းသူ ၂၁၅ ဦး၊ မြို့မဈေးမှ ဈေးသူ/ဈေးသား ၁၇ ဦးတို့ကို 'စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

**ထားလှိုင် (ရန်ကုန်)**




# ဂျပန်တိုက်စစ်မှူး ရတ်ဆုဒိုအန်ကိုခေါ်ယူရန် နယူးကာဆယ်အသင်း စိတ်ဝင်စားနေ

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ဂရိုနင်ဂျန်အသင်းမှ ဂျပန်တိုက်စစ်မှူး ရတ်ဆုဒိုအန်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

နယူးကာဆယ်အသင်း နည်းပြ ဘင်နီတက်ဇ်က မိမိတို့အသင်းအနေဖြင့် အပြောင်းအရွှေ့ဈေးကွက် ဖွင့်ချိန်တွင် ကစားသမားသစ်များကို ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ရာသီကုန်တွင် ပရီးမီးယားလိဂ်၌ တင်ကျန်ရေးအတွက် ကစားသမားသစ်များကို ထပ်မံဖြည့်တင်းရမည်ဖြစ်ကြောင်း၊ ဂျပန်တိုက်စစ်မှူး ရတ်ဆုဒိုအန်ကို ခေါ်ယူရန်အတွက် စောင့်ကြည့်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ မကြာမီအချိန်တွင် ရတ်ဆုဒိုအန်နှင့် အပြောင်းအရွှေ့ကိစ္စမှာ အောင်မြင်ပြီးမြောက်ဖွယ်ရှိနေကြောင်း ပြောကြားလိုက်သည်။

အသက်(၂၀) သာရှိသေးသည့် ရတ်ဆုဒိုအန်သည် တိုက်စစ်ကစားသမား တစ်ဦးဖြစ်သလို ကွင်းလယ်ပိုင်းတွင်လည်း ကောင်းစွာ ကစားနိုင်သူဖြစ်သည်။ နယူးကာဆယ်အသင်းသည် ရတ်ဆုဒိုအန်ကို ခေါ်ယူမည်ဟုဆိုသော်လည်း ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ထုတ်ဖော်ပြောဆိုထားခြင်း မရှိကြောင်းသိရသည်။

# အစ္စကိုအားခေါ်ယူရန် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ အပြိုင်ဖြစ်နေ

ရီးရဲလ်မက်ဒရစ်အသင်း၏ တောင်ပံကစားသမား အစ္စကိုအား ခေါ်ယူရန်အတွက် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ အပြိုင်ဖြစ်နေကြောင်း သိရသည်။ အသက်(၂၆)နှစ်ရှိ အစ္စကိုသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်များ ဆုံးရှုံးနေခြင်းကြောင့် အသင်းပြောင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။




အစ္စကိုက ‘ဘယ်ကစားသမားမဆို ပုံမှန်ပွဲထွက်ခွင့်ရပြီး ကစားလိုကြတာပဲလေ။ ပွဲတစ်ပွဲမှာ အချိန်ပိုင်းလေးပဲ ဝင်ကစားခွင့်ရတာကို ကျွန်တော်မှ မဟုတ်ပါဘူး၊ ဘယ်ကစားသမားမှ ကြိုက်ကြမှာ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ရီးရဲလ်မက်ဒရစ်အသင်းက ထွက်ခွာခွင့်ရမယ်ဆိုရင်တော့ ခုချက်ချင်းပဲ ထွက်သွားချင်ပါတယ်။ ကျွန်တော့်ကို ကမ်းလှမ်းနေတဲ့ အသင်းတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ဘယ်အသင်းကို ပြောင်းရွှေ့မယ်ဆိုတာတော့ ပြောဖို့စောနေပါသေးတယ်’ ဟု ပြောကြားသည်။

အစ္စကိုအား ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ အပြိုင်ကြိုးပမ်းနေသည်ဟု ဆိုသော်လည်း ၎င်းကစားသမားသည် ချယ်လ်ဆီးအသင်းသို့ရောက်ရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများတွင် ထပ်မံဖော်ပြထားသည်။

ဟန်နေသစ် စုစည်းသည်

# ဘန်ရှီဝဲလ်ကို မန်စီးတီးအသင်း ပေါင်သန်း ၅၀ကျော်ပေးပြီး ခေါ်ယူဖွယ်ရှိ




မန်စီးတီးအသင်းသည် လက်ရှိ ပရီးမီးယားလိဂ်အသင်းများထဲတွင် ကစားသမားအင်အား အတောင့်တင်းဆုံးဖြစ်သလို အရန်လူအင်အားကလည်း တခြားအသင်းများထက် သာလွန်မှုရှိနေသည်။ သို့သော် မန်စီးတီးအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်အချို့ကို ခေါ်ယူသွားရန် ပြင်ဆင်နေသည်။

လက်ရှိအချိန်တွင် မန်စီးတီးအသင်း၏ ဘယ်နောက်ခံကစားသမား မန်ဒီမှာ ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူနေရခြင်းကြောင့် ၎င်း၏နေရာတွင် ထိပ်တန်းကစားသမားတစ်ဦး အစားထိုးနိုင်ရန် နည်းပြ ဂွါဒီယိုလာက ပြင်ဆင်နေသည်။

မန်စီးတီးအသင်းသည် မန်ဒီ၏နေရာတွင် အစားထိုးနိုင်ရန်အတွက် လက်စတာအသင်းမှ အင်္ဂလန် ဘယ်နောက်ခံကစားသမား ဘန်ရှီဝဲလ်ကို ကနဦးအနေဖြင့် ပေါင်သန်း ၅၀ ပေး၍ ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။ သို့သော် လက်စတာအသင်းက ၎င်းတို့၏ ကစားသမားအတွက် ပေါင်သန်း ၅၀ ထက်ဈေးပိုရရန် ဆန္ဒရှိနေကြောင်းသိရသည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် ဘန်ရှီဝဲလ်ကို ပေါင် ၅၂ သန်းပေး၍ ဒုတိယအကြိမ် ကမ်းလှမ်းမှုပြုလုပ်လိုက်သည်။ ဘန်ရှီဝဲလ်သည် လက်စတာအသင်းတွင် တစ်ပတ်လုပ်ခ ပေါင် ၁၁၀၀၀၀ ရရှိပြီး ၂၀၂၄ ခုနှစ်အထိ စာချုပ်သက်တမ်းရှိနေသည်။




# တစ်ပတ်လုပ်ခ ပေါင်လေးသိန်း ပေးနိုင်ပါက မန်ယူတွင် ဒီဂီယာ ဆက်ရှိနေမည်

မန်ယူအသင်းသည် ၎င်းတို့၏ဂိုးသမား ဒီဂီယာကို စာချုပ်သက်တမ်းတိုးမြှင့်ရန်ကြိုးပမ်းနေသော်လည်း အောင်မြင်မှုမရရှိသေးဘဲ အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။ ယခုနောက်ဆုံးထွက်ပေါ်နေသည့် သတင်းများအရ မန်ယူအသင်းသည် ဒီဂီယာကို စာချုပ်သက်တမ်းတိုးလိုပါက ၎င်းကစားသမားအတွက် တစ်ပတ်လုပ်ခ ပေါင် လေးသိန်း ပေးရမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုက ‘ဒီဂီယာနဲ့ပတ်သက်ပြီး ဘာမဆိုဖြစ်လာနိုင်ပါသေးတယ်။ သူ့ကို စာချုပ်သက်တမ်းတိုးနိုင်မယ်ဆိုရင်တော့ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦး မန်ယူအသင်း ပိုင်ဆိုင်ထားရဦးမှာပါ။ သူ့အတွက် တောင်းဆိုတဲ့လစာက များလွန်းနေပေမယ့် တစ်နည်းနည်းနဲ့ အဆင်ပြေသွားလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်’ဟု ပြောကြားခဲ့သည်။

လက်ရှိ ဒီဂီယာတောင်းဆိုနေသည့် လစာနှုန်းထားမှာ များလွန်းနေပြီး ယင်းလစာမှာ ထိပ်တန်းအသင်းကြီးများမှ ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးတစ်ဦး၏ လစာနှုန်းထားလောက်ပင် ရှိနေသည်။ အကယ်၍ ဒီဂီယာသည် မန်ယူအသင်းတွင် အဆိုပါလစာနှုန်း ရရှိမည်ဆိုပါက ကမ္ဘာပေါ်တွင် လစာအများဆုံး ရရှိသည့် ဂိုးသမားတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

## ဘောလုံးလောကသတင်းတိုများ

- အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အေဂျက်အသင်းမှ အသက်(၁၉)နှစ်သာရှိသေးသည့် နောက်ခံကစားသမား ဒီလိုက်ကို ပေါင် ၇၂ သန်းပေး၍ ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- **ဝက်စ်ဘရွန်းအသင်း ကွင်းလယ်ကစားသမား လီဗာမိုးသည်အသင်းနှင့် ၂၀၂၂ ခုနှစ်အထိရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။**
- စပါးအသင်း နောက်ခံကစားသမား ဗာတွန်ဂန်က အသင်းနှင့် ၂၀၂၀ အထိ စာချုပ်တိုးနိုင်ခဲ့၍ များစွာပျော်ရွှင်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- **စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်စ်သည် ဘိုင်ယန်မြူးနစ်အသင်းမှ နောက်ခံကစားသမား ဒေးဗစ်အလာဘာကို ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။**
- ဘိုင်ယန်မြူးနစ်အသင်း၏ တောင်ပံကစားသမား ရစ်ဘာရီသည် ယခုနှစ်ရာသီကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ရဖွယ်ရှိနေရာ ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ မစဉ်းစားရသေးကြောင်း ပြောကြားလာသည်။
- **မန်ယူအသင်းမှ နောက်ခံကစားသမား ဗလန်စီယာသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် အသင်းမှ ထွက်ခွာမည်မှာ သေချာသွားပြီဖြစ်ကြောင်း သိရသည်။**

# Oefxrf;ES@pu;m;

**နိုင်ဦး**

**ယခင်တစ်ပတ်မှအဆက်**

ယနေ့ခေတ်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံသည် ရွာကြီးပမာ ကူးလူးဆက်ဆံ၍ ကမ္ဘာ့ပေါင်းစုံတွင် ဆောင်ရွက်နေကြသည်။ အချိန် အခါကိုက်ညီသော၊ ပြောသင့်သောအခြေအနေ ဖြစ်ပေါ်နေသော အခါတွင်ကောင်းမွန်သော စကားတစ်ခွန်းကြောင့် ရန်ဖြစ်နေမှုများ ရပ်စဲသွားသည်။ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးသည်။ မိတ်ဆွေများပေါများလာသည်။ ပြည်သူများ ဆင်းရဲဒုက္ခကင်းဝေး၍ ပျော်ရွှင်စွာ နေထိုင်လာနိုင်ကြသည်။ မျက်မြင်ပင်တွေ့နေရသည်။ ထို့အတူပင် မှားယွင်းပြောဆိုမိခဲ့သော စကားတစ်ခွန်းကြောင့် မိတ်ဆွေမှ ရန်သူဖြစ်သွားကြသည်။ ချစ်ချစ်ခင်ခင် နေကြရာမှ စစ်ပွဲများဖြစ်ပွားနေကြသည်။ သူစိမ်းပြင်ပြင်ဖြစ်သွားကြသည်။ ဒုက္ခများစွာ ကြုံတွေ့ကြရသည်။

မြန်မာတို့နေ့စဉ်သုံးစွဲသော စကားလုံးများသည် လှပသည်။ ကြွယ်ဝသည်။ ထိမိသည်။ အသက်ကုန်သည်ကို သေသည်၊ ဆုံးသည်၊ ကွယ်လွန်သည်၊ အနိစ္စရောက်သည်။ သေဆုံးသည်။ ကြီးမြတ်သော ပုဂ္ဂိုလ်များကိုမူ ဘဝသစ်ကူးပြောင်းသွားသည်။ သာသနာ့ဝန်ထမ်းရဟန်းများကိုမူ ဘဝနတ်ထံပျံလွန်တော်မူသည်။ မြတ်စွာဘုရားနှင့်ပတ်သက်၍မူ ပရိနိဗ္ဗာန်ပြုသည်ဟု ကြွယ်ဝစွာသုံးနှုန်းသလို၊ လူမှုရေးနယ်ပယ်တွင် ပျော်ပျော်ပါးပါးပေါ့တဲ့ ပျော်ပါးက အိတ်ထဲ၌ရှိသည့် ငွေပါးသွားသည့်သဘော၊ ရယ်ရယ်မောမော ပေါ့တဲ့ ရယ်လွန်းကမောနေမည်ကို ရှင်းရှင်းလင်းလင်းသိစေသည်။ အဖြစ်အပျက်တဲ့ ဖြစ်ပြီးရင်ပျက်မည့် သဘောဆောင်သည် စသည်ဖြင့်ရှေးလူကြီးသူမများက ခေတ်လူငယ်များအတွက် စကားလုံးများကို ချန်ထားခဲ့ကြသည်။ လက်ရှိခေတ်တွင်လည်း လူငယ်များသည် စကားလုံးအသစ်အဆန်းများကို တီထွင်နေကြဆဲဖြစ်သည်။ ကလေးကို ခေးတဲ့၊ အစ်ကိုကြီးကို ကွီးတဲ့ စသည်ဖြင့်ပေါ့ မှန်၊ မမှန်၊ တင်ကျန်၊ မကျန်ကတော့ အနာဂတ် လူငယ်များ၏ သဘောထားပေါ် မူတည်နေပါမည်။

ဝန်ထမ်းဟူသော အဓိပ္ပာယ်သတ်မှတ်ချက်များအနက် အရိုးရှင်းဆုံး သတ်မှတ်ပါက တိုင်းဝန်၊ ပြည်ဝန်ကိုထမ်းဆောင်ရသူဟု သတ်မှတ်ရကြောင်းကို မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း တွင် ဖော်ပြချက်အရ သိရှိရသည်။ လူ့သမိုင်းတင်စ ကာလများတွင် သီခြားစီ နေကြရာမှ၊ ရန်အပေါင်းကိုစုစည်းကာကွယ်နိုင်ရန် တူရာတူရာ စုစည်းနေထိုင်လာကြသည်။ ကျောက်ခေတ်တွင် မိမိတို့၏ ဝမ်းရေးအဆင်ပြေရေးအတွက် အုပ်စုကလေးများဖွဲ့၍ အမဲလိုက် ကာ အသက်ရှင်ရေးအတွက် ကြိုးစားလာကြသည်။ အုပ်ချုပ်ရေးဟူ၍ မရှိသေး ဘုံစနစ်သာ ရှိသေးသည်။ ကျောက်ခေတ်လယ်သို့ ရောက်သောအခါ တိရစ္ဆာန်များ မွေးမြူထိန်း ကျောင်းတတ်လာသည်။ မိမိတို့အုပ်စုအလိုက် ဘေးရန်မှကာကွယ်နိုင်ရန် အကာအကွယ်များ ပြုလုပ်လာကြသည်။ လူမျိုးအုပ်စုအလိုက် အကြီးအကဲများထားရှိ၍ အုပ်ချုပ်လာကြသည်။ တဖြည်းဖြည်း လူဦးရေ တိုးတက်များပြားလာကာ အုပ်စုများမှကျေးရွာ၊ ကျေးရွာမှ မြို့ပြများ၊ တိုင်းနိုင်ငံများ တည်ထောင်လာကြသည်။ ထိုအခါ ခေါင်းဆောင်တစ်ဦးတည်းဖြင့် အုပ်ချုပ်၍ မရ၊ လူအချင်းချင်းဆက်ဆံရာမှ ဖြစ်ပေါ်လာသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ခေါင်းဆောင် (သို့ မဟုတ်) အုပ်ချုပ်သူတစ်ဦးတည်းဖြင့် မဖြေရှင်းနိုင်သဖြင့် ၎င်းကို ဝိုင်းဝန်းကူညီမည့် သူများလိုအပ်လာသည်။ ထိုအခါတွင် မျှော်မြင်နိုင်စွမ်းရှိသူ၊ အသိဉာဏ်ပညာကြီးသူ၊ အတတ်ပညာ တတ်ကျွမ်းကျင်သူများကို ဆိုင်ရာဌာနများတွင် ခန့်အပ်၍ ဖြေရှင်းစေခဲ့သည်။ ထိုအခါမှစ၍ ဝန်ထမ်းသဘောသဘာဝများ စတင်လာသည်။ လစာ၊ ရိက္ခာများအဖြစ် ထိုဒေသရှိ ပြည်သူများက ထောက်ပံ့ပေးခဲ့ကြသည်။

ပြည်သူလူထု၏ အခွန်အခဖြင့် လုပ်ခလစာများကို ရရှိခံစားနေကြသူများ ဖြစ်ကြသဖြင့် ပြည်သူများ၏တာဝန်၊ တိုင်းပြည်၏တာဝန်များကို ထမ်းဆောင်နေကြသဖြင့် ဝန်ထမ်းများဟု အလွယ်ခေါ်ဆိုကြခြင်းဖြစ်သည်။ ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း ခေတ်ကာလအလိုက်၊ တိုးတက်ဖွံ့ဖြိုးမှုအလိုက် အဆင့်ဆင့် ပြောင်းလဲ ပြဋ္ဌာန်းလိုက်နာဆောင်ရွက်စေလျက် ရှိပါသည်။

ကျွန်တော်တို့သည် ဝန်ထမ်းများဖြစ်ကြသည့် အတွက် နိုင်ငံတော်မှ ထုတ်ပြန်ထားသော၊ မိမိဌာနမှ ထုတ်ပြန်ထားသော ဥပဒေ ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရပါမည်။ မိမိ လုပ်ငန်းနှင့် ပတ်သက်၍တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိရပါမည်။ အစိုးရမှချမှတ်ထား သော မူဝါဒများကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ ထိုသို့လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ရမည်မှာ ဧကန်ပင်ဖြစ်သည်။ ပွင့်လင်းမြင်သာစွာဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာသင့်ပါသည်။ ပူးပေါင်း၍ ဆောင်ရွက်သင့်သည်။ မီဒီယာနည်းလမ်းများ အသုံးပြု၍ အပျက်သဘောဆောင်သောအချက်များ ပုဂ္ဂိုလ်ရေးဆိုင်ရာ နစ်နာထိခိုက်စေသော၊ ဌာန၏ ဂုဏ်သိက္ခာထိခိုက်စေသော ကိစ္စများ ရေးသားဖော်ပြခြင်း၊ စကားများ ပြောဆိုခြင်းများကိုမူ ရှောင်ကြဉ်သင့်ပါသည်။ အားလုံးအတွက် အကျိုးမရှိ၍ ဖြစ်သည်။ ဝန်ထမ်းများ လိုက်နာသင့်သည့် တားမြစ်ချက်များ၊ တာဝန်ကို ကျေပြွန်စွာထမ်းဆောင်သဖြင့် ရရှိမည့် ခံစားခွင့်များနှင့် ပတ်သက်၍လည်း ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင် ပွင့်လင်းမြင်သာစွာ ဖော်ပြထားပါသည်။ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများကို လေ့လာကြည့်လျှင် ပြည်သူလူထု၏ စွမ်းဆောင်ရည်မြင့်မားကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မြင့်မားသော စွမ်းဆောင်ရည်များကို သရုပ်ခွဲလိုက်ပါက ထိုနိုင်ငံရှိပြည်သူနှင့် ဝန်ထမ်းများအားလုံးသည် ယေဘုယျအားဖြင့် အချက်(၃)ချက်ကို လိုက်နာကြကြောင်း ထူးခြားဖွယ် တွေ့ရှိရသည်။ ထိုအချက်(၃)ချက်မှာ ရိုးသားဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ ပေးဆပ်ခြင်းတို့ဖြစ်ကြသည်။ အဂတိတရားကင်း ရှင်းစွာဖြင့် ဆောင်ရွက်ကြမှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံရှိပြည်သူတစ်ဦးချင်းစီသည် ကိုယ်ကျိုးကို ပဓာနမထားဘဲ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရမည်။ အတ္တစိတ်များကို ဘေးဖယ်ထား၍ ဆောင်ရွက်ရမည်။ ခံစားချက်များအတိုင်း မလိုက်ပါဘဲ တည်ကြည်လေးနက်စွာဖြင့် မှန်ကန်ဖြောင့်မတ်သော ယုံကြည်ချက်များအတိုင်း လျှောက်လှမ်းကြရမည်။ မိမိ၏ မိသားစု၊ မိမိ၏နိုင်ငံအတွက် ကျရာနေရာမှ ပေးဆပ်ရန် အသင့်ရှိနေကြရမည် ဖြစ်ပါသည်။ သို့မှသာ အခြားဖွံ့ဖြိုး တိုးတက်လျက်ရှိသော နိုင်ငံများကဲ့သို့ ဖြစ်လာပေမည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများရှိ နိုင်ငံသားများ၏ စိတ်ဓာတ်ခံယူချက်အတိုင်း လိုက်နာဆောင်ရွက်ကြပါမှ တစ်နွယ်ငင်၊ တစ်စင်ပါဆိုသကဲ့သို့ နိုင်ငံသည်လည်း ခေတ်မီဖွံ့ဖြိုး တိုးတက်လာမည်ဟုဆိုလိုပါသည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး မိမိဌာန၏ နာမည်ဂုဏ်သတင်း မြင့်မားရေးတို့အတွက် ပြည်သူများနှင့် ဆက်ဆံပြောဆို၊ လုပ်ငန်းများ ဆောင်ရွက်ရာ၌ လိမ္မာပါးနပ်စွာ စကားပြောဆိုပါ။ အခက်အခဲရှိပါက သတ်မှတ်ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း အဂတိတရားကင်းရှင်းစွာဆောင်ရွက်ပါ။ ဝန်ထမ်းအချင်းချင်း ပွင့်လင်း မြင်သာစွာ ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ အဖြေရှာပါ။ မလိုလားအပ်သော အကျိုးမဲ့သည့် ကိစ္စများအား မီဒီယာနည်းလမ်းများအသုံးပြု၍ ရေးသား၊ ပြောဆိုခြင်းများကို အသိတရား လက်ကိုင်ထား၍ ဆင်ခြင်ဆောင်ရွက်ကြပါရန် စေတနာရှေ့ထားကာ တိုက်တွန်းအပ်ပါသည်။

■

---

# မြန်မာနိုင်ငံ ကြံနှင့် သကြားစက်မှုလုပ်ငန်း

# a&&Sfwnfwm;ES@cdwf;pDwufapzD

**ယခင်တစ်ပတ်မှအဆက်**

## ကြံဈေးနှုန်းမျှတစွာ ဆောင်ရွက်ခြင်း

ကြံဈေးနှုန်းမျှတစွာ ဆောင်ရွက်ခြင်းသည် စက်ရုံနှင့် တောင်သူအကြား အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ၁၀ စုနှစ်တစ်ခုကျော်ကာလအတွင်း ကြံဈေးနှုန်းမျှတစွာ သတ်မှတ်ခဲ့ပါသည်။ ယခုနှစ်ကြံရာသီ၌ စက်ရုံအရောက်ဈေးတစ်တန်လျှင် ကျပ် ၄၇၀၀၀ သတ်မှတ်ခဲ့ပါသည်။ ယခုပေးထားသော ကြံဈေးနှုန်းသည် ထိုင်းနိုင်ငံ၏ ကြံပေါက်ဈေးတစ်တန်လျှင် ဘတ် ၁၀၂၀ ညီမျှငွေကျပ် ၄၃၃၅၀ ထက် မနိမ့်သည့်အပြင် တောင်သူများအဖို့ တစ်ဧကအမြတ် တွက်ခြေကိုက်သဖြင့် လက်တွေ့တွင် တောင်သူများ ကြံကိုတိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။ နယ်စပ်ကြံစိုက်ပျိုးသူများ ကြံတစ်တန်ကျပ် ၆၀၀၀၀ ကျော်ခြင်းမှာ သယ်ယူပို့ဆောင်မှု စရိတ်မရှိသည့်အပြင် တရုတ်စက်ရုံများကို တိုက်ရိုက်ကြံပေးသွင်းနိုင်ခြင်း၊ တရုတ်နိုင်ငံ သကြားဈေးနှုန်းသည် ကမ္ဘာ့သကြားဈေးနှုန်းနှင့် မဆက်စပ်ဘဲ ကမ္ဘာ့ပေါက်ဈေးထက် (၈၀ ရာခိုင်နှုန်း) မြင့်တက်ခြင်းကြောင့် ကြံစိုက်တောင်သူများသို့ မျှတစွာ ဈေးနှုန်း ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

**DOCA (Domestic)**

## ငွေရည်ပုလဲကုမ္ပဏီအုပ်စုမှ ကြံစိုက်တောင်သူများအတွက် ပံ့ပိုးမှုအခြေအနေ

ငွေရည်ပုလဲကုမ္ပဏီအုပ်စုသည် စက်ရုံနှင့် တောင်သူ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရမည် ဟူသော မူဝါဒနှင့်အညီ ကြံစိုက်တောင်သူများအတွက် အောက်ဖော်ပြပါ ပံ့ပိုးမှုအမျိုးမျိုးအား တစိုက်မတ်မတ်နှစ်စဉ်ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါသည် -

(က) ကြံမျိုးထုတ်ပေးရာတွင် ကြံတစ်တန်ပေး တစ်တန်ပြန်ယူစနစ်ဖြင့် ထုတ်ပေးခဲ့ခြင်း။

(ခ) စက်ရုံမှ ထုတ်လုပ်သော ဇီဝမြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပလတ်စတစ်များအား အကြွေးစနစ်ဖြင့် နှစ်စဉ် ပံ့ပိုးထုတ်ပေးခြင်း။

(ဂ) နှစ်စဉ်ဇူလိုင်လတွင် ကြံကြိုတင်ရောင်းချသော တောင်သူများအား ခန့်မှန်း အထွက် တန်၏ ၃၀ ရာခိုင်နှုန်းကို သင့်တင့်မျှတသော ဈေးနှုန်းသတ်မှတ်၍ ကြိုတင်ငွေ ထုတ်ပေး ဝယ်ယူခြင်း။

(ဃ) တောင်သူများ ကြံစိုက်ထယ်ရေးပြုပြင်ချိန်တွင် စက်ရုံပိုင်ထွန်စက်များဖြင့် တစ်နာရီလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် အကြွေးထွန်ယက်ပေးပြီး ထွန်ယက်ခငွေကို စက်လည် ပတ်ချိန် ကြံပေးသွင်းသည့် အချိန်မှသာ ခုနှိမ်ဖြတ်တောက်ခြင်း။

(င) ကြံတောင်သူများက စက်ရုံသို့ တိုက်ရိုက်အရောက် သယ်ယူပေးပို့သည့် ကြံသယ်ယာဉ်များအတွက် လမ်းမောင်းဒီဇယ်ဆီကို မိုင်အကွာအဝေးအလိုက် စက်ရုံမှ စိုက်ထုတ်ပေးပြီး ကြံဖိုးငွေ ထုတ်ယူသည့်အခါမှသာ ဆီဖိုးငွေကို ခုနှိမ်ဖြတ်တောက်ခြင်း။

(စ) ၂၀၁၅-၂၀၁၆ ကြံရာသီမှစ၍ တစ်နာရီလျှင် ကြံ(၁၅)တန်ကျ ခုတ်သိမ်းနိုင်သည့် ကြံခုတ် စက်(၁)စီးဖြင့် စက်ရုံမှ ကြံတောင်သူများ၏ ကြံခုတ်လုပ်သားအခက်အခဲကို ကူညီ ဖြေရှင်းပေးခဲ့ခြင်း။

(ဆ) ကြံစိုက်တောင်သူများက စက်ရုံများသို့ ကြံသယ်ယူရာတွင် အဆင်ပြေချောမွေ့ပြီး အချိန်မီရောက်ရှိရေးအတွက် ကျေးရွာနယ်မြေများတွင် ရာသီချိန်အမီ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ တံတားများ ပြုပြင်မွမ်းမံခြင်း၊ လမ်းတံတားများပြုပြင်ရန် ကျေးရွာများသို့ ကွန်ကရစ်ပြွန်များ အခမဲ့ထုတ် ပေးခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဇ) ကြံတောင်သူ ၅၀ ရာခိုင်နှုန်းကျော်အား ကိုယ်ပိုင်ထွန်စက်၊ နောက်တွဲကုန်တင်ယာဉ်များ ပိုင်ဆိုင်ရေးအတွက် အထောက်အကူပြုပေးခြင်း။

ဆက်လက်ဖော်ပြပါမည်။

Vol: 18, No.50 Monday December 17 2018

# အာဆီယံ+၃ လူငယ်လုပ်ငန်းရှင်များနှင့် လုပ်ငန်းခေါင်းဆောင်များ နည်းပညာ အဆင့်မြင့် လယ်ယာစိုက်ပျိုးရေးအစီအစဉ် မြှင့်တင်ဖို့ ကြိုးပမ်း

တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့နှင့်အတူ အာဆီယံ ၁၀ နိုင်ငံမှ လူငယ်စီးပွားရေးလုပ်ငန်းရှင်နှင့်လုပ်ငန်းခေါင်းဆောင် ၁၆၀ တို့သည် ဒီဇင်ဘာ ၁၄ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးတွင် တွေ့ဆုံပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် ရေရှည်တည်တံ့သော အာဆီယံ အသိုက်အဝန်းတည်ဆောက်ရန်အတွက် နည်းပညာအဆင့်မြင့် အစီအစဉ်များကို ဆွေးနွေးမှုဝေခဲ့ကြကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။



ယခုနှစ်အတွက် ဆောင်ပုဒ်မှာ 'အာဆီယံ+၃ လူငယ်စီးပွားရေး လုပ်ငန်းရှင်များနှင့် တီထွင်ကြံဆမှုရှိသော လယ်ယာ စိုက်ပျိုးရေးတည်ထောင်စလုပ်ငန်းများ'ဟူ၍ ဖြစ်သည်။

ယင်း၏ ရည်ရွယ်ချက်မှာ အာဆီယံ ဒေသရှိလူငယ်များ၏ စီးပွားရေး အလားအလာများကို ဖော်ထုတ်လိုသည့်ဆန္ဒကို မြှင့်တင်ပေးရန်၊ လူငယ်စီးပွားရေး လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်ကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်ပြီး ယင်းတို့၏ကွန်ရက်ကို ချဲ့ထွင်ပေးရန်၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် အာဆီယံ ဒေသတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန်တို့ဖြစ်သည်။

အတိတ်ကာလကတည်းက အာဆီယံနိုင်ငံများအချင်းချင်း ဆက်ဆံရေးမှာဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီးဖြစ်ကြောင်း အခမ်းအနားဖွင့်ပွဲတွင် ဟိုချီမင်းကွန်မြူနစ် လူငယ်သမဂ္ဂ အတွင်းရေးမှူး ငုယင်ငေ့ါလောင်းက ပြောသည်။

"နည်းပညာအဆင့်မြင့် လယ်ယာစိုက်ပျိုးရေးမှာ တီထွင်ဖန်တီးမှုနဲ့ လုပ်ငန်းသစ်များ ထူထောင်ရေးက ကမ္ဘာနဲ့ချီဖြစ်ပေါ်နေတဲ့ လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ ဒီလမ်းကြောင်းမှာ နိုင်ငံတွေ၊ လူငယ်တွေနဲ့ဒီနယ်ပယ်မှာ အဓိကအခန်းကဏ္ဍကပါဝင်နေတဲ့ လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းဆောက်ရွက်ဖို့ လိုအပ်ပါတယ်" ဟု လောင်းက ပြောသည်။

အာဆီယံနိုင်ငံများသည် လူဦးရေတိုးတက်နှုန်း၊ ရာသီဥတုပြောင်းလဲမှုနှင့် မြို့ပြထူထောင်မှု စသည့် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရပြီး လယ်ယာစိုက်ပျိုးရေးအပါအဝင် နယ်ပယ်ပေါင်းစုံမှာ ထိခိုက်ခံနေရကြောင်း စင်ကာပူကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ တန်ဆီဂျီ ဒါရင်းက ပြောသည်။ ထို့ကြောင့် တီထွင်ဖန်တီးမှုရှိသော ထူထောင်စလုပ်ငန်းများမှာ ထိုပြဿနာဖြေရှင်းရေးသည် နမူနာပြဖြေရှင်းမှုဖြစ်ကြောင်း သူက ပြောသည်။

ယခုဖိုရမ်မှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာက လူငယ်လူသားအရင်းအမြစ်ပျိုးထောင်ရေးကို ရည်မှန်း၍ ကျင်းပသောလူငယ်ဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးက အတည်ပြုထားသော ဟန္နွိုင်းအစီအစဉ်ကိုအကောင်အထည်ဖော်ခြင်း ဖြစ်သည်။

**စံမီအောင်**

# ကုန်သွယ်ရေးအငြင်းပွားမှု အရှိန်လျော့လာသည့်အတွက် အမေရိကန်ထုတ် ကားများအား အခွန်ထပ်တိုးမည့် အစီအစဉ်ကို တရုတ်နိုင်ငံရပ်ဆိုင်း

ကမ္ဘာပေါ်တွင် စီးပွားရေးအရ အကြီးမားဆုံး နိုင်ငံကြီးနှစ်ခု ကုန်သွယ်မှုစစ်ပွဲတွင် အငြင်းပွားကြပြီးနောက် တရုတ်နိုင်ငံက ၂၀၁၉ ဇန်နဝါရီ ၁ ရက်မှစ၍ အမေ ရိကန်ထုတ် မော်တော်ကားများနှင့် မော်တော်ကား အစိတ်အပိုင်းများအား နောက်ထပ် အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို သုံးလရပ်ဆိုင်းမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်နေသော ကုန်ပစ္စည်းများကို ထပ်မံကောက်ခံထားသော အခွန်များအား ဖယ်ရှားရေး စေ့စပ်ညှိနှိုင်းမှုများကို တရုတ်နှင့် အမေရိကန်နိုင်ငံတို့က အရှိန်မြှင့်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ကြေညာချက်တွင် ဖော်ပြထားသည်။

"ကုန်သွယ်ရေးစစ်ပွဲဖြေရှင်းဖို့ အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့လမ်းကြောင်းမှန်ပေါ်ကိုရောက်လာတာ ကောင်းမွန်တဲ့ အချက်ပြတစ်ခုဖြစ်ပါတယ်။ အခုအချိန်မှာ မော်တော်ကားထုတ်လုပ်သူတွေက မော်တော်ကား အမြောက်အမြားကို တင်သွင်းနိုင်တော့မှာ ဖြစ်ပါတယ်"ဟု တရုတ်မော်တော်ကား ရောင်းဝယ်သူများ အသင်း၏ သွင်းကုန်ကော်မတီညွှန်ကြားရေးမှူး ဝမ်ကွန်းက ပြောသည်။

တယ်လ်ဆာကုမ္ပဏီမှ ထုတ်လုပ်သော Model S နှင့် Model X မော်တော်ကားများ၏ ဈေးနှုန်းကို တရုတ်နိုင်ငံတွင် လျှော့ချလိုက်ကြောင်း တရုတ်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ကြေညာချက်ထုတ်ပြန်ပြီးနောက် တယ်လ်ဆာကုမ္ပဏီကပြောသည်။

အမေရိကန်ထုတ် မော်တော်ကားများကို ၂၀၁၇ ခုနှစ်က အစီးရေ ၅၀၀၀၀ အထိတင်ပို့ခဲ့သော အမေရိကန်မော်တော်ကား ထုတ်လုပ်သူ ဖို့မော်တာကုမ္ပဏီကလည်း တရုတ်နိုင်ငံ၏ ကြေညာချက်ကို ကြိုဆိုကြောင်း ကုမ္ပဏီ၏ အမေရိကန်ယူနစ် ဥက္ကဋ္ဌ ဂျိုးဟင်းနရစ်က ပြောသည်။

သို့သော်လည်း နှစ်နိုင်ငံ မော်တော်ကား အပြန်အလှန်တင်ပို့မှုမှာ အတော်နည်းပါးသည်။ တရုတ်နိုင်ငံသည် ယခင်နှစ်က အမေရိကန်ပြည်ထောင်စုဈေးကွက် သို့ မော်တော်ကား စီးရေ ၅၃၃၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ထုတ် မော်တော်ကားစီးရေ ၂၈၀၂၀၈ ကို တင်သွင်းခဲ့ကြောင်း အစိုးရလက်အောက်ခံပညာရှင်အဖွဲ့ဖြစ်သော တရုတ်မော်တော်ကားနည်းပညာနှင့် သုတေသနဌာန(CATARC)မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

သို့သော်လည်း ယခုနှစ် ပထမ ၁၁ လ တွင် တရုတ်နိုင်ငံက မော်တော်ကားအစီးရေ ၂၅ ဒသမ၃ သန်း ထုတ်လုပ်ခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ၏ ကိန်းဂဏန်းများအရ သိရသည်။

**စံမီအောင်**

## ဂျပန်စီးပွားရေးအပေါ် ယုံကြည်မှု ပုံမှန်ဖြစ်နေသော်လည်း အလားအလာမှေးမှိန်

ဂျပန်စီးပွားရေးလုပ်ငန်းကြီးများ၏ စီးပွာရေးလုပ်ငန်းအပေါ် ယုံကြည်မှုကလွန်ခဲ့သည့် သုံးလက အခြေအနေအတိုင်း မပြောင်းမလဲရှိနေသော်လည်း ကုန်သွယ်ရေး အငြင်းပွားမှုများနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအပေါ် စိုးရိမ်မှုများက စီးပွားရေးလုပ်ငန်းများအပေါ် ယုံကြည်မှုကို ထိခိုက်စေသည့်အတွက် စီးပွားရေးရှေ့အလားအလာမှာ သုံးလပတ်သုံးကြိမ် အတွင်း ပထမဆုံးအဖြစ် ကျဆင်းခဲ့ကြောင်း ဂျပန်ဗဟိုဘဏ် စစ်တမ်းအရသိရသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

လက်ရှိဘဏ္ဍာနှစ်တွင် ဂျပန်ကုမ္ပဏီကြီးများက မတည်ရင်းနှီးငွေ အသုံးစရိတ် စီမံချက်များကို ဆက်လက်တိုးမြှင့်ထားကြကြောင်းနှင့် ယင်းအခြေအနေမှာ ပြည်တွင်း သုံးစွဲမှုအဆမတန်မြင့်တက်လာမှုက ပြည်ပတွင်ဖြစ်ပေါ်နေသော အကျပ်အတည်းများဒဏ်မှ သက်သာရာရစေခဲ့ကြောင်း ဒီဇင်ဘာအထိ သုံးလအတွက် ကောက်ယူထားသော ဂျပန်ဗဟိုဘဏ်၏ တန်ကန် tankan စစ်တမ်းတွင် ဖော်ပြသည်။

တန်ကန်စစ်တမ်းတွင်ပါဝင်သော ထိပ်တန်းကုန်ထုတ်လုပ်သူများ၏ စီးပွားရေးအပေါ် ယုံကြည်မှုမှာ+၁၉ မှတ်သို့ရောက်ရှိခဲ့ရာ ယခင်သုံးအချိန်အတိုင်း မပြောင်းမလဲရှိနေပြီး ဈေးကွက်မှ အလယ်အလတ်ခန့်မှန်းချက်ဖြစ်သော +၁၇ မှတ်ထက် ပိုမိုခဲ့ကြောင်း ဒီဇင်ဘာ ၁၄ ရက်က ထုတ်ပြန်သော စစ်တမ်းအရ သိရသည်။

ကုန်ပစ္စည်းထုတ်လုပ်သူကဏ္ဍမှမဟုတ်သောထုတ်လုပ်သူများ၏အညွှန်းကိန်းမှာစက်တင်ဘာစစ်တမ်းကာလက ၂၂ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ယခုစစ်တမ်းတွင် ၂၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည့်အတွက် ဈေးကွက်က ခန့်မှန်းထားသော ၂၁ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ရာ ယခုကဲ့သို့မြင့်တက်ခြင်းမှာ သုံးလပတ်နှစ်ပတ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**စံမီအောင်**

# (၁၃)ကြိမ်မြောက် G-20 အစည်းအဝေးပြီးနောက် တရုတ်- အမေရိကန် ကုန်သွယ်ရေး စစ်ပွဲရပ်ဆိုင်းရန် သဘောတူညီမှုရရှိ




၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ အာဂျင်တီနားနိုင်ငံ၊ ဗျူနိုဆိုင်းရပ်စ်မြို့တွင် ကျင်းပသော (၁၃) ကြိမ်မြောက် G20 အစည်းအဝေး၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြား ထိပ်သီးတွေ့ဆုံမှုပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အကောက်ခွန်များ တိုးမြှင့်ကောက်ခံမှုမပြုရေး အပါအဝင် ၎င်းတို့၏ ဆိုးရွားသော ကုန်သွယ်ရေး စစ်ပွဲကို ရပ်ဆိုင်းရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

"၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် တရုတ်သွင်းကုန်များအပေါ် ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမှုမပြုရန် သဘောတူညီခဲ့ပြီး တရုတ်သွင်းကုန်၏ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံပေါ်တွင် ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံရန် ဆက်လက်ထားရှိသွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ညီမျှမှုမရှိခြင်းကို လျှော့ချရန် အမေရိကန်နိုင်ငံမှ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ စက်မှုနှင့် အခြားပစ္စည်းများကို ဝယ်ယူရန် သဘောတူညီခဲ့ကြောင်း" အိမ်ဖြူတော်က ပြောကြားခဲ့ပါသည်။

"လယ်ယာစိုက်ပျိုးရေး၊ ဝန်ဆောင်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှု၊ အကောက်ခွန်မဟုတ်သော အတားအဆီးများ၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု ကာကွယ်ခြင်း၊ နည်းပညာဖလှယ်ခြင်းနှင့် ပတ်သက်သည့် စနစ်ပြောင်းလဲခြင်းများပေါ်တွင် ဆွေးနွေးကြပြီး စတင်လုပ်ဆောင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ပါကြောင်း" အိမ်ဖြူတော်က ပြောကြားခဲ့ပါသည်။

"ရက်ပေါင်း ၉၀ အတွင်း အပြီးသတ်ညှိနှိုင်းမှုများကို ကြိုးစားလုပ်ဆောင်သွားမည်ဟု နှစ်နိုင်ငံလုံးက သဘောတူညီ ခဲ့ကြပါသည်။ သို့သော် ညှိနှိုင်းမှုများ မပြေလည်ခဲ့လျှင် အမေရိကန်သည် တရုတ်သွင်းကုန်များအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း" ထပ်လောင်းပြောကြားခဲ့ပါသည်။

"တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုညီမျှမှုမရှိခြင်းကို တဖြည်းဖြည်း လျှော့ကျစေရန် အမေရိကန်နိုင်ငံမှ ပြည်တွင်းဈေးကွက်လိုအပ်ချက်၊ ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ထုတ်ကုန်များကို တင်သွင်းရန် ဆန္ဒရှိပါကြောင်း၊ ထပ်တိုး အကောက်ခွန်များကို အပြည့်အဝဖယ်ရှားနိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း" တရုတ်နိုင်ငံ၊ နိုင်ငံတော် ကောင်စီဝင် Wang Yi က ပြောကြားခဲ့ပါသည်။

"ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းသည်သာလျှင် အမေရိကန်နှင့် တရုတ် ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှု၏ အကျိုးရလဒ်ကို လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း" တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ပြောဆိုခဲ့ပါသည်။ "တစ်ချိန်တည်းမှာပဲ fentanyl မူးယစ်ဆေးဝါးကို ကန့်သတ် ထိန်းချုပ်ပစ္စည်းအဖြစ်ထားရှိရန်နှင့် အမေရိကန်ပြည်ထောင်စုသို့ တရုတ်ပြည်က တင်ပို့သော အဆိုပါ fentanyl မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ရာဇဝတ်ကြောင်းအရ အရေးယူပေးရန်လည်း" အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တိုက်တွန်းပြောကြားခဲ့ပြီး "ဤတွေ့ဆုံဆွေးနွေးမှုသည် အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအတွက် အကျိုးရှိသော တွေ့ဆုံမှုဖြစ်ပါကြောင်း" အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပါသည်။

**လွင်ကိုကိုမောင်(WTO)**




## တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်းသည် အာဆီယံနိုင်ငံများတွင် ဒေသဆိုင်ရာ အခြေခံအဆောက်အဦ၊ ဆက်သွယ်မှုကို တိုးမြှင့်နိုင်ကြောင်း မလေးရှားဝန်ကြီး ပြောကြား

မလေးရှားနိုင်ငံ၏ စီးပွားရေးဆိုင်ရာဝန်ကြီး Mohamed Azmin Ali က တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်းသည် အာဆီယံနိုင်ငံများတွင် အခြေခံ အဆောက်အဦနှင့် ဆက်သွယ်ရေးကွာဟမှုများတွင် ကူညီနိုင်မည့် တံတားတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ASEAN Research Institute of Malaysia's CIMB Bank နှင့် LSE IDEAS တို့၏ "ပိုးလမ်းမစီမံကိန်းနှင့် အရှေ့တောင်အာရှနိုင်ငံများ"နှင့် ပတ်သက်၍ ပူးတွဲအစီရင်ခံစာ စတင် ကြေညာမိတ်ဆက်ပွဲ၌ မလေးရှားဝန်ကြီး Azmin မှ ပိုးလမ်းမစီမံကိန်းသည် မလေးရှားနိုင်ငံအတွက် ၎င်း၏အာဆီယံ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာပေါ်ရှိကျန်ရှိသောနိုင်ငံများကို တံခါးဖွင့်စနစ် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

မလေးရှားနိုင်ငံသည် အာဆီယံနှင့်ချိတ်ဆက်ဆောင်ရွက် သည့်ပုံရိပ်ကို ပံ့ပိုးကူညီနိုင်ပြီး ကုန်သွယ်ရေးနိုင်ငံဖြစ်သည့် အားလျော်စွာ Infrastructure Connectivity သည် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လူများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန် မလေးရှားနိုင်ငံအတွက် အရေးကြီးသောအရာ ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သည့် တရုတ်နိုင်ငံ၏ မျှော်မှန်းချက်၊ ပဏာမ ရည်ရွယ်ချက်မှာ ရှေးခေတ်ပိုးလမ်းမလမ်းကြောင်းများကို ကျော်လွန်ပြီး အာရှနှင့် ဥရောပ၊ အာဖရိကတို့အား ချိတ်ဆက်ပြီး ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အဦ ကွန်ရက်တည်ဆောက်ရန်ဖြစ်သည်။ ကုန်းကြောင်းပိုးလမ်းမစီမံကိန်းနှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမစီမံကိန်းတို့ ပါဝင်ပါသည်။

၂၀၂၅ ခုနှစ်တွင် အာဆီယံ၏ လက်ရှိစုစုပေါင်း GDP အမေရိကန် ဒေါ်လာ ၁ ထရီလီယံ တိုးပွားရောက်ရှိရန် ဒစ်ဂျစ်တယ်စီးပွားရေးလိုအပ်ချက်များ လျင်လျင်မြန်မြန် တိုးပွားလာခြင်းဖြင့် ဒေသတွင်းဆက်နွယ်မှု အစီအစဉ်များအတွက် ကြိုးပမ်းဆောင်ရွက်မှုကို အရှိန်မြှင့်ဆောင်ရွက်လျက် ရှိပါသည်။

ဝန်ကြီး Azmin ၏ပြောကြားချက်အရ အာဆီယံသည် အခြေခံ အဆောက်အဦတွင် ယခင်နှစ်စဉ်အသုံးစရိတ်များအရ နှစ်စဉ်အခြေခံ အဆောက် အဦ အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံကျော် လိုအပ်နေပါသည်။ အထူးသဖြင့် မလေးရှားနိုင်ငံသားများအတွက် ရင်းနှီးငွေ၊ နည်းပညာ၊ တန်ဖိုး သတ်မှတ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကျွမ်းကျင်မှုဖလှယ်ခြင်းများ ယူဆောင်လာနိုင်သည့် တရုတ်နိုင်ငံမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်း ထပ်လောင်း ပြောကြားခဲ့ပါသည်။

၂၀၀၉ ခုနှစ်ကတည်းက တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံ ဖြစ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၄ ဘီလီယံ အထိ မြင့်တက်ခဲ့ပါသည်။

**ခြူးသီရိရွှင်**

# Digital Firms တွင် ကြော်ငြာခြင်းဖြင့် ရရှိသည့် ဝင်ငွေအပေါ် ဥရောပသမဂ္ဂမှ အခွန်ကောက်ခံမည့် ကိစ္စနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေး

ပြင်သစ်နှင့် ဂျာမနီတို့သည် Google နှင့် Facebook အပါအဝင် Digital Firms တို့တွင် ကြော်ငြာခြင်းဖြင့် ရရှိသည့်ဝင်ငွေအပေါ် ဥရောပသမဂ္ဂမှ အခွန်ကောက်ခံမည့်ကိစ္စနှင့် ပတ်သက်၍ ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

၂၀၁၉ ခုနှစ် မတ်လမှစ၍ ဥရောပသမဂ္ဂမှ Online ဝင်ငွေအပေါ် ၃ ရာခိုင်နှုန်း အခွန်ကောက်ရန် အဆိုပြုထားကြောင်း၊ ပြင်သစ်တွင် အဆိုပါဝင်ငွေအပေါ် အခွန်ကောက်ခံရန် စည်းကြပ်သွားမည်ဖြစ်ကြောင်း၊ အိုင်ယာလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ ဖင်လန် နိုင်ငံများမှ အခွန်ကောက်ခံမှုကို ဆန့်ကျင်လျက်ရှိကြောင်း၊ Franco-German အဆိုပြုချက်အသစ်တွင် ၃ ရာခိုင်နှုန်း အခွန်ကောက်ခံမည် ပါဝင်ကြောင်း၊ ထိုသို့ကောက်ခံသော်လည်း ရောင်းချရမှုပမာဏနှင့် အွန်လိုင်းဈေးကွက်နေရာကို ဖုံးလွှမ်းနိုင်မည်မဟုတ်ကြောင်း ဆိုလိုသည်မှာ ဥရောပတွင် Google နှင့် Facebook အွန်လိုင်းကြော်ငြာလုပ်ငန်းသည် ဈေးကွက်အများစု ဖြစ်နေသဖြင့် အခွန်ကောက်ပါက Apple နှင့် Amazon ကုမ္ပဏီများ အပါအဝင် အများဆုံး ထိခိုက်နစ်နာမည်ဖြစ်ကြောင်း သိရှိရပါသည်။

လာမည့်လတွင် ပထမအဆင့်အနေဖြင့် ဒစ်ဂျစ်တယ်ကုမ္ပဏီကြီးများအပေါ် အခွန်စည်းကြပ်နိုင်ခြေရှိကြောင်း ပြင်သစ်နိုင်ငံကဲ့သို့ တစ်နိုင်ငံချင်းစီတွင်လည်း အခွန်စည်းကြပ်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ OECD အဖွဲ့ဝင်များအကြား အခွန်အမြန်ကောက်ခံရန် ဥရောပ ကော်မရှင်၏ မူလအဆိုပြုချက်တွင် ပါဝင်ကြောင်း၊ သို့ရာတွင် အခွန်ကောက်ခံရန်မှာ EU 28 နိုင်ငံ၏ ထောက်ခံမှုလိုအပ်ပါကြောင်း၊ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Sources: Bangkok Post**

**ခိုင်(တာချီလိတ်)**

**SALES DIRECT CO.,LTD.**

**PREMIUM WORLDWIDE CO., LTD.**

- Logistics & Supply Chain
- Shipping Agency & Customs Valuation
- Cold Storage, Dry Storage & General Warehousing
- Consumables (F & B)
- FDA import permit
- Government licensing submission
- Occupational Health & Safety

*HQ & Distribution Hub*

209~238, Kanaung Minthar Gyi Street, Industrial Zone(2), Hlaing Thar Yar Township, Yangon, Myanmar.
+95 9 42 009 7564, +95 9 42 112 5584
fmcgmyanmar@gmail.com
www.premiumimports.co

*Mandalay Office*

No.(C-1), Corner of 71 St & 35 St, Yan Myo Lon Ward, Mahar Aung Myay Township, Mandalay, Myanmar.
+95 9 97 221 1288, +95 9 78 724 0169
fmcgmyanmar@gmail.com
www.premiumimports.co




**Member of**

**NLM MYAWADDY**
**LOGISTICS COMPANY LIMITED**

**Hot Line : 09-797-971-118,09-797-971-119,09-777-779-991**
**Email : info@nlmmwdlogistics.com**

# UNITED ELEVEN Co,.Ltd
## Car Sales and Services




**Hotline**
09257199911 / 09254800010
09777227153 / 09796577932

**Addres**
အမှတ်(20)စံရိပ်မြိုင်(8)လမ်း(2)ရပ်ကွက်၊
ကမာရွတ်မြို့နယ်

# IVECO
6 8 2



- ဥရောပနည်းပညာဖြင့် ထုတ်လုပ်ထားသော အီတလီဒီဇိုင်းဖြစ်ခြင်း။
- FPT Euro 3, CURSOR 9 အင်ဂျင်တပ်ဆင်ထားသောကြောင့် ဆီစားနှုန်းသက်သာခြင်း။
- လုံခြုံစိတ်ချမှုရှိပြီး သက်တောင့် သက်သာ မောင်းနှင်နိုင်ခြင်း။
- Spareparts များလွယ်ကူစွာ ဝယ်ယူရရှိနိုင်ပြီး ပြင်ဆင်စရိတ် သက်သာခြင်း။
- ကျွမ်းကျင်သော Service Engineer များဖြင့် ဖွဲ့စည်းထားရှိခြင်း။

အရစ်ကျစနစ်ဖြင့်
ရောင်းချပေးနေပါသည်။

**SALES HOTLINE**
09-263617334, 09-2029015

**Myanmar Synergy Co.,Ltd.**
SYNERGY **SALES & SERVICE CENTER**

- အမှတ် (I/၂)၊ မိန်းလမ်းမကြီးနှင့် အလယ်လမ်းထောင့်၊ အနော်ရထာစက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
- အမှတ် (၂၀၅)၊ ဗိုးရာဇာလမ်းနှင့် ၅၅လမ်းထောင့် ၊ စက်မှုဇုန် (၁)၊ မန္တလေးမြို့။
- အမှတ် (၀၁၁/၉၀) ယူမာ၊ ဆိုင်းတောင်ကြီးလမ်း။ ဖားကန့်မြို့။

---

บริษัท ทูบี เกรท จำกัด

# 2B GREAT Logistics (Myanmar) Company Limited

2B GREAT Company Limited

1. Transloading by Labor



4. Crane transloading



6. Hand lift transloading



2. Container LO LO transloading



3. Container Transloading



5. Fork lift transloading



Yangon Office : No.209/Room(7),40 Street, Middle Block Kyauktada Township Yangon, Myanmar.
Phone : 09-450 593 170, 09-791 852 930 E-mail logistic2bgreat.sawok@gmail.com

Myawaddy Office : No(6/7), Bo Kyar Thant Street,In front of MBM Cement Factory , Myae Ni Gone, Myawaddy
Phone : (95)09 781 778 950 E - mail : logistic2bgreat.lukar@gmail.com

Chiang Mai Office : No(91/214) MOO4 TAMBON TASALA AMPHOE MUANG , CHIANG MAI 50000 THAILAND
Phone : (+66)987 509 625 , Fax - (66)532 435 90 E - mail : logistic2bgreat@yahoo.com

COMMERCE
INTERNATIONAL

# ဒေသသုံးငွေကြေးများဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပြုရန် အိန္ဒိယ၏ အဆိုပြုချက်ကို တရုတ်ငြင်းပယ်

ကုန်သွယ်မှုလိုငွေ ပိုမိုများပြားလာခြင်းအားဖြေရှင်းရန်နှင့် ၎င်း၏ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်တို့အတွက် နှစ်နိုင်ငံသုံး ငွေကြေးများဖြစ်သည့် renminbi-rupee ဖြင့် ကုန်သွယ်မှုပြုရန် အိန္ဒိယက တရုတ်ကို အကြံပြုထားခဲ့ရာ အိန္ဒိယ၏ ယင်းအဆိုပြုချက်အား တရုတ်အနေဖြင့် လက်ခံခဲ့ခြင်းမရှိဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တရုတ်သို့ တင်ပို့သည့် အိန္ဒိယ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ ဘီလီယံသာရှိခဲ့ပြီး၊ တရုတ်ထံမှတင်သွင်းသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ ဘီလီယံခန့် ရှိခဲ့သောကြောင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆၃ ဘီလီယံထိဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၁ ဘီလီယံထက် ၁၂ ဘီလီယံ ကျော်မြင့်မားလာခဲ့ကြောင်း၊ သို့ပါ၍ နှစ်နိုင်ငံအကြားဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေပမာဏ ကျယ်ပြန့်လာခြင်းကြောင့် ဖြစ်ပေါ်နေသည့် ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် အိန္ဒိယ၏ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် နှစ်နိုင်ငံအကြား ဒေသသုံးငွေကြေးများဖြင့် ကုန်သွယ်ရန် အိန္ဒိယက တရုတ်အား အကြံပြုခဲ့ကြောင်း၊ ယင်းအဆိုပြုချက်အား ပြီးခဲ့သည့် အောက်တိုဘာလ၌ ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံ ဝန်ကြီးအဆင့်အစည်းအဝေးတစ်ခုတွင် ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ရုရှား၊ အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အပါအဝင် အခြားနိုင်ငံအချို့နှင့် ဒေသသုံးငွေကြေးများဖြင့် အပြန်အလှန် ကုန်သွယ်မှုပြုရန်ကိုလည်း အဆိုပြုခဲ့ကြောင်း၊ အိန္ဒိယသည် အဆိုပါနိုင်ငံ သုံးနိုင်ငံနှင့်လည်း ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပို့ကုန်မြှင့်တင်ရေးအတွက် ဒေသသုံးငွေကြေးဖြင့် ကုန်သွယ်မှုပြုနိုင်ရန် တိုးမြှင့်လုပ်ဆောင်သင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် တရုတ်ကဲ့သို့သော နိုင်ငံများနှင့်ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေကွာဟချက်ကို ဖြည့်ဆည်းရန် အထောက်အကူပြုနိုင်မည်ဟု Federation of Indian Export Organisations ၏ ဥက္ကဋ္ဌဖြစ်သူ Ganesh Kumar က ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယက ရူပီးနှင့် ကုန်သွယ်မှုပြုလိုသည့် နိုင်ငံအနေဖြင့် ကုန်သွယ်ရေးမညီမျှမှု မရှိသင့်ကြောင်း၊ ယင်းသည် ကုန်သွယ်မှုလိုငွေကို ဖြည့်ဆည်းပေးရာ၌ အထောက်အကူပြုလိမ့်မည်မဟုတ်ကြောင်း၊ မိတ်ဖက်နိုင်ငံအနေဖြင့် ရူပီးကို အသုံးပြု၍ အိန္ဒိယ၌ ရင်းနှီးမြှုပ်နှံမှုပြုနိုင်မည့် အခွင့်အလမ်းတစ်ရပ်ရှိသင့်သည်ဟု Jawaharlal Nehru University ၏ ပါမောက္ခဖြစ်သူ Biswajit Dhar က သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယ စက်မှုလုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် တရုတ်နှင့်ကုန်သွယ်မှုလိုငွေ တိုးလာနေသည့်ကိစ္စအား တစ်ဖန်ပြောဆိုတင်ပြလာကြပြီး တရုတ်ဈေးကွက်၌ အိန္ဒိယကုန်စည်များ ဈေးကွက်ပိုမိုရရှိရေး အစိုးရအနေဖြင့် ကြိုးပမ်းပေးရန်ကိုလည်း တောင်းဆိုထားကြောင်း၊ လတ်တလောတွင် အိန္ဒိယမှ ဆန်နှင့် သကြားများ တင်ပို့ရန်ကို တရုတ်က ခွင့်ပြုပေးခဲ့ကြောင်း၊ သို့ရာတွင် ဆေးဝါးပစ္စည်းများ၊ အင်ဂျင်နီယာလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အခြားအမယ်များစွာကိုလည်း တိုးမြှင့်တင်ပို့ရန် အိန္ဒိယက လိုလားနေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**



# အိန္ဒိယနိုင်ငံမြို့တော် ဒေလီသို့ တောင်သူလယ်သမားများချီတက်ဆန္ဒပြ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်၌ တောင်သူလယ်သမား ၃၅၀၀၀ ဝန်းကျင်ပါဝင်သည့် ဆန္ဒပြအဖွဲ့သည် အစိုးရဌာနများ ရုံးစိုက်ရာ မြို့တော်ဒေလီရှိပါလီမန်လမ်းအထိ လာရောက်စုရုံးဆန္ဒပြရန် ချီတက်လာခဲ့ရာ အဆိုပါလမ်းအနီးတွင် ရဲများက ပိတ်ဆို့ဟန့်တားထားခဲ့ကြောင်း၊ ဆန္ဒပြအဖွဲ့သည် ဒေလီသို့ နိုဝင်ဘာလ ၂၉ ရက်တွင် ရောက်ရှိခဲ့ပြီး နိုင်ငံအတွင်းရှိတောင်သူလယ်သမားများ ခံစားနေရသည့် အကျပ်အတည်းများအား အစိုးရက ဖြေရှင်းပေးရေး ဆန္ဒပြတောင်းဆိုရန်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယ၌ ပြီးခဲ့သည့် လများအတွင်းကလည်း သီးနှံများဈေးကောင်းရရှိရေး၊ စိုက်ပျိုးရေးချေးငွေများ သက်သာခွင့်ရရှိရေး စသည့်အချက်များကို တောင်းဆိုလျက် တောင်သူလယ်သမား ချီတက်စုရုံးဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ပြီး၊ အင်အားအများဆုံးဖြစ်ခဲ့ကြောင်း၊ ဆန္ဒပြအဖွဲ့တွင် Andhra Pradesh၊ Gujarat၊ Madhya Pradesh၊ Maharashtra၊ Tamil Nadu၊ West Bengal နှင့် Uttar Pradesh ပြည်နယ်တို့အပါအဝင် နိုင်ငံအနှံ့အပြားမှ တောင်သူလယ်သမားများ ပါဝင်ကြောင်း၊ အဆိုပါအဖွဲ့ကို All India Kisan Sangharsh Coordination Committe က ဦးဆောင်ခဲ့ကြောင်း ယင်းကော်မတီအား တောင်သူလယ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းပေါင်း ၂၀၇ ခုကျော်က ထောက်ခံမှုရရှိထားသည်ဟု ဆိုထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

## ၂၀၁၉ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် Quota သတ်မှတ်ချက်ထုတ်ပြန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီသည် နှစ်စဉ်တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန် တင်သွင်းမှု Quota သတ်မှတ်ချက်ကို ထုတ်ပြန်ပေးလျက်ရှိရာ လာမည့် ၂၀၁၉ ခုနှစ်အတွက် လယ်ယာထွက်ကုန် တင်သွင်းမှု Quota သတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | အမျိုးအစား | ပမာဏ(တန်ချိန်) | အစိုးရ | ပုဂ္ဂလိက |
|---|---|---|---|---|
| (က) | ဂျုံ | ၉၆၃. ၆ သောင်း | ၉၀% | ၁၀% |
| (ခ) | ပြောင်း | ၇၂၀. ၀ သောင်း | ၆၀% | ၄၀% |
| (ဂ) | ဆန် | ၅၃၂. ၀ သောင်း | ၅၀% | ၅၀% |

၂၀၁၉ ခုနှစ်အတွက် လယ်ယာထွက်ကုန်တင်သွင်းလိုသည့် ပုဂ္ဂလိကကုမ္ပဏီများသည် ၂၀၁၈ ခုနှစ်၊ (၁၀) လပိုင်း (၁) ရက်နေ့မတိုင်မီ ဈေးကွက်စီမံခန့်ခွဲရေးဌာနသို့ လျှောက်ထားရန်နှင့် ယမန်နှစ်များမှ တင်သွင်းဖူးကြောင်းနှင့် အကောက်အခွန်၊ FDA၊ သွင်းကုန်ရှင်းလင်းချက် အထောက်အထားများဖြင့် တစ်ပါတည်းတင်ပြရန် ကြေညာချက် ထုတ်ပြန်ထားပါကြောင်း သတင်းရရှိပါသည်။ **MOC(IR)**

Waste Less,Save More
အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့
အမှိုက်လျှော့ချကြပါစို့။

# အင်ဒိုပစိဖိတ်မဟာဗျူဟာများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Indo-Indonesian biz Forum ကို Andaman ကျွန်း၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်

အိန္ဒိယသမုဒ္ဒရာအပါအဝင် အင်ဒိုပစိဖိတ်ဒေသတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့မည့် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ နှစ်နိုင်ငံမူဝါဒ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပထမဆုံးအကြိမ်မြောက် India Indonesia Business Forum (IIBF) ကို Andaman and Nicobar Islands ရှိ ပို့ဘလဲ၌ ကျင်းပမည်ဖြစ်ကြောင်း ET သတင်းစာမျက်စာ၌ ဖော်ပြထားပါသည်။

ယင်းဖိုရမ်၏ အဓိကရည်ရွယ်ချက်မှာ အိန္ဒိယနိုင်ငံရှိ အက်ဒမန်၊ နီကိုဘားကျွန်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဆူမတ်တြားပြည်နယ်မြောက်ပိုင်း၊ Aceh ပြည်နယ်တို့အကြား စီးပွားရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်သွယ် ချိတ်ဆက်မှု အဆင်ပြေချောမွေ့စေရန်ဖြစ်ကြောင်း၊ ၎င်းဖိုရမ် သို့ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ကာ အင်ဒိုနီးရှားနိုင်ငံမှ ပြည်နယ်နှင့် ဒေသတွင်းလုပ်ငန်းရှင်များ၊ သင်္ဘောလိုင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများ၊ ပညာရှင်များ၊ မီဒီယာများနှင့် Chamber of Commerce of Aceh မှ အဖွဲ့ဝင်ပေါင်း ၃၀ ကျော်တက်ရောက်မည်ဖြစ်ကြောင်း၊ အိန္ဒိယဘက်မှ Amdaman Chamber of Commerce အဖွဲ့ဝင်များနှင့် အက်ဒမန်နှင့် နီကိုဘားကျွန်းအစိုးရ တာဝန်ရှိသူများလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**